# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၀၅၉)


# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ ပထမဆုံး သမိုင်းဝင် ချစ်ကြည်ရေးခရီးရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး အဖြစ် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင်၊ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြသံအမတ်ကြီး ဆရာတော် ပေါလ်ချန်းအင်နမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

*စာမျက်နှာ ၉ ကော်လံ ၁* ✪




**ချစ်ကြည်ရေးခရီး ရောက်ရှိ**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိလာစဉ်။

သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ပြည်သူလူထုဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေချင်တယ်၊ ငြိမ်းချမ်းမှုလည်း တိုးတက်နိုင်မယ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

(၆)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ JICM ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “မကြာခင်က UPDJC အစည်းအဝေးကို လုပ်ခဲ့ပါတယ်၊ ဒီလို အဖွဲ့အစည်းတွေကလည်း နာမည်အမျိုးမျိုးပါပဲ၊ JICM, UPDJC, JMC, NCA စသဖြင့် ရှိပါတယ်၊ ဒါတောင်မှ နိုင်ငံရေးပါတီတွေရဲ့ နာမည်တွေ မပါသေးဘူး။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

> **“နိုင်ငံတော်၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ရာမှာ ငြိမ်းချမ်းစွာဖြင့် နိုင်ငံရေးစားပွဲဝိုင်းကြီးတွေမှာ မတူညီတာတွေကို ချန်လှပ်ပြီး တူညီတာတွေကို ပေါင်းစည်းဆောင်ရွက်ရာမှာ အပြန်အလှန်ယုံကြည်မှု ပူးပေါင်းပါဝင်ဆောင်ရွက်”**




မြန်မာ့အလင်း

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မြန်မာနိုင်ငံခရီးစဉ်

ကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံ၌ ဂုဏ်ထူး ဝိသေသအပေါင်းနှင့် ခညောင်းပြည့်စုံနေပါသည်။ ဤကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံသည် တခြားကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရန်ပင် မလိုအပ်သည်အထိ သေးငယ်သော လူဦးရေပမာဏ ရှိပါသည်။ ဤကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံ၏ လူဦးရေသည် တစ်ထောင်ဝန်းကျင်သာ ရှိပါသည်။ ဤကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သော်လည်း သာမန်အချုပ်အခြာအာဏာပိုင်နိုင်ငံမျိုး မဟုတ်ပါ။ သာသနာတော်ကို ကိုယ်စားပြုသော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါသည်။ ရိုမန်ကက်သလစ် သာသနာတော်ကို ကိုယ်စားပြုသော ဤကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံကို ဗာတီကန်မြို့တော်နိုင်ငံတော်ဟု ခေါ်ဝေါ်ပါသည်။ ဗာတီကန်မြို့တော် နိုင်ငံတော်၏ နယ်မြေအကျယ်အဝန်းသည် ဧက ၁၁၀ ဝန်းကျင်သာ ရှိပါသည်။ ဗာတီကန်မြို့တော် နိုင်ငံတော်သည် အီတလီနိုင်ငံ၏ နယ်မြေအတွင်း၌ ရှိသော်လည်း ၁၉၂၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ ချုပ်ဆိုခဲ့သောစာချုပ် **(A Treaty of Conciliation)** အရ သာသနာကိုယ်စားပြု အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပါသည်။ ဗာတီကန်မြို့တော်နိုင်ငံတော်သည် ကမ္ဘာ့အသေးငယ်ဆုံး နိုင်ငံတော်ဖြစ်သော်လည်း ကမ္ဘာပေါ်ရှိ ရိုမန်ကက်သလစ်ဘာသာဝင် ၁ ဒသမ ၂ ဘီလီယံကို ကိုယ်စားပြုသော သာသနာတော်နိုင်ငံဖြစ်ပါသည်။

ဗာတီကန်မြို့တော်နိုင်ငံတော်၏ အကြီးအကဲသည် ပုပ်ရဟန်းမင်းကြီးဖြစ်ပါသည်။ လက်ရှိပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ရိုမန်ကက်သလစ် သာသနာတော်၏ ၂၆၆ ယောက်မြောက် ပုပ်ရဟန်းမင်းကြီးဖြစ်ပါသည်။ ယခုအခါ ရိုမန်ကက်သလစ်သာသနာတော်ကို ကိုယ်စားပြုသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် မြန်မာနိုင်ငံသို့ လေးရက်ကြာ လာရောက်လည်ပတ်လျက်ရှိပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုဂုဏ်ပြုခြင်းကို ခံယူ၍ နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံမည်ဖြစ်ပါသည်။ ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ပါသည်။ ထို့အပြင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် လူမှုအဖွဲ့အစည်း ခေါင်းဆောင်တို့အား **MICC-II** တွင် မိန့်ခွန်းပြောကြားသွားမည် ဖြစ်ပါသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ရိုမန်ကက်သလစ်ဘာသာဝင်များနှင့် အတူတကွဝတ်ပြုဆုတောင်းခြင်းကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းအတွင်း၌ ပြုလုပ်သွားမည် ဖြစ်သကဲ့သို့ကမ္ဘာအေးရှိနိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများထံ ချစ်ကြည်ရေး အလည်အပတ်လည်း သွားရောက်မည်ဖြစ်ပါသည်။ ပုပ်ရဟန်းမင်းကြီးဖရန်စစ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်လည်း တွေ့ဆုံရန်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာပေါ်ရှိ ရိုမန်ကက်သလစ်ဘာသာဝင် ၁ ဒသမ ၂ ဘီလီယံကို ကိုယ်စားပြုသော ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ခရီးစဉ်သည် မြန်မာနိုင်ငံရှိ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်နှင့် ကက်သလစ်ဆရာတော်များ အပါအဝင် ကက်သလစ်ဘာသာဝင်များအား တွေ့ဆုံခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ချစ်ကြည်ရေး အလည်အပတ်လာရောက်ခြင်းလည်း ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် နိုင်ငံကိုယ်စားပြု ပုဂ္ဂိုလ်အဖွဲ့အစည်းတို့အား လာရောက်တွေ့ဆုံခြင်းလည်း ဖြစ်ပါသည်။ အလေးအနက်သုံးသပ်ပါက ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မြန်မာနိုင်ငံခရီးစဉ်သည် နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ပြည်သူတိုင်း လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိသည်ဟူသော မူဝါဒကို တစ်နည်းတစ်ဖုံ အသိအမှတ်ပြုခြင်းဖြစ်သည်ဟု ယူဆမိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့


လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု ရုစ်မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ


## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တက္ကသိုလ်၌ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကျင်းပနေစဉ်အတွင်း အမှိုက်နှင့် သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းနှင့် အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်မီးမပြတ်တောက်စေရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်နှင့် လူငယ်များကို အစီအစဉ်များ ကြိုတင် မှာကြားထားရန် ပြောကြားခဲ့သည်။

ထို့နောက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ဌာနဆိုင်ရာများက ဌာနအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။

ပွဲတော်ကျင်းပရန်အတွက် နိုဝင်ဘာ ၃၀ရက်တွင် ဝတ်စုံပြည့် အစမ်းလေ့ကျင့်မည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | .၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ | .၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ | .၃ |
| ထိုင်း | တစ်ဘတ် | ၄၁ | .၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | .၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | .၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ | .၈ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



(၆) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုတာကို မျက်ခြည်မပြတ်ရှိဖို့လို

❖ *ရွှေဖုံးမှ*

**အခက်အခဲတွေ ကျော်လွှားဖို့ရှိ**

"ဒီလိုအဖွဲ့အစည်းအမျိုးမျိုး၊ နာမည်အမျိုးမျိုးနဲ့ ရှိပေမယ့် အားလုံးတူညီတာကတော့ အားလုံးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထူထောင်ထားတယ်လို့ နားလည်ပါတယ်၊ NRPC ဆိုတာလည်း ငြိမ်းချမ်းရေးအတွက်ပါပဲ၊ ထိုနည်းလည်းကောင်းပဲ JICM ဆိုတာလည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီဖို့၊ ဖေးမဖို့ ဆိုပြီးတော့ ထူထောင်ထားတာ ဖြစ်ပါတယ်၊ ဒီတော့ ကျွန်မတို့အားလုံးဟာ ဒီစိတ်ဓာတ်နဲ့ပဲ ဆက်ပြီးတော့ အစည်းအဝေးကို ကျင်းပဖို့လိုပါတယ်၊ ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ လွယ်မယ့်ဖြစ်စဉ်လို့လည်း မသတ်မှတ်ခဲ့ပါဘူး၊ အထစ်အငေါ့တွေလည်း ရှိပါတယ်၊ အခက်အခဲတွေလည်း ကျော်လွှားဖို့ရှိခဲ့ပါတယ်၊ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းဖို့ဆိုတာ လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။

"လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ စစ်မြေပြင်မှာ လိုအပ်တာက ရုပ်ပိုင်းဆိုင်ရာသတ္တိပဲဆိုတာ လူတိုင်းသိကြပါတယ်၊ ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ် အစည်းအဝေးတွေမှာ လိုအပ်တာကတော့ စိတ်ပိုင်းဆိုင်ရာသတ္တိပဲ ဖြစ်ပါတယ်၊ တိုတိုပြောရမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာသတ္တိဆိုတာ ရန်သူကို ရင်ဆိုင်ရဲတဲ့ သတ္တိဖြစ်ပါတယ်၊ စိတ်ပိုင်းဆိုင်ရာသတ္တိဆိုတာ ကိုယ့်ကိုယ်ကိုယ် ရင်ဆိုင်ရဲတဲ့ သတ္တိပဲဖြစ်ပါတယ်၊ ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးအတွက် လိုအပ်တဲ့၊ မှန်ကန်တဲ့အဖြေကို ရှာရဲတဲ့သတ္တိ ရှိရပါမယ်၊ ဒီအဖြေတွေကို ရနိုင်၊ မရနိုင်ဆိုတာ မှန်မှန်ကန်ကန် သုံးသပ်နိုင်ရပါမယ်။

**အလျှော့အတင်းလုပ်ဖို့လို**

"ဒါကြောင့် အလျှော့အတင်းလုပ်တာဟာ အင်မတန်မှ အရေးကြီးပါတယ်၊ ရင်ဆိုင်ရဲတဲ့သတ္တိဆိုတာ အမှန်တရားကို ရင်ဆိုင်ရဲတဲ့သတ္တိပါသလို၊ လိုအပ်တဲ့နေရာမှာ အလျှော့အတင်း လုပ်ဖို့၊ အဆင်သင့်ဖြစ်ဖို့ လိုပါတယ်၊ ချက်ချင်းလက်ငင်း အဖြေတွေ ရှာလို့မရသေးဘူးဆိုရင်လည်း ရှာလို့မရသေးဘူး ဆိုတာကို သေသေချာချာ ရင်ဆိုင်ပြီးတော့ အဖြေရအောင် ရှာရမှာပါ။

"ကျွန်မတို့ တကယ်ပဲ ဆန္ဒရှိတယ်ဆိုရင် ဘာမဆို မလုပ်နိုင်စရာ အကြောင်းမရှိပါဘူး၊ ကျွန်မတို့ အခု အခန်းထဲမှာ ထိုင်နေတဲ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံးဟာ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်လို့ ယုံကြည်ပါတယ်၊ ငြိမ်းချမ်းရေးကို တခြားလူတွေ လိုချင်တာ မလိုချင်တာထက် အလိုချင်ဆုံးကတော့ ကျွန်မတို့ ပြည်သူလူထုပါပဲ၊ ပြည်သူလူထုဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေချင်တယ်၊ ငြိမ်းချမ်းမှလည်း တိုးတက်နိုင်မယ်၊ တိုးတက်မှလည်း ဖွံ့ဖြိုးနိုင်မယ်ဆိုတာ အားလုံးသဘောပေါက်ကြပါတယ်၊ ကျွန်မတို့ ပြည်သူတွေရဲ့ မျက်နှာကိုကြည့်ပြီးတော့ ငြိမ်းချမ်းရေးရအောင် အတတ်နိုင်ဆုံး ကြိုးစားရမှာက ဒီအခန်းထဲမှာ ထိုင်နေတဲ့ အစည်းအဝေး တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေရဲ့ တာဝန်ဖြစ်ပါတယ်၊ တာဝန်ဟာ ကြီးမားသလို ခက်ခဲပါတယ်၊ ကြီးမားခက်ခဲလို့ ကျေပွန်စွာ မထမ်းဆောင်နိုင်ဘူးရယ်လို့လည်း မဟုတ်ပါဘူး၊ ကြီးမားလေလေ၊ ခက်ခဲလေလေ ပိုပြီးတော့ ဝီရိယစိုက်ထုတ်ရလေလေလို့ ဒီလိုပဲ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

**အားလုံးဝိုင်းဝန်းဆွေးနွေး**

"ကျွန်မတို့ အခု ဒီအစည်းအဝေးကို ကျင်းပတဲ့နေရာမှာ အဓိက မျက်ခြည်မပြတ်ရမှာကတော့ ပြည်သူရဲ့ မျက်နှာပါပဲ၊ ငြိမ်းချမ်းရေးကို လွတ်လပ်ရေးရစဉ်ကစပြီးတော့ လိုလားတောင့်တနေကြတဲ့ ပြည်သူလူထုရဲ့ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်မတို့ ဒီအစည်းအဝေးမှာ ဖြေရှင်းစရာရှိရင် ဖြေရှင်းမယ်၊ တိုင်ပင်ပြီးတော့ ဆက်ပြီးတော့ နောက်တစ်လှမ်းတက်စရာရှိရင် တက်လှမ်းမယ်၊ နောက်နှစ်လှမ်းတက်စရာရှိရင် တက်မယ်၊ နောင်အတွက်လည်း ကျွန်မတို့ ပိုပြီးတော့ ကောင်းမွန်တဲ့၊ ချောမွေ့တဲ့လမ်းကို ခင်းသွားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အားလုံးဝိုင်းဝန်းပြီးတော့ ဆွေးနွေးပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်"ဟု ပြောကြားသည်။

**အပြန်အလှန်ယုံကြည်**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "(၆)ကြိမ်မြောက် JICM အစည်းအဝေးကို တက်ရောက်လာကြတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများနဲ့ NCA လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါကြောင်းနှင့် နိုင်ငံတော်၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနဲ့အညီ တည်ဆောက်ရာမှာ ငြိမ်းချမ်းစွာဖြင့် နိုင်ငံရေးစားပွဲဝိုင်းကြီးတွေမှာ မတူညီတာတွေကို ချန်လှပ်ပြီး တူညီတာတွေကို ပေါင်းစည်းဆောင်ရွက်ရာမှာ အပြန်အလှန်ယုံကြည်မှု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

"ဒီနေ့ ဒီမိုကရေစီအစိုးရ ဒုတိယ ငါးနှစ်သက်တမ်းအတွင်း ဒုတိယအကြိမ်မြောက် ကျင်းပခဲ့တဲ့ JICM အစည်းအဝေးမှာ သက်ဆိုင်ရာ ခေါင်းဆောင်အသီးသီး စုံလင်စွာတက်ရောက်လာကြတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်းနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားလိုပါတယ်။

**အရေးကြီးတဲ့ အဖွဲ့အစည်းဖြစ်**

"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ရာမှာ JICM ရဲ့ အခန်းကဏ္ဍဟာလည်း အဓိက မောင်းနှင်အားတစ်ခုပဲဖြစ်ပါတယ်၊ UPDJC လုပ်ငန်းကော်မတီများရဲ့အသေးစိတ် ဆွေးနွေးအဖြေရှာမှုအပေါ် အတွင်းရေးမှူးအဖွဲ့မှ တစ်ဆင့် UPDJC မှာ သဘောတူဆုံးဖြတ်ပြီး အချက်များရှိမှာ ဖြစ်သလိုပဲ သဘောထားကွဲပြားမှုများ ရှိလာရင်လည်း အခုလို JICM မှာ ခေါင်းဆောင်အသီးသီးက စုပေါင်းဆွေးနွေးအဖြေရှာပြီး အဖြေထုတ်ကြရမှာဖြစ်တဲ့အတွက် JICM အစည်းအဝေးဟာ အလွန်အရေးကြီးတဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ ဆိုလိုခြင်းလည်း ဖြစ်ပါတယ်။

"ဒီနေ့အစည်းအဝေး အစီအစဉ်အမှတ်စဉ် (၅)၊ (၆)၊ (၇)၊ (၈)၊(၉)နဲ့ (၁၀)ပါ အချက်များဟာ JMC, UPDJC တို့ ဆွေးနွေးရေးဆွဲမှုမှတစ်ဆင့် ရရှိလာတဲ့အချက်များကို အတည်ပြုနိုင်ရေး ဆွေးနွေးကြဖို့လည်း လိုအပ်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်၊ ဒီလို ဆွေးနွေးအတည်ပြုရာမှာ ပုထုဇဉ်လူသားများတဲ့အတွက် မိမိရဲ့ လိုအင်ဆန္ဒအသီးသီးကို အလွန်အကျွံရှေ့တန်းမတင်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ပကတိလိုအပ်ချက်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ရာသက်ပန်စောင့်ထိန်းလိုစိတ်၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မြဲမြဲနှင့် ရာသက်ပန်စောင့်ထိန်းလိုစိတ်များကို အခြေခံပြီး ဆွေးနွေးအတည်ပြုနိုင်ရေးကိုလည်း ပြောကြားလိုပါတယ်။

**ဆက်လက်လုပ်ဆောင်ဆွေးနွေး**

"ဒီလို ဆွေးနွေးအတည်ပြုရာမှာလည်း အပြန်အလှန်ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားကြရမှာ ဖြစ်ပါတယ်၊ ဒီနေရာမှာ သတိထားရမယ့် အချက်တစ်ချက်ကတော့ JMC၊ UPDJC၊ JICM စသည်တို့ဟာ NCA စာချုပ်ရဲ့ နောက်ဆက်တွဲ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဖွဲ့စည်းတာဖြစ်တာကြောင့်၊ အခြေခံအားဖြင့် ထာဝရငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး ဦးတည်ချက်ကို မျက်ခြည်ပြတ်မခံဘဲ လုပ်သင့်လုပ်ထိုက်တာ၊ ဆွေးနွေးအဖြေရှာထိုက်တာတွေကို ဆက်လက်လုပ်ဆောင် ဆွေးနွေးကြဖို့လည်း လိုအပ်ပါတယ်။

**မျက်ခြည်မပြတ် သတိရှိဖို့လို**

"တစ်နည်းအားဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုတာကို မျက်ခြည်မပြတ် ရှိဖို့လည်းပဲ သတိရှိဖို့လိုပါတယ်။

**စောင့်ထိန်းလိုက်နာကြဖို့လို**

"ငြိမ်းချမ်းရေးကို တည်ဆောက်ချိန်အတွင်း ကြားကာလများမှာ နားလည်မှုလွဲမှားစေနိုင်တဲ့ ကိစ္စရပ်တွေ ရှေ့တန်းတင်ခြင်း၊ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွေကို ဝင်ရောက်စွက်ဖက်ခြင်း၊ ကျော်လွန်လုပ်ဆောင်ခြင်း စတဲ့ ရှောင်ရန်အချက်များကိုလည်း လက်အောက်မှ တပ်ဖွဲ့ဝင်များအထိ စောင့်ထိန်းလိုက်နာကြဖို့ကိုလည်း လမ်းညွှန်ပေးကြဖို့ အထူးပဲလိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။

**တက်ကြွစွာစည်းရုံးဆွေးနွေး**

"ဒါ့အပြင် NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး၊ ကြိုတင်ကန့်သတ်ချက်မထားဘဲ ဆွေးနွေးအဖြေရှာပြီးမှ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးကိုလည်း NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးပြဿနာကို စစ်ရေးနည်းနဲ့မဖြေရှင်းဘဲ နိုင်ငံရေး နည်းလမ်းနဲ့ ဖြေရှင်းမယ့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် ဆောင်ရွက်ရာမှာ ဒီလို နိုင်ငံရေးစားပွဲဝိုင်းတွေဆီ တက်ကြွစွာပါဝင်လာရေး၊ ကျွန်တော်တို့ JICM၊ UPDJC၊ JMC အဖွဲ့ဝင်များအားလုံးကလည်း တက်ကြွစွာစည်းရုံးဆွေးနွေးပြီး ပါဝင်လက်တွဲလာနိုင်အောင် ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

**တက်ကြွစွာပူးပေါင်းပါဝင်**

"ကျွန်တော်တို့ တပ်မတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရသူများပီပီ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာမှာရော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့ အညီ တည်ဆောက်ရာမှာပါ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် ငြိမ်းချမ်းရေးမူ (၆)ရပ်နဲ့အညီ ခိုင်မာစွာရပ်တည်ပြီး နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အကောင်အထည်ဖော်မှုတွေမှာ တက်ကြွစွာပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်"ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့-PPST အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးက "ကြွရောက်လာကြတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့များ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်မှ အရာရှိများ၊ NRPC ငြိမ်းချမ်းရေးကော်မရှင်မှ ခေါင်းဆောင်များ၊ JICM ကိုယ်စားလှယ် EAOမှ ခေါင်းဆောင်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ နည်းပညာအထောက်အကူနှင့် ဝန်ထမ်းများအားလုံးကို ရှေးဦးစွာ ကျန်းမာကြစေလိုကြောင်း EAO များကိုယ်စား ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆)ကြိမ်မြောက်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

"အခုလို ကျွန်တော်တို့ EAO (၈)ဖွဲ့ကိုယ်စား တောင်းဆိုတင်သွင်းထားတဲ့ JICM ကို ခေါ်ယူကျင်းပပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်၊ ဒါကြောင့်လည်း မူလက သဘောတူထားတဲ့အတိုင်း ယနေ့မှစပြီး သုံးလတစ်ကြိမ် ပုံမှန်ခေါ်ယူကျင်းပသွားလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်၊ ပုံမှန် သုံးလ တစ်ကြိမ်ပြီးရင် အရေးပေါ်လိုအပ်ပါကလည်း ကျွန်တော်တို့ ဒီလိုတွေ့ဆုံပွဲကို ခေါ်ယူဖို့လိုပါတယ်။

**ညှိနှိုင်းသုံးသပ်မှုတွေလုပ်ဖို့လို**

"ပထမဦးဆုံးအနေနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေခံတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးအကောင်အထည်ဖော်မှုတွေ လအနည်းငယ် ဆိုင်းငံ့သွားတာနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောချင်ပါတယ်၊ တကယ်တော့ ကျွန်တော်တို့ EAO (၈)ဖွဲ့ကြားမှာ ပြုလုပ်ပြီးတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး အကြိမ်ကြိမ် ညှိနှိုင်းသုံးသပ်မှုတွေလုပ်ဖို့ အမှန်တကယ် လိုအပ်တဲ့အတွက် လုပ်ခဲ့တာတွေ အများကြီးရှိပါတယ်။

**အမျိုးသားရင်ကြားစေ့ရေးဦးတည်**

"နိုင်ငံတော်အစိုးရနဲ့ ဆွေးနွေးမှုတွေ ဆိုင်းငံ့သွားခဲ့တယ်ဆိုပေမယ့် ကျွန်တော်တို့ အချင်းချင်းကြားထဲမှာတော့ စဉ်ဆက်မပြတ် ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုတာ NCA ကိုအခြေခံပြီး တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုကနေတစ်ဆင့် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ဖြစ်တယ်၊ ဒါပေမယ့် အမျိုးသားရင်ကြားစေ့ရေးကိစ္စကိုတော့ မေ့ထားလို့မရပါဘူး၊ အမျိုးသားရင်ကြားစေ့ရေးဆိုတာ ကွဲပြား



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

နေတဲ့ လူမှုအဖွဲ့အစည်းတွေကြားမှာ မတူတဲ့ အယူအဆခံယူချက်တွေကို အချင်းချင်း အပြန်အလှန် နားထောင်ပေးခြင်း၊ ညှိနှိုင်းခြင်း၊ ဘုံရည်မှန်းချက်အတွက် အဖြေရှာခြင်းဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အမျိုးသားရင်ကြားစေ့ရေးက အရေးကြီးပါတယ်၊ ဒါကြောင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်နေခြင်းကလည်း အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တာပဲ ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးအမွေပဲဖြစ်**

"ဒါ့အပြင် တရားဝင်အစည်းအဝေးတွေ မတိုင်ခင် အလွတ်သဘောအနေနဲ့ ကြိုတင်တွေ့ဆုံညှိနှိုင်းခြင်း အစီအစဉ်တွေကို ဖန်တီးပေးခြင်းကလည်း အလွန်အရေးကြီးပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ အဓိကကျတဲ့ Stakeholder အားလုံးကြားထဲမှာ သဟဇာတဖြစ်တဲ့ အနာဂတ်တိုင်းပြည်ကို တည်ဆောက်ဖို့ဆိုရင် အားလုံးလက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ်အခြေခံမှုတွေကို အုတ်မြစ်ချကြဖို့ လိုပါတယ်၊ လက်တွေ့အကောင်အထည်ဖော်ဖို့လည်းလိုအပ်ပါတယ်၊ ဒါဟာ ကျွန်တော်တို့ မျိုးဆက်သစ်အတွက် ချန်ရစ်ခဲ့တဲ့ ငြိမ်းချမ်းရေးအမွေပဲ ဖြစ်ပါတယ်။

**ကျေကျေလည်လည်ညှိနှိုင်း**

"အားလုံးရည်မှန်းထားတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို မြန်မြန်သွားနိုင်တာ ကောင်းတယ်ဆိုပေမယ့်လည်း အယူအဆမတူမှုတွေကြားမှာတော့ အချိန်ယူပြီး ကျေကျေလည်လည် ညှိနှိုင်းတဲ့ အခင်းအကျင်းနဲ့ သွားသင့်ပါတယ်၊ ဒါကြောင့်မို့ ဆွေးနွေးပွဲတွေမှာ ဒီအခြေခံနဲ့ သွားကြဖို့ တိုက်တွန်းလိုပါတယ်၊ နောက်တစ်ခုက လုပ်ငန်းစဉ်တွေကို ပတ်ဝန်းကျင်တာဝန်ခံမှုတွေကလည်း အရေးကြီးပါတယ်၊ နောက်ဆုံးအနေနဲ့ ပြောချင်တာက အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပြုလုပ်ဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

**အထွေထွေကိစ္စရပ်များဆွေးနွေး**

ထို့နောက် တက်ရောက်လာသူများက အစည်းအဝေးကျင်းပမည့် အစီအစဉ်များ အတည်ပြုခြင်းနှင့် NCA အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့အစည်းအဝေး အစီရင်ခံစာတင်ပြခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC မှ ရေးဆွဲထားသော ToR နှင့် SOP များ တင်ပြခြင်း၊ အတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ National Dialogue ဆိုင်ရာကိစ္စများ ဆွေးနွေးခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ကြသည်။

**ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်**

ဆွေးနွေးမှုများအပြီးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ PPST အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "(၆)ကြိမ်မြောက် JICM အစည်းအဝေးကို အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဆက်ပြီးဆွေးနွေးမှုတွေမှာ နှစ်ဖက်ထိလွယ်ရှလွယ်တဲ့ ကိစ္စတွေကို ကျွန်တော်တို့အားလုံး နားလည်မှု၊ ခံယူမှု၊ သဘောထားကြီးမှုတွေနဲ့ ကျော်လွှားနိုင်တဲ့ စိတ်ဓာတ်ထားရှိဖို့ လိုပါတယ်၊ နောက်ဆုံးအချက်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို အတူတကွ တည်ဆောက်ကြပါ"ဟု ပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "ဒီကနေ့ဆွေးနွေးတဲ့အချိန်မှာ ကောင်းတဲ့ရလဒ်တွေရှိသလို ဆက်လက်ပြီး



ကရင်အမျိုးသား အစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး

ဆွေးနွေးရမယ့် အချက်တွေလည်း ရှိပါတယ်၊ ဒီနေရာမှာ ကျွန်တော်တို့ တပ်မတော်ပိုင်းအနေနဲ့က ဒီ ToR၊ SOP တွေက ထာဝရငြိမ်းချမ်းရေးမရမချင်း သွားနေရမယ့် လုပ်ငန်းစဉ်တွေဖြစ်တဲ့အတွက် UPDJC မှာ ဆွေးနွေးတာတွေရော၊ JICM မှာ ဆွေးနွေးတာတွေရော၊ အရင်နေ့တွေကပါ ကျွန်တော်ဦးစီးပြီး ရှိတဲ့ဗိုလ်ချုပ်ကြီးတွေနဲ့ တိုင်ပင်ပြီးတော့ အသေးစိတ်တစ်ချက်ချင်း ပြန်ပြီးတော့ကြည့်တဲ့အခါမှာ အခုလိုမျိုး လိုအပ်ချက်လေးတွေ ဒါ Concept အသစ်တွေတော့ မဟုတ်ပါဘူး။

"ဒါတွေက NCA မှာပါတဲ့ စာသားတွေရယ်၊ ပြီးတော့ လက်ရှိလုပ်ခဲ့တဲ့ ၂၀၁၅ ကနေ ဒီဘက်နောက်ပိုင်း လုပ်ခဲ့တဲ့ UPDJC အစည်းအဝေးတွေ ဒီအပေါ်မှာ ပြောတာဆိုတာတွေနဲ့ ကျွန်တော်တို့ မှတ်သားထားတာတွေနဲ့ ပေါင်းစပ်ပြီးတော့မှ ဒီထက်ကောင်းမလားဆိုတဲ့ အနေအထားကို ကျွန်တော်တို့ အတည်ပြုတဲ့အခါမှာ မလွဲအောင်၊ သေချာအောင် ဆွေးနွေးခြင်းဖြစ်တယ်လို့ ပြောလိုပါတယ်။

"နောက်တစ်ခုကလည်း ဒီလိုမျိုးဆောင်ရွက်တဲ့အခါမှာ ထူးခြားတဲ့အကျိုးကျေးဇူးရလဒ်ကတော့ RCSS နဲ့ ပတ်သက်တဲ့ ခက်ခဲနေတဲ့ ပြဿနာတစ်ခုကို ပြေလည်အောင် ဖြေရှင်းနိုင်တဲ့ အကျိုးရလဒ်ရပါတယ်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ Win Win Solution သီအိုရီအရပဲ သူလည်းမနာကိုယ်လည်းမနာ၊ သူ့ဘက်လည်းမဟုတ်၊ ကိုယ့်ဘက်လည်းမဟုတ်၊ ဒါလည်းပဲ အဓိကကတော့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကြားဝင်ပြီးတော့မှ စေ့စပ်ဆောင်ရွက်မှုတွေအရ အောင်မြင်ခဲ့တဲ့ အချက်တစ်ချက်ဖြစ်တဲ့အတွက် ဒီအစည်းအဝေးရဲ့အောင်မြင်တဲ့ အနှစ်သာရလို့ပဲ ကျွန်တော်တို့ ဆွေးနွေး လိုပါတယ်၊ နောင်ကိုလည်းပဲ ကျွန်တော် အဖွင့်မှာပြောခဲ့သလို သူ့ဆန္ဒကိုယ့်ဆန္ဒ မလျှော့သောဇွဲနဲ့ ဆွေးနွေးရင်းနဲ့ပဲ ကောင်းတဲ့ရလဒ်တွေ၊ ကောင်းတဲ့အဖြေတွေ ဆက်ပြီးဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောကြားသည်။

**သဘောမတူညီချက်တွေ ဆွေးနွေး**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မအနေနဲ့ အခုလို JICM အစည်းအဝေးမှာ အရေးကြီးတဲ့ သဘောတူညီချက်တစ်ခုရတယ်ဆိုတာဟာ သဘော တူညီချက်တစ်ခုတင် မဟုတ်ပါဘူး၊ စိတ်ဓာတ်ရဲ့ တိုးတက်မှု ဖြစ်ပါတယ်၊ ကျွန်မတို့ဟာ တကယ့်ပင်လုံစိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်ချင်တဲ့စိတ်ဓာတ်ကို အားပေးရာ ရောက်တာဖြစ်တဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အင်မတန်မှ ကျေနပ်ပါတယ်၊ နောက်ပြီး ဟိုဘက် ဒီဘက်လျှော့ပေးသင့်တဲ့နေရာမှာ လျှော့ပေးပြီးတော့ လုပ်ဆောင်သွားတဲ့ ပုဂ္ဂိုလ်တွေအားလုံးကိုလည်း အင်မတန်မှ ကျေးဇူးတင်ပါတယ်၊ အခု အစည်းအဝေးမှာဆိုရင် သဘောမတူညီချက်လေးတွေ ဆွေးနွေးခဲ့တာ တွေ့ရှိတယ်။

**မုချမသွေ အောင်မြင်မယ်လို့ ယုံကြည်**

"တချို့ဟာတွေက ဆက်ပြီးဆွေးနွေးရမယ်ဆိုပြီး ကျွန်မတို့ သဘောတူလိုက်ပါတယ်၊ သဘောမတူဘူး သဘောတူခြင်းဆိုတာက ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်၊ ကျွန်မတို့အားလုံးဟာ တစ်သဘောတည်း မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် အများရဲ့ကောင်းကျိုးအတွက် မတူညီတဲ့ သဘောထားတွေကို ညှိနှိုင်းတဲ့ အရည်အချင်းဆိုတာက အဓိကဖြစ်ပါတယ်၊ အခု ဒီအစည်းအဝေးမှာဆိုရင် ဟိုဘက် ဒီဘက် ဒီအရည်အချင်းရှိတယ်ဆိုတာကို ပြသနိုင်လိုက်တာကြောင့် ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မုချမသွေအောင်မြင်မယ်လို့ ကျွန်မယုံကြည်ပါတယ်၊ အချိန်ကာလကြာတာ၊ တိုတာကတော့ ကျွန်မတို့အားလုံးရဲ့ လုံ့လဝီရိယစိုက်ထုတ်မှုနဲ့ အရေးကြီးဆုံးကတော့ ပြည်သူလူထုရဲ့ ပံ့ပိုးပါဝင်မှုအပေါ်မှာ တည်ပါတယ်။

"ပြည်သူကတော့ ငြိမ်းချမ်းရေးအတွက်ဆိုရင် ဘာမဆိုလုပ်ပေးချင်တဲ့ စိတ်ဓာတ်တွေရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်၊ ဒါကြောင့် ပြည်သူရဲ့ ဆန္ဒဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိရေးအတွက် ဒီအစည်းအဝေးမှာ လာပြီးတော့ ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်များ၊ ပါဝင်ပေးတဲ့ပုဂ္ဂိုလ်များ အားလုံးကို ထပ်လောင်းပြီးတော့ ကျေးဇူးတင်ပါတယ်"ဟုပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်နှင့် ဦးဇော်ဌေးတို့က မီဒီယာများနှင့်တွေ့ဆုံ၍ ယနေ့အစည်းအဝေးတွင် ဆွေးနွေးခဲ့မှုနှင့် ဆွေးနွေးပွဲရလဒ်အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဆုံးဖြတ်ချက်များချမှတ်**

ယနေ့ကျင်းပသည့် JICM အစည်းအဝေးတွင် ၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့၏ အစီရင်ခံစာကိုအတည်ပြုခြင်း၊ ၂။ RCSS-SSA ၏ အမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ် လင်းခေးမြို့တွင် ကျင်းပပြုလုပ်ရန်၊ ၃။ ALP ၏ အမျိုးသားအဆင့် နိုင်ငံရေးပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ ၄။ ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်၊ ၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်တွင် ကျင်းပရန်၊ ၆။ (၇)ကြိမ်မြောက် JICM အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးသီတင်းပတ်တွင် ကျင်းပရန်၊ ၇။ ဆက်လက်ဆွေးနွေးရန် အချက်အချို့မှအပ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ လုပ်ငန်းလမ်းညွှန် ToR များနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း Standard Operating Procedure-SOP များကို အတည်ပြုခြင်း စသည့်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

**သတင်းစဉ်**

> **"အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားညီအစ်ကို လက်နက်ကိုင် အဖွဲ့အစည်း အသီးသီးကိုလည်း NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးပြဿနာကို စစ်ရေးနည်းနဲ့ မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းမယ့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် ဆောင်ရွက်ရာမှာ ဒီလို နိုင်ငံရေးစားပွဲဝိုင်းတွေဆီ တက်ကြွစွာ ပါဝင်လာရေး၊ ကျွန်တော်တို့ JICM၊ UPDJC၊ JMC အဖွဲ့ဝင်များအားလုံးကလည်း တက်ကြွစွာ စည်းရုံးဆွေးနွေးပြီး ပါဝင် လက်တွဲလာနိုင်အောင် ဆက်လက်ကြိုးပမ်းသွားကြရမှာဖြစ်"**

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်ရန် ထွက်ခွာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye Kyun ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ယနေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံး၊ သံရုံးယာယီတာဝန်ခံ Mr.Kim Jung Han ၊ Counsellor Mr. Kim Ha Won နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် မြန်မာ-ကိုရီးယားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၇) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အဖွဲ့ ၁၀ ဖွဲ့မှ တာဝန်ရှိသူများ၊ UNODC, DEA, WFP, ONCB, NNCC, INGO အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်သည်။ **(အပေါ်ယာပုံ)**

အစည်းအဝေး၌ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံတော်အစိုးရ အဆက်ဆက်မှ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ထားနိုင်စွမ်းမရှိဘဲ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးပြဿနာအဖြစ်ခံယူပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေး နည်းလမ်းများဖြင့် ကာကွယ် တိုက်ဖျက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများသည် တစ်နှစ်ထက်တစ်နှစ် ကိန်းဂဏန်းများ မြင့်တက်လျက်ရှိနေပါကြောင်း။

၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်တွင် မေယုစစ်ဆင်ရေး၊ ရှမ်းပြည်နယ်တွင် ရှမ်းရိုးမ စစ်ဆင်ရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်း - ၂ စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ပြီး ယခု ကချင်ပြည်နယ်တွင် ရှေ့ဦး စစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ




တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေး မဟာဗျူဟာတစ်ခုတည်းကိုသာ အသုံးချ၍မရဘဲ အခြားစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများကိုပါ ထည့်သွင်းရေးဆွဲရန် လိုအပ်လာသည်ကို တွေ့ရှိရသည့်အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုမူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားမဟာဗျူဟာစီမံချက် National Strategic Plan ကို ရေးဆွဲသွားမည်ဖြစ်ပြီး အဲဒီနောက်မှာ Strategic Plan ပါ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသနှင့်ကိုက်သည့် Operational Action Plan များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို အလွန်အရေးကြီးသော အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပိုမိုမြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးက သုံးသပ်တင်ပြခြင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မြင့်အောင်က မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၆)၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အဖွဲ့များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ဆွေးနွေးတင်ပြခြင်း၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူးက မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းချက်များအပေါ် သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို 7th LDCs Ministerial Conference သို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် United Nations Industrial Development Organization (UNIDO) ၏ ဖိတ်ကြားချက်အရ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ဗီယင်နာ အပြည်ပြည်ဆိုင်ရာ ဗဟိုဌာန၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (7th LDCs Ministerial Conference )ဖွံ့ဖြိုးမှု အနိမ့်ကျဆုံး နိုင်ငံများ၏ (၇)ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၂ ရက်တွင် ဗီယင်နာမြို့ရှိ နိုင်ငံတော် သမ္မတအိမ်တော် ပါလီမန်အဆောက်အအုံနှင့် အခြား ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများကို ကြည့်ရှုလေ့လာခဲ့ပြီး နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဗီယင်နာ အပြည်ပြည်ဆိုင်ရာဗဟိုဌာန Conference Room (D) ၌ ကျင်းပသည့် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ နေ့လယ်ပိုင်းတွင် Public-Private Sector: Teaming up for LDC's Graduation Session ၌ Panelist အဖြစ် တက်ရောက်ဆွေးနွေးသည်။

နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင်ညီလာခံ ဒုတိယနေ့ အစီအစဉ်သို့ တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် ဗီယင်နာ အပြည်ပြည်ဆိုင်ရာဗဟိုဌာနရှိ UNIDO ရုံးချုပ်၌ UNIDO ၏ Director General Mr. Li Yong နှင့် တွေ့ဆုံဆွေးနွေးရာ စက်မှုဝန်ကြီးဌာန မှ UNIDO အထောက်အပံ့ဖြင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲစီမံကိန်းဆိုင်ရာကိစ္စများ၊ ထပ်မံအဆိုပြုလိုသည့် စီမံကိန်းများအနေဖြင့် HR Development အတွက် VocationalTraining School များ တည်ထောင်ရေး၊ Renewable Energy & Alternative Fuel Research & Development ပြုလုပ်နိုင်ရေး ၊ Textile & Pharmaceutical Sector Development အတွက် အထောက်အပံ့ပေးရေး ၊ State Own Enterprise (SOE) များအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် Partner များ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ၊ Wind Mill နှင့် Hydro Turbine များကို မြန်မာနိုင်ငံနှင့် သင့်လျော်စွာ ထုတ်လုပ်အသုံးပြုနိုင်ရေး တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ပြီး ညနေပိုင်းတွင် ညီလာခံပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါညီလာခံကို ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘက်စုံ ကဏ္ဍစုံ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် Intermediate တို့ ပူးပေါင်း ကျင်းပသည့် General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် Intermediate မှ Professor Marc Weller က ဖက်ဒရယ်မူကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မည့် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့အကြား လုပ်ပိုင်ခွင့်အာဏာခွဲဝေရေးကိစ္စနှင့် ဖက်ဒရယ်ဆိုင်ရာ ကောက်နုတ်ချက်များ၊ ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်မည့် အစိုးရ အစုအဖွဲ့မှ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များမှ ကိုယ်စားလှယ် စုစုပေါင်း ၇၈ ဦး တက်ရောက်ကြသည်။ General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



*❋ ကျောဖုံးမှ*

မန္တလေးမြို့မှာ ပထမအကြိမ် ကျင်းပခဲ့ပါတယ်၊ ဒီနှစ်ပြိုင်ပွဲမှာ မျိုးဆက်သစ်ကစားသမားတွေ ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်၊ ပြိုင်ပွဲမှ ရလာတဲ့ ကစားသမားတွေကို အဖွဲ့ချုပ်က ပဏာမရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်သွားမှာပါ၊ ကစားသမားတွေရဲ့ တစ်ဦးချင်း စည်းကမ်းပိုင်းလိုက်နာမှုကို ကြည့်ပြီး နောက်တစ်ဆင့်အဖြစ် အဖွဲ့ချုပ်အနေနဲ့ လက်ရွေးစင်ဖြစ်အောင် ရွေးချယ်သွားပြီး လာမယ့်ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။

**သတင်း-အေးကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဆေးပညာကျင့်ဝတ်နှင့် သုတေသနပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ ဧည့်ခန်းမ၌ UNAIDS အဖွဲ့မှ Country Director,Mr. Oussama Tawil နှင့်တာဝန်ရှိသူတို့အား တွေ့ဆုံ၍ မူးယစ်ဆေးဝါး အလွဲသုံးမှု လျှော့ချနိုင်ရေးကိစ္စရပ်များ၊ HIV ပိုးရှိသူများအား ဆေးဝါး ထောက်ပံ့ပေးနိုင်ရေး၊ ရခိုင်ပြည်နယ်တွင်း နေထိုင်သူများနှင့် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများ ပြန်လည်ဝင်ရောက်လာသောအခါတွင် HIV ပိုး စစ်ဆေးပေးနိုင်ရေးနှင့် ပိုးတွေ့ရှိပါက ကုသမှုပေးနိုင်ရေး၊ HIV ကူးစက်မှုအန္တရာယ် လျှော့ချနိုင်ရေးနှင့် HIV ပိုးရှိသူများကို ခွဲခြားဆက်ဆံခြင်း ခံရမှုလျှော့ချနိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများအကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E.Mr. Olivier Richard နှင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အစီအစဉ်များ၊ အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနကို နိုင်ငံတကာအဆင့်မီ မြှင့်တင်နိုင်ရေး ကိစ္စများ၊ နှစ်နိုင်ငံ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ယင်းနောက် The International Committee of the Red Cross (ICRC) အဖွဲ့မှ Resident Representative Mr. Fabrizzio Carboni ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံ၍ ICRC ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အခြေအနေကိစ္စများကို ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၁ နာရီတွင် University of Maryland, School of Medicine မှ Professor of Medicine, Henry J. Silverman နှင့်အဖွဲ့အား တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေး ကျင့်ဝတ်များနှင့် ပတ်သက်၍ မဟာဘွဲ့တန်းတစ်ခု ဖွင့်လှစ်သင်ကြားနိုင်ရေး၊ University of Maryland နှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနရှိ တက္ကသိုလ်များအကြား သင်ကြားရေးဆိုင်ရာ အသိပညာ ဖလှယ်၍ ဆက်လက်ပူးပေါင်းသွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးနှင့် ပတ်သက်၍ မကြာခဏ မေးလေ့ရှိသော မေးခွန်းများနှင့် အဖြေများ

**မေး - ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထိုးပေးတဲ့ဆေးနဲ့ အပြင်ဆေးခန်းမှာ ဝယ်ထိုးတဲ့ဆေးက အတူတူပဲလား။ ကွာခြားမှုရှိပါသလား။ ဆေးနာမည် ဘယ်လိုခေါ်ပါသလဲ။**

ဖြေ - ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ထိုးနှံပေးမယ့်ဆေးက CD-JEV (SA 14-14-2) ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ အရည်အသွေးအသိအမှတ်ပြု ကာကွယ်ဆေးဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Chengdu Institute of Biological Products Co.,Ltd. မှ ထုတ်လုပ်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်ကတည်းကစပြီး အသုံးပြုထိုးနှံခဲ့ပါတယ်။ ထိုင်း၊ နီပေါ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ လက်ရှိသုံးစွဲလျက်ရှိပါတယ်။ လူသန်း ၄၀၀ ကျော် ထိုးနှံပြီးပါပြီ။ အလွန်ဘေးကင်းပါတယ်။ အပြင်ဆေးခန်းမှာ ဝယ်ထိုးလို့ရနိုင်တဲ့ ဆေးတွေကတော့ IMO- JEV နဲ့ CD-JEV (SA 14-14-2) ဆိုပြီး နှစ်မျိုးရှိပါတယ်။

**မေး - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးက ထိုးပြီး ဘယ်လောက်ထိ effect ၊ အာနိသင်ရှိနေမှာလဲ။ ဘယ်နှကြိမ် ထိုးပေးရမှာလဲ။ ဘယ်နှစ်နှစ်လောက်အထိ ကာကွယ်ပေးနိုင်လဲ။**

ဖြေ - ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထိုးနှံပေးလျက်ရှိတဲ့ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး CD-JEV (SA 14-14-2) ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ လက်ရှိအချိန်အထိ လေ့လာတွေ့ရှိချက်များအရ တစ်ကြိမ်ထိုးထားရင် နှစ်ပေါင်းများစွာ ကာကွယ်ပေးနိုင်ပါတယ်။

**မေး - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ယခင်က ထိုးဖူးခဲ့ရင် ထပ်ထိုးပေးဖို့ လိုသေးလား။**

ဖြေ - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ ထပ်မံ ထိုးနှံနိုင်ပါတယ်။ ယခင်က ထိုးထားတဲ့ဆေးနဲ့ အနည်းဆုံးတစ်လခြားပြီးမှ ထိုးရပါတယ်။

**မေး - ငါးမျိုးစပ် ကာကွယ်ဆေးမှာ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ပါ၊ မပါ သိလိုပါတယ်။ ငါးမျိုးစပ် ကာကွယ်ဆေးမှာ ဦးနှောက်အမြှေးရောင် ကာကွယ်ဆေး လည်းပါနေတော့ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ထပ်ထိုးဖို့လိုသေးလား။**

ဖြေ - ငါးမျိုးစပ်ကာကွယ်ဆေးမှာ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး မပါပါဘူး။ ငါးမျိုးစပ်ကာကွယ်ဆေးမှာ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ပြင်းထန်အဆုတ်ရောင်နဲ့ ဦးနှောက်အမြှေးရောင်ရောဂါကို ကာကွယ်နိုင်တဲ့ဆေးတွပဲ ပါဝင်ပါတယ်။ ဦးနှောက်အမြှေးရောင်ရောဂါနဲ့ ဦးနှောက်ရောင်ရောဂါမတူပါဘူး။ ဒါကြောင့် ငါးမျိုးစပ်ကာကွယ်ဆေးအပြင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးပါ ထိုးနှံဖို့ လိုအပ်ပါတယ်။

**မေး - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးပေးမယ့် ဒီဇင်ဘာလမှာ အသည်းရောင်"ဘီ"ပိုးကာကွယ်ဆေး သုံးကြိမ်မြောက် ထိုးမှာပါ။ အဲဒီလမှာပဲ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ထိုးလို့ရပါသလား သိချင်ပါတယ်။**

ဖြေ - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို အသည်းရောင်"ဘီ"ပိုးကာကွယ်ဆေးထိုးတဲ့လမှာ ထိုးလို့ရပါတယ်။

**မေး - ကလေးက အခု ဒီဇင်ဘာလမှာ တစ်နှစ်ခွဲပြည့်မှာဖြစ်တဲ့အတွက် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးတွေထိုးရမှာဖြစ်ပါတယ်။ လာမယ့် ဒီဇင်ဘာမှာ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ထိုးပေးလို့ရမလား။**

ဖြေ - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးနဲ့ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး နှစ်မျိုးလုံးကို တစ်ချိန်တည်းတွင် ထိုးနှံနိုင်သော်လည်း တစ်ချိန်တည်းတွင် မထိုးနိုင်ပါက တစ်မျိုးနဲ့တစ်မျိုးကို အနည်းဆုံး လေးပတ်ခြားပြီး ထိုးပေးရပါမယ်။ ဒါကြောင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနဲ့ ၂၀၁၈ ဇန်နဝါရီလ ပုံမှန်ကာကွယ်ဆေးအစီအစဉ်မှာ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထိုးနှံခြင်းကို ရပ်ထားမှာဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်မှသာ အသက် ကိုးလနဲ့ ၁၈ လပြည့်ပြီး ကလေးငယ်များကို ဆက်လက်ထိုးပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုဒီဇင်ဘာလမှာ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ဦးစားပေးထိုးနှံပေးသွားမှာဖြစ်ပါတယ်။

**မေး - ကလေးတွေမှာ ဘယ်လိုရောဂါတွေရှိနေရင် ဆေးမထိုးသင့်ပါသလဲ။**

ဖြေ - အောက်ပါ ဖော်ပြထားတဲ့ရောဂါ သို့မဟုတ် အခြေအနေတစ်မျိုးမျိုးရှိသူ ကလေးငယ်များကလွဲပြီး မည်သည့်ကလေးငယ်မဆို ကာကွယ်ဆေး ထိုးနှံနိုင်ပါတယ်။

**ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လုံးဝမထိုးရမယ့်သူများ**

(က) ယခုအသုံးပြုမယ့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ် ဆေး (SA 14-14-2, Live JEV) ကို ယခင် အကြိမ်ထိုးနှံခဲ့စဉ်က ပြင်းထန်တဲ့ နောက်ဆက်တွဲပြဿနာ ဒါမှမဟုတ် ပြင်းထန်တဲ့ ဓာတ်မတည့်ခြင်းတွေ ဖြစ်ပွားခဲ့ပါက မထိုးနှံပေးရပါ။ ကာကွယ်ဆေးမှာ ပါဝင်သော ပစ္စည်းအမျိုးမျိုး (ဥပမာ- Gelatin, Gentamycin, Sucrose, Human Serum Album and Carbamide) နှင့် ပြင်းထန်သော ဓာတ်မတည့်ခြင်းဖြစ်ဖူးသူများကို မထိုးပေးရပါ။

(ခ) မွေးရာပါ သို့မဟုတ် ရောဂါကြောင့် သော်လည်းကောင်း သို့မဟုတ် ဆေးဝါးကြောင့်သော်လည်းကောင်း၊ ခုခံအားစနစ်ကျဆင်းခြင်း သို့မဟုတ် AIDS ရောဂါလက္ခဏာများရှိခြင်း၊

(ဂ) ကုသမှုခံယူပြီး ဆေးသောက် နေသော်လည်း အတက်ရောဂါမကြာခဏဖြစ်နေသူများ၊

(ဃ) နာတာရှည်ရောဂါကို လတ်တလော ပြင်းပြင်းထန်ထန်ခံစားနေရသူများ၊

(င) ကိုယ်ဝန်ဆောင်များ။

**ရက်ရွှေ့ဆိုင်းပြီး ထိုးပေးရမည့်သူများ**

(က) လတ်တလော အပူကြီးဖျားနေခြင်း၊

(ခ) လတ်တလောကူးစက်ရောဂါဖြစ်ပွားနေခြင်း၊

(ဂ) တီဘီရောဂါဖြစ်ပွားနေပြီး ဆေးကုသမှု မခံရသေးခြင်း ဒါမှမဟုတ် တီဘီဆေး စသောက်နေတာ နှစ်လမပြည့်သေးခြင်း၊

(ဃ) နားအလယ်ခန်း ရောင်ရမ်းနေခြင်း၊

(င) Prednisolone, Hydrocortisone စတဲ့ Steroids ဆေးများကို ပမာဏများစွာ သောက်သုံး၊ ထိုးနှံနေရခြင်း။

**ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးမထိုးမီ ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးသင့်သော ကလေးငယ်များ**

ဆေး၊ ပစ္စည်းတစ်ခုခုနဲ့ ဓာတ်မတည့်ခြင်းရှိတဲ့ကလေးတွေ၊ တခြား ရောဂါအခံတွေရှိတဲ့ ကလေးတွေ၊ ဆေးဝါးတွေ လတ်တလောမှာ သောက်သုံးနေရတဲ့ ကလေးတွေဆိုရင်တော့ လက်ရှိပြသနေတဲ့ ဆရာဝန်နဲ့ ကြိုတင်တိုင်ပင်ပြီးမှ ထိုးနှံနိုင်ပါတယ်။

**မေး - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးပြီးနောက် ဘယ်လို တုန့်ပြန်မှုတွေ ခံစားရတတ်ပါသလဲ။**

ဖြေ - ဖျားတာ၊ ပျို့အန် မူးဝေတာ၊ ကာကွယ်ဆေးထိုးတဲ့နေရာ ရောင်တာ၊ နီရဲတာ၊ နာတာ စတဲ့မပြင်းထန်တဲ့ လက္ခဏာတွေနိုင်ပါတယ်။ တစ်ရက်၊ နှစ်ရက်လောက်အတွင်းမှာ အလိုအလျောက် ပျောက်ကင်းသွားလေ့ရှိပါတယ်။ ကာကွယ်ဆေးနဲ့ မတည့်လို့ တုံ့ပြန်တဲ့ ပြင်းထန်လက္ခဏာမျိုးကိုတော့ ထိုးနှံပေးတဲ့ လူတစ်သန်းမှာ တစ်ယောက်လောက်သာ တွေ့ရတတ်ပါတယ်။

**မေး - ဆေးမထိုးခင်နဲ့ ဆေးထိုးပြီး ဆောင်ရန်၊ ရှောင်ရန်လေးတွေ ပြောပြပေးပါ။**

ဖြေ - ရက်ရွှေ့ဆိုင်းမယ့် ကလေးများကို ရက်ရွှေ့ဆိုင်းပြီးမှ ထိုးနှံရပါမယ်။ ကာကွယ်ဆေးထိုးပြီးပါက ဆေးထိုးစုရပ်မှာ နာရီဝက်ခန့် စောင့်ဆိုင်းပြီး ကလေးအခြေအနေကို စောင့်ကြည့်ဖို့ လိုပါတယ်။ ကလေးမှာ ပုံမှန်မဟုတ်တဲ့ ဘာလက္ခဏာပဲတွေတွေ့ ဆေးထိုးပေးတဲ့ ဆရာမကို ချက်ချင်းအကြောင်းကြားပါ။

ကလေးတွေကို အစားတစ်ခုခု အရင်ကျွေးထားပြီးမှ ကာကွယ်ဆေးထိုးစုရပ်ကိုစေလွှတ် သို့မဟုတ် ခေါ်ဆောင်လာသင့်ပါတယ်။ ကာကွယ်ဆေးထိုးပြီးတဲ့ ကလေးကိုတော့ ဂက်စ်မပါတဲ့ အချိုရည် ဒါမှမဟုတ် ရေ တိုက်ကျွေးနိုင်ပါတယ်။ ရပ်ရွာလူထုနဲ့ ကျောင်းဆရာ၊ ဆရာမတွေအနေနဲ့ကတော့ ကလေးတွေကို နေပူကျဲကျဲအောက်မှာ အကြာကြီး တန်းစီ စောင့်ဆိုင်းနေရတာမျိုး မဖြစ်အောင်လို့ ကူညီပေးစေလိုပါတယ်။ နေပူအောက်မှာ အကြာကြီး ရပ်စောင့်ပြီးမှ ဆေးထိုးရတဲ့ကလေးတွေမှာ မူးဝေတာ ပိုဖြစ်နိုင်ပါတယ်။

**မေး - ဘယ် အသက်အရွယ်တွေကို ကာကွယ်ဆေးထိုးပေးသွားမှာလဲ။**

ဖြေ - အသက် ကိုးလမှ အသက် ၁၅ နှစ်အတွင်း ကလေးငယ်တွေအားလုံးကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလအတွင်း ထိုးနှံပေးသွားမှာပါ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကစပြီး အသက် ကိုးလပြည့်တဲ့ ကလေးတိုင်းကို လစဉ်ပုံမှန် ထိုးပေးမှာဖြစ်ပါတယ်။

**မေး - ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ကလေးရဲ့ ခန္ဓာကိုယ် ဘယ်နေရာမှာ ထိုးပေးမှာပါလဲ။**

ဖြေ - ကလေးရဲ့ ညာဘက်လက်မောင်းမှာ ထိုးနှံပေးသွားပါမယ်။

**မေး - အစုလိုက်ကာကွယ်ဆေးထိုး အစီအစဉ်ကို ဘယ်နေရာတွေမှာ ဘယ်အချိန် ပြုလုပ်သွားမှာလဲ။**

ဖြေ - ကျောင်းအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကို အစိုးရ၊ ပုဂ္ဂလိကနဲ့ ဘုန်းတော်ကြီးသင် စာသင်ကျောင်းတွေမှာ ပြုလုပ်သွားမှာဖြစ်ပြီး အသက် ငါးနှစ်မှ ၁၅ နှစ်အောက် ကျောင်းသူ ကျောင်းသားတွေကို ကာကွယ်ဆေးထိုးနှံပေးသွားမှာဖြစ်ပါတယ်။ လူထုအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကိုတော့ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာမှာရှိတဲ့ ကာကွယ်ဆေးထိုးစုရပ်တွေမှာ ထိုးနှံပေးသွားမှာပါ။ အသက် ကိုးလကနေ အသက် ငါးနှစ်အောက် ကလေးတွေ၊ ကျောင်းပြင်ပကလေးတွေနဲ့ ကျောင်းအခြေပြုအစီအစဉ်မှာ မထိုးလိုက်ရတဲ့ ကျောင်းသူ ကျောင်းသားတွေကို လူထုအခြေပြုအစီအစဉ်မှာ ထိုးနှံပေးသွားမှာပါ။

**မေး - ဘယ်နေ့ ဘယ်အချိန်တွေမှာ ထိုးပေးမှာလဲ။**

ဖြေ - အသက် ငါးနှစ်မှ ၁၅ နှစ်အောက် ကျောင်းသူကျောင်းသားတွေကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်ကနေ ၂၃ ရက်အထိ ထိုးနှံပေးသွားမှာပါ။ အသက် ကိုးလကနေ အသက်ငါးနှစ်အောက် ကလေးတွေ၊ ကျောင်းပြင်ပ ကလေးတွေနဲ့ ကျောင်းအခြေပြု အစီအစဉ်မှာ မထိုးလိုက်ရတဲ့ ကျောင်းသူ ကျောင်းသားတွေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်ကနေ ၂၀ ရက်အတွင်းမှာ ထိုးနှံပေးသွားပါမယ်။ နေ့စဉ် မနက် ၈ နာရီကနေ ညနေ ၄ နာရီအတွင်း ထိုးနှံပေးသွားမှာဖြစ်ပါတယ်။

**မေး - တောရွာတွေမှာရော ထိုးပေးမှာလား၊တစ်နိုင်ငံလုံးက ကလေးတွေကို ထိုးပေးမှာလား။**

ဖြေ - လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးသွားပါမယ်။

**မေး - ရပ်ကွက်ထဲစာရင်းလာကောက်တုန်းက နာမည်မပေးလိုက်ရလို့ ဘယ်လိုလုပ်ရမလဲ။**

ဖြေ - နီးစပ်ရာ ကျန်းမာရေးဌာန ၊ အုပ်ချုပ်ရေးရုံးတွေမှာ မေးပါ။ နာမည်စာရင်းပေးပါ။ဆေးမထိုးခင် သုံးရက်က ငါးရက်အလိုမှာ ဖိတ်ကြားလွှာမရရင် စောစောကနေရာတွေမှာ သွားယူပါ။ ဆေးထိုးတဲ့နေ့တွေမှာ၊ နီးစပ်ရာစုရပ်မှာ သွားထိုးပါ။ ဖိတ်စာမရရင် သို့မဟုတ် နာမည်စာရင်းမပေးမိရင် ကျန်းမာရေးဝန်ထမ်းကို ပြောပြပြီး ဆေးထိုးမှုခံယူနိုင်ပါတယ်။

**မေး - ကာကွယ်ဆေးထိုး အစီအစဉ်အကြောင်း ဘယ်မှာ စုံစမ်းလို့ ရနိုင်ပါသလဲ။**

ဖြေ - နီးစပ်ရာရပ်ကွက် သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာန၊ မြို့နယ် ကျန်းမာရေးဌာန၊ ဒေသန္တရ ကျန်းမာရေးဌာနနဲ့ အုပ်ချုပ်ရေးရုံးတွေမှာ မေးမြန်း စုံစမ်းနိုင်ပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ ဖိတ်ကြားတဲ့အခါမှာ မိဘ၊ အုပ်ထိန်းသူများကို ကျောင်းများမှတစ်ဆင့် သော်လည်းကောင်း၊ နေအိမ်များသို့သော်လည်းကောင်း ပေးပို့ဖိတ်ကြားပေးသွားမှာဖြစ်ပါတယ်။

**မေး - ခရီးသွားရင်ရော ရောက်တဲ့မြို့မှာ ထိုးလို့ရသလား။**

ဖြေ - ရပါတယ်။ ဖိတ်စာရပြီးသားဖြစ်ရင် ဖိတ်စာယူသွားပါ။ ဖိတ်စာမရသေးလည်း ထိုးလို့ရပါတယ်။

**ကျန်းမာရေးဦးစီးဌာန**

# ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ၏ ၅၃ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၇

**ရှမ်းပြည်နယ် တောင်ကြီးမြို့ဘုရားဖြူရပ်ကွက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ထောင်သူ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ၏ (၅၃)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ တည်ဆောက်မည့် ဘွဲ့နှင်းသဘင်ခန်းမဆောင် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပကြောင်း သိရသည်။**



အခမ်းအနားတွင် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ထောင်သူ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ၏ ၅၃ နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အထိမ်းအမှတ်အဖြစ် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲကို ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ထောင်သူ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရေစက်ချ အမျှအတမ်း ပေးဝေကြကြောင်း သိရသည်။ **(ယာပုံ)**

ဆက်လက်၍ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၌ တည်ဆောက်မည့် ဘွဲ့နှင်းသဘင်ခန်းမဆောင် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပရာ ဆရာတော် သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓာတ်တော်ကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒထံ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဘွဲ့နှင်းသဘင်ခန်းမဆောင် တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၃၀၊ ကမ္ဘောဇဘဏ်လီမိတက်က အလှူငွေကျပ်သိန်း ၁၆၀၀၀ တို့ကို အောက်စဖို့ဒ်ဆရာတော်ကြီးထံ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့က ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ထို့နောက် လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်၏ အုတ်မြစ်တော်များ အဓိဋ္ဌာန် ငွေကြုတ်၊ ရတနာငွေကြုတ်များ၊ ငွေပေစာတော်များကို ဆရာတော်ကြီးများထံ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ရှမ်းလူငယ်၊ မောင်မယ်များက အဓိဋ္ဌာန် ငွေကြုတ်၊ ရတနာငွေကြုတ်များ၊ ငွေပေစာတော်များကို သယ်ဆောင်၍ အုတ်မြစ်တော်စီမည့် နေရာများသို့ ပင့်ဆောင်ပြီး ဆရာတော် သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မြောက်ဘက်ကျင်းနေရာတွင် နေရာယူကာ မင်္ဂလာအချိန်ကျရောက်သော် အဓိဋ္ဌာန်ငွေကြုတ်၊ ရတနာငွေကြုတ်၊ ပတ္တမြားအုတ်တို့ကို ဦးစွာ ဌာပနာတော်မူခြင်း၊ ကျန်ရှိသည့် ရတနာအုတ် ရှစ်လုံးကို အုတ်မြစ် စီတော်မူခြင်းနှင့် ငွေပေစာတော် သုံးချပ်ကို မြောက်ဘက် ကျင်းရှိ ရတနာအုတ် ကိုးပါးပေါ်တွင် ဌာပနာတော်မူပြီး အောက်စဖို့ဒ်ဆရာတော်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အုတ်မြစ်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးတော်မူခြင်းနှင့် ဆုတောင်းရေစက်ချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

# အမျိုးသား စားသုံးသူ အကာအကွယ်ပေးရေး စီမံကိန်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် EU-GIZ အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသော "အမျိုးသား စားသုံးသူ အကာအကွယ်ပေးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ"ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Kempinski Hotel ပင်းယ ခန်းမဆောင်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိရာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍတို့နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းနိုင်ရေး၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီအပါအဝင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် EU-GIZ အဖွဲ့အစည်းသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အရင်းအမြစ် တည်ဆောက်ရေး လုပ်ငန်းများအတွက် နည်းပညာအကူအညီများ အဓိကပေးအပ်လျက်ရှိပြီး မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် အဓိကမိတ်ဖက်အဖွဲ့အစည်း ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်၊ ဝက်ကွင်း အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်၊ ဝက်ကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ယင်းကျောင်းဆောင်သစ်အား မတည်အလှူရှင် ဖူထီ-ဒလင်း ဆရာတော် ဘဒ္ဒန္တသုစိတ္တ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုကြီးနှင့်ကျောင်းဆောင်သစ်အလှူရှင် ဦးစိုးဝင်း(အလုံ-ရန်ကုန်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အလှူရှင်များဖြစ်သော ငွေကျပ် ၂၃၇ သိန်း လှူဒါန်းသည့် ဆရာတော် ဘဒ္ဒန္တသုစိတ္တမိသားစု၊ ငွေကျပ်သိန်း ၂၀ လှူဒါန်းသော ဦးစိုးဝင်း-ဒေါ်ရီဝေမိသားစုနှင့် ကျန်အလှူရှင်များအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဦးကျော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြကျင်က ကျောင်းဆောင်သစ် ကြိုးပမ်းဆောက်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်၊ ဝက်ကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ်သည် ကျောင်းဆောင်သစ် အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၂၆၀ ဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်ဖြစ်ပြီး အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အာရ်စီကွန်ကရစ်ကျောင်းဆောင်သစ်ဖြစ်ပြီး ကျောင်းသူ ကျောင်းသားပေါင်း ၅၄၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

---

# ပူတာအိုမြို့၌ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ကချင်ပြည်နယ် ငြိမ်းချမ်းရေး အထူး တရားပွဲ ကျင်းပမည်

**ပူတာအို နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့၌ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ကချင်ပြည်နယ် ငြိမ်းချမ်းရေး အထူးတရားပွဲကြီးကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက် ညတို့တွင် ငါးနေရာခွဲ၍နှစ်ညတိုင်တိုင် ကျင်းပသွားမည် ဖြစ်သည်။

ကချင်ပြည်နယ် ငြိမ်းချမ်းရေး အထူးတရားပွဲများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်ကြွရောက်မည် ဖြစ်ကြောင်း ရေဦးဆရာတော်ကြီး၏ တပည့်ဖြစ်သူ ပဏ္ဍာသမဏဘဒ္ဒန္တ ဓမ္မိဿရ(သဒ္ဓမ္မဇောတိကဓဇ )က မိန့်ကြားတော်မူသည်။

အဆိုပါတရားပွဲကို ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ (နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော်)၊ ဘဒ္ဒန္တစန္ဒိမာဘိဝံသ(အကျိုးတော်ဆောင်ချုပ် သန်လျင်မင်းကျောင်း ဆရာတော်)၊ ဒေါက်တာ အရှင်တေဇောသာရာဘိဝံသ (နိုင်ငံတော် သံဃမဟာနာယက မိုးကုတ်မြို့ ညောင်သုံးပင်ကျောင်း ဆရာတော်)၊ ဘဒ္ဒန္တနန္ဒာလင်္ကာရ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သုံးခွမြို့ ရေလည်ကျောင်း ဆရာတော်)၊ ဘဒ္ဒန္တကေတုမာ(ရန်ကုန်တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဝင်)၊ ကော့မှူးမြို့ အောင်ဇမ္ဗူ ပရဟိတကျောင်း ဆရာတော်ကြီးများကိုယ်တိုင် ကြွရောက်၍ ငြိမ်းချမ်းရေးအတွက် ပူတာအိုမြို့ ကချင်ပြည်နယ် ငြိမ်းချမ်းရေးအထူးတရားပွဲကြီးတွင် တရားဟောမည်ဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ် ငြိမ်းချမ်းရေး အထူးတရားပွဲကြီးကို ပူတာအိုမြို့မှာ သွားလာရေး အဆင်ပြေစေအောင် ငါးနေရာခွဲပြီး နှစ်ညတိုင်တိုင် ကျင်းပနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု တရားပွဲဖြစ်မြောက်ရေး ကော်မတီမှ ဦးစိုင်းထွန်းရင်က ပြောသည်။

ငြိမ်းချမ်းရေး အထူးတရားပွဲကြီး ဖြစ်မြောက် အောင်မြင်ရေးအတွက် နှစ်ဖက်သော မိဘများကို ရည်စူး အမှူးထား၍ ဦးဝင်းမင်းလတ်( ခ ) လပြည့်-ဒေါ်စွဲဖီလာ၊ သမီး စွဲဖြိုးပြည့်သီရိ ၊ သားစိုင်းဘုန်းမင်းခန့် (ပြည့်ပြည့်စက်သုံးဆီဆိုင်)နှင့် ဘုန်းမင်းခန့်(ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) ပူတာအိုမြို့မှ အကုန်အကျခံ လှူဒါန်းကြောင်း သိရသည်။

**မင်းမင်းဦး**

---

# စာပေဗိမာန်ဆုရှင်အား ထပ်ဆင့် ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ အနေ့းယာဉ်လုပ်သားကြီး ဦးခင်မောင်ဝင်း၏ ၂၀၁၆ ခုနှစ် အမျိုးသားစာပေဗိမာန်စာမူ ဒုတိယဆုရရှိခြင်းအား မြို့နယ်အဆင့် ထပ်ဆင့်ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက အမှတ် ၄၄ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးဘေးရှိ ငြိမ်းချမ်းစိမ်းလန်းစာကြည့်တိုက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားဖွင့်လှစ်ပြီးနောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒဂုံဆိပ်ကမ်းမြို့နယ် အသင်းနာယက မြို့နယ် စာရေးဆရာကြီး (ပြည်)ဘုန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။ စာရေးဆရာ ချစ်မုန်းငြိမ်းက စာပေနှင့် မိမိဘဝဖြတ်သန်းမှု၊ ကြိုးစားခဲ့ရပုံများကို နောင်လာနောက်သား အနေ့းယာဉ်လုပ်သားများအား အတုယူကြိုးစားနိုင်ရန် ပြောကြားခြင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဥက္ကဋ္ဌ ဒေါက်တာရဲလင်းအောင်က ဂုဏ်ပြုစကား ထပ်ဆင့်ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ စာဆိုစစ်သည် (ပြည်)လှိုင်မင်းအောင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး စာရေးဆရာ နန္ဒမိုးကြယ်တို့က ဂုဏ်ပြုမုဒိတာစကား ပြောကြားပေးခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးမျိုးမြင့်က နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနား အောင်မြင်စွာ ပြီးစီးကြောင်း သိရသည်။

**ရွှေတိုင်လွင်**

---

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိ နိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ကြိုဆိုနှုတ်ဆက်သည့် မြင်ကွင်းပုံရိပ်များ




ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မြန်မာနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များက အင်းလျားကန်(တံတားဖြူ) လမ်းတစ်လျှောက်တွင် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြစဉ်။ သတင်းစဉ်





ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မြန်မာနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များက ဗိုလ်ချုပ်အောင်ဆန်း လမ်းတစ်လျှောက်တွင် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြစဉ်။ သတင်းစဉ်



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မြန်မာနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များက ဗိုလ်ချုပ်အောင်ဆန်း လမ်းတစ်လျှောက်တွင် ဝမ်းသာအားရပျော်ရွှင်စွာ ကြိုဆိုကြစဉ်။ သတင်းစဉ်



# ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်တွေ့ဆုံ နှုတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်အား ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စိန့်မေရီဘုရားကျောင်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းအတွက် ကြိုဆိုပါကြောင်း၊ ဘာသာတရားအားလုံးသည် ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ တရားမျှတခြင်းဆိုသည့် လောကပါလတရားကို လိုလားကြကြောင်း၊ မြန်မာနိုင်ငံ၌ ဘာသာရေးအရခွဲခြားဖိနှိပ်ဆက်ဆံမှုများ လုံးဝမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ မိမိတို့ တပ်မတော်ထဲတွင်လည်း အလားတူပင်ဖြစ်ပါကြောင်း၊ တပ်မတော်သည်ငြိမ်းချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်နေပြီး မိမိတို့တပ်မတော်သားတိုင်း၏ဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်း ခွဲခြားဆက်ဆံမှုများ မရှိပါကြောင်း ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြသဖြင့် အံ့သြဝမ်းသာရကြောင်း၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံရမည်ဖြစ်၍လည်း ဝမ်းမြောက်ပါကြောင်း၊ မိမိတို့ ကိုးကွယ်ရာ ဘာသာတရားအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း၊ ဘာသာပေါင်းစုံ၏ အပြန်အလှန်လေးစားမှုဖြင့် နိုင်ငံ၏ကြွယ်ဝမှု၊ သာယာဝပြောမှုကို တည်ဆောက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေသည်များကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးက ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုမွန်တောင်း စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးသူငယ်များ ကြိုဆိုနှုတ်ဆက်ကြစဉ်။** သတင်းစဉ်

*ရှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်၏ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ လက်ထောက်ဆရာတော် ဂျွန်စောယောဟန် ဦးဆောင်၍ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်ဆရာတော်ကြီးများ၊ ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးသူငယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှိုက်လှိုက်လှဲလှဲ ကြိုဆို**

အလားတူ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မြန်မာနိုင်ငံရှိ ကက်သလစ် ဘာသာဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ၉ မိုင်၊ ၇ မိုင်၊ အင်းလျားကန် (တံတားဖြူ)၊ ပြည်သူ့ရင်ပြင်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တို့တွင်လည်း စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။ ထိုသို့ ကြိုဆိုရာတွင် ကက်သလစ်ဘာသာဝင်များက Love & Peace လိုဂိုတံဆိပ်များ ကိုင်ဆောင်၍ လည်းကောင်း၊ ကြိုဆိုပါ၏အဓိပ္ပာယ်ရသည့် အီတလီဘာသာစကားဖြင့် သံပြိုင်နှုတ်ဆက်၍ လည်းကောင်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။



**ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မြန်မာနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များက ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် ကြိုဆိုကြစဉ်။** သတင်းစဉ်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာ နိုင်ငံသို့ ရောက်ရှိသည့် ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ကက်သလစ်ဘာသာဝင်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံကွင်း၌ ပရိသတ်များနှင့်အတူ မစ္ဆားပူဇော်ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သမိုင်းဝင် ချစ်ကြည်ရေးခရီး**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပထမဆုံးသော ရဟန်းမင်းကြီးဖြစ်သည့် တမန်တော်ကြီး ရှင်ပေတရု (စိန့်ပီတာ)၏အရိုက်အရာကို ဆက်ခံသူ(၂၆၆)ပါးမြောက် ရဟန်းမင်းကြီးဖြစ်ပြီး ပုပ်ရဟန်းမင်းကြီးအဆက်ဆက်တွင် မြန်မာနိုင်ငံသို့ ပထမဆုံး သမိုင်းဝင် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ရှေးဟောင်းပစ္စည်းများ အပ်နှံသူများအား ဆုကြေးနှင့် ဂုဏ်ပြုလွှာချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၇

**အေဒီ ၉ ရာစုနှင့် ၁၀ ရာစု ကြားကာလ ရှေးဟောင်း ရွှေထည်ဝတ္ထုပစ္စည်းများ အပ်နှံသူများအား ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်း ရွှေထည်ဝတ္ထုပစ္စည်းများ အပ်နှံသူများဖြစ်သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာ- ကော့စံကျေးရွာမှ ဆရာတော် အရှင်သာသနရက္ခိတအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေး ငွေကျပ်၂၂၄၈၆၆၇၈ (ကျပ်နှစ်ရာနှစ်ဆယ့်လေးသိန်းရှစ်သောင်းခြောက်ထောင်ခြောက်ရာခုနစ်ဆယ့်ရှစ်တိတိ)ကို လည်းကောင်း၊ ကျိုက္ကသာ-ကော့စံကျေးရွာ ၄ ရပ်ကွက်နေ ဦးထွန်းရီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေကျပ် ၁၂၅၈၁၉၆၁ (ကျပ်တစ်ထောင့်နှစ်ရာငါးဆယ့် ရှစ်သိန်း ရှစ်သောင်း တစ်ထောင့် ကိုးရာ ခြောက်ဆယ့်တစ်တိတိ)ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆရာတော် အရှင်သာသနရက္ခိတက ကျိုက္ကသာ - ကော့စံကျေးရွာ ကျေးရွာလမ်းခင်းရန် မြေတူးရာမှ ရွှေခွက်ပုံသဏ္ဌာန်ရွှေပြားအဝိုင်း (အကောင်း+အပဲ့) ၇၀ ခု၊ ရွှေပြားအရှည် (အပိုင်း အစ) ၁၂ ခုကို လည်းကောင်း၊ ဦးထွန်းရီက ရွှေခွက်ပုံသဏ္ဌာန် ရွှေပြားအဝိုင်း (အကောင်း+အပဲ့) ၃၄၈ ခု၊ ရွှေပြားအရှည်(အကောင်း+ အပိုင်းအစ) ၁၂ ခုကို လည်းကောင်း တွေ့ရှိခဲ့ကြ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မော်လမြိုင်ဌာနခွဲမှ တစ်ဆင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (နေပြည်တော်)သို့ အပ်နှံခဲ့သည့်အတွက် ဦးစီးဌာနရှိ ရှေးဟောင်းဝတ္ထုပစ္စည်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးကာ ကာလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး တွက်ချက်၍ ရှေးဟောင်းပစ္စည်း အပ်နှံသူများကို ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခုကဲ့သို့ ရှေးဟောင်း ရွှေထည်ပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာရောက်အပ်နှံခဲ့သည့် ပစ္စည်းများသည် အေဒီ ၉ ရာစု နှင့် ၁၀ ရာစု ကြားကာလတွင် အသုံးပြုခဲ့သော အဆင်တန်ဆာ အစိတ်အပိုင်းများ ဖြစ်နိုင်ကြောင်း၊ ရွှေခွက်ပုံသဏ္ဌာန် ရွှေပြားဝိုင်းအားလုံးတွင် အပေါက်ငယ်လေးများ သုံးပေါက် သို့မဟုတ် လေးပေါက် သို့မဟုတ် ငါးပေါက် ဖောက်ထားသည်ကို တွေ့ရသဖြင့် တစ်ခုနှင့်တစ်ခု တွဲဆက်အသုံးပြုသည်ဟု ယူဆရပါကြောင်း၊ ပါးလွှာစွာခတ်လုပ်ထားသဖြင့်လည်း ပန်းထိမ်ပညာ အဆင့်အတန်း မြင့်မားသဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ ကာလတန်ဖိုးပေါ်တွင် ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုးများ ထပ်ဆောင်းလျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာ ဆုချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှုပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေး လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်း ဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေများအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် အပ်နှံခဲ့သည့် ရွှေထည်ဝတ္ထုပစ္စည်းများအား ပြတိုက်များတွင် ပြည်သူများ လေ့လာနိုင်ရန်အတွက် ပြသသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှေးဟောင်းရွှေထည်ပစ္စည်းများ အပ်နှံသူ ဦးထွန်းရီအား ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

ယင်းနောက် ရွှေထည်ပစ္စည်းများ အပ်နှံသူ ဦးထွန်းရီက ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်မှုအပေါ် ကျေးဇူးတင်းစကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**



**ဆရာတော် အရှင်သာသနရက္ခိတ အပ်နှံသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများ။**



**ဦးထွန်းရီအပ်နှံသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများ။**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ လွှတ်တော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်

စစ်တွေ နိုဝင်ဘာ ၂၇

**ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။** (အောက်ပုံ)



ရှေးဦးစွာ ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်ကိစ္စများ ပိုမိုများပြားလာကြောင်း၊ ရခိုင်ပြည်နယ် အရေးသည် တစ်နိုင်ငံလုံး၏ အရေးဖြစ်သကဲ့သို့ နိုင်ငံတကာကလည်း အာရုံစိုက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် တည်ငြိမ်အေးချမ်းမှုလိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသော အရာများ၊ လုပ်ဆောင်ချက်များသည် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောကြောင့် အားလုံးဝိုင်းဝန်းပူးပေါင်း၍ ဖယ်ရှားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ပိုမိုလုံခြုံလာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောအကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ UEHRD တွင် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဒေသခံစီးပွားရေး လုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် မိတ်ဆွေနိုင်ငံများ မိတ်ဖက်အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၁၇ ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိမိနိုင်ငံနှင့် အပ်စပ်သော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကိုလည်း ပစ်ပယ်ထား၍ မရပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ပြန်လည်ထူထောင်ရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများတိုက်ရိုက် အကျိုးရှိသော လုပ်ငန်းများသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ လွှတ်တော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းရာ ရခိုင်ပြည်နယ်မြောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အချိန်သတ်မှတ်ချက်၊ ဒေသခံများ ပူးပေါင်းပါဝင်နိုင်မှု အခြေအနေ၊ ကျေးရွာများ ပြန်လည်နေရာချထားမည့် အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံရေးဆောင်ရွက်နေမှု၊ လူငယ်များ ဖွံ့ဖြိုးမှုဆောင်ရွက်ပေးနိုင်ရေး ကိစ္စများ၊ ရခိုင်ပြည်နယ် မြို့နယ်များမှ တိုင်းရင်းသား အိမ်ထောင်စုများ မောင်တောဒေသသို့ ပြောင်းရွှေ့နေထိုင်လိုပါက နိုင်ငံတော်မှ ကူညီပေးနိုင်မည့် အခြေအနေများအား ဆွေးနွေးကြပြီး အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူသို့ ပွင့်လင်းမြင်သာစွာချပြရန် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# UEHRD လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မောင်တော ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံ ကုမ္ပဏီများ ညှိနှိုင်းဆွေးနွေး

မောင်တော နိုဝင်ဘာ ၂၇

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံကုမ္ပဏီများ အချိတ်အဆက်မိမိနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုကို ယနေ့ နံနက် ၁၀ နာရီတွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။** (ယာပုံ)



အဆိုပါ အစည်းအဝေးနှင့် ပတ်သက်၍ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "အကြမ်းဖက်ဖြစ်စဉ်ကြောင့် လုံခြုံတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပြီးတဲ့ နောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်လို့ ရှေ့လုပ်ငန်းစဉ်တွေအတွက် ခရိုင်အဆင့် ဌာနဆိုင်ရာတွေနဲ့ ဒေသခံကုမ္ပဏီတွေ တွေ့ဆုံညှိနှိုင်း ဆွေးနွေးတာ ဖြစ်ပါတယ်၊ ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းပေးထားတဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနဲ့ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းအစီအမံတွေ ရေးဆွဲတဲ့အပိုင်းမှာ ဒီစီမံချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လိုအပ်တဲ့ အချက်အလက်တွေ သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ရမယ့် ခေါင်းစဉ်တွေနဲ့ ပတ်သက်လို့ အဓိက ခေါ်ယူညှိနှိုင်း ဆွေးနွေးတာ ဖြစ်ပါတယ်။

"ဒီလိုညှိနှိုင်းတဲ့အခါမှာ ဖြစ်စဉ်မတိုင်ခင်နဲ့ ဖြစ်ပွားပြီးနောက်ပိုင်း ဒေသတွင်းမှာရှိတဲ့ ဒေသခံကုမ္ပဏီတွေက ပြည်ထောင်စုအဆင့် ရန်ပုံငွေနဲ့ ခွင့်ပြုတဲ့ လုပ်ငန်းတွေ၊ ပြည်နယ်ဘတ်ဂျက်နဲ့ လုပ်တဲ့လုပ်ငန်းတွေအပေါ်မှာ အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိ အကောင်အထည်ဖော်တဲ့အခါမှာလည်း ရှေ့ဆက်ပြီးလုပ်တဲ့ အချိန်မှာ ဘာအခက်အခဲတွေရှိမလဲ၊ ဘာလိုအပ်ချက်တွေရှိမလဲ၊ ဒေသခံကုမ္ပဏီတွေ အနေနဲ့လည်း လိုအပ်ချက်တွေရှိရင် ဌာနဆိုင်ရာတွေနဲ့ ပွင့်လင်းမြင်သာစွာ ချိတ်ဆက်နိုင်အောင်ရယ်၊ အလားတူ ခရိုင်အဆင့်ဌာနဆိုင်ရာတွေ အနေနဲ့ ပြည်ထောင်စုအစိုးရ တာဝန်ပေးချက်အရ ပြည်နယ်လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်တဲ့ အပိုင်းမှာ ဌာန တစ်ခုနဲ့တစ်ခု ချိတ်ဆက်မိအောင်၊ ပေါင်းစပ် ညှိနှိုင်းနိုင်အောင် လုပ်ဆောင်ချက်တွေ တင်ပြ၊ ချပြ၊ ဆွေးနွေးကြစေချင်တာပါ။

"အကောင်အထည်ဖော်တဲ့ အပိုင်းမှာ တွေ့ကြုံရမယ့် အခက်အခဲတွေနဲ့ ပတ်သက်လို့ ညှိနှိုင်းပေးတယ်၊ လိုအပ်ချက်အားလုံးကို ခရိုင်အဆင့်ရော၊ ဒေသခံကုမ္ပဏီတွေအတွက်ပါ အချက်အလက်တွေ စုစည်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကို ဆက်လက်တင်ပြနိုင်ဖို့အတွက် ဒီကနေ့ လုပ်ငန်းညှိနှိုင်းစည်းဝေး ဆောင်ရွက်တာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အစည်းအဝေးသို့ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။ **သတင်းအဖွဲ့**

**ဓာတ်ပုံ- မင်းထက်**

# တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်း

**တောင်ကုတ် နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၅၉/ဃ) ဦးပိုင်အမှတ် ၁၂၂၁ တောင်သူ ဦးမောင်ကြီး၏ ဆင်းသွယ်လတ်မျိုးကွဲဖြင့် ဆောင်ရွက်ထားသည့် BMP (Best Management Practice) စံပြကွက် ၁၀ ဧကကို နိုဝင်ဘာ ၂၁ ရက်က စံကွက်ရိတ်သိမ်းခဲ့သည်။



ဆင်းသွယ်လတ်စပါး စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသိန်းနှင့် ဝန်ထမ်းများ၊ ကင်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြပြီး တစ်ဧကအထွက်နှုန်း အစို ၁၀၇ ဒသမ ၃၈ တင်း၊ အခြောက် ၉၁ ဒသမ ၂၈ တင်း ထွက်ရှိသည်။

အဆိုပါ စံပြကွက်သည် စပါးတစ်ဧကအထွက်နှုန်းတိုးရန် ဆောင်ရွက်ရမည့် နည်းစနစ်များကို တောင်သူများ သိရှိနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့်ပူးပေါင်း၍ လက်တွေ့ပညာပေး ပြသနေသည့် စိုက်ခင်းဖြစ်သည်။ တောင်ကုတ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၆၉၅၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းပြားမြို့နယ် ရွာပြင်ကျေးရွာအုပ်စု ခေါင်းလောင်းရွာသစ်ကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မင်းပြား နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ရွာပြင်ကျေးရွာအုပ်စု ခေါင်းလောင်းရွာသစ်ကျေးရွာ ကွင်းအမှတ် ၁၃၃၄ -ခ တောင်သူ ဦးအောင်ကျော်နု အပါအဝင် တောင်သူ ခုနစ်ဦး၏ မျိုးစေ့ထုတ်လုပ်သူများအသင်းဖြင့် စိုက်ပျိုးထားသော ရွှေဝါထွန်း မျိုးစေ့စိုက်ခင်း ၁၅ ဧကအား စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြသည်။

ယင်းမျိုးစေ့ထုတ် စိုက်ခင်း ဝ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၉၆ ဒသမ ၂၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေးလံခေါင်းပါးတဲ့ ဒေသတွေက ကျန်းမာရေးမကောင်းသူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့ ရည်ရွယ်ပြီး သင်တန်းတက်တာပါ

**အေးသိန်းမောင်( ရခိုင်၊ ငမြင်းဘော်ရွာသစ်)**




ဒေါက်တာသန်းထွန်းကျော်
( ဒုတိယညွှန်ကြားရေးမှူး၊
ဘူးသီးတောင်မြို့နယ်
ကျန်းမာရေးဦးစီးဌာန)



ဦးတင်နိုင်
(မြို့နယ်ကျန်းမာရေးမှူး အဆင့်-၁၊
ဘူးသီးတောင်မြို့နယ်
ကျန်းမာရေးဦးစီးဌာန)



အေးသိန်းမောင်
( ရခိုင်၊ ငမြင်းဘော်ရွာသစ်)



ဘီဂျမ်း
(ဟိန္ဒူဘာသာဝင်၊
တောင်ဘဇာကျေးရွာ)



ဟာဘဲလ်ဆာမတ်
( အစ္စလာမ်ဘာသာဝင်၊
ယင်းမရွာ)



မညို
(မြိုလူမျိုး၊
ဘိုကလေးရွာသစ်)

ဘူးသီးတောင် နိုဝင်ဘာ ၂၇

**ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ ဝေးလံခေါင်းပါးသည့် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်၍ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား သစ်လွင်သင်တန်းကို ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၁၀ ရက်မှ စတင်ကာ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။**

အဆိုပါ သင်တန်းသို့ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များရှိ ကျေးရွာများမှ ရခိုင်၊ ဒိုင်းနက်၊ မြို၊ ဟိန္ဒူဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင် စေတနာ့ဝန်ထမ်း ကျန်းမာရေး သင်တန်းသား ၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားများအနေဖြင့် ၎င်းတို့၏ ရပ်ရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် ဆေးဝါးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကာ သင်တန်းသားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြု လက်မှတ်များလည်း ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သတင်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် သင်တန်းသားများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာသန်းထွန်းကျော်**
**( ဒုတိယညွှန်ကြားရေးမှူး၊ ဘူးသီးတောင်မြို့နယ် ကျန်းမာရေး ဦးစီးဌာန)**

အခုကျွန်တော်တို့ သင်ကြားပေးနေတဲ့သင်တန်းက စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား သစ်လွင်သင်တန်း ဖြစ်ပါတယ်။ သင်တန်းရဲ့ရည်ရွယ်ချက်က ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုပြီးအဆင်ပြေလာအောင် ပြည်သူလူထုတွေအတွက်လည်း ကျန်းမာရေး စောင့်ရှောက်မှုတွေကို အပြည့်အဝ ခံစားရရှိလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားတွေကို မွေးထုတ်သင်ကြားပေးရခြင်း ဖြစ်ပါတယ်။ သင်တန်းမှာက အဓိကအားဖြင့် သာမန်ရောဂါတွေကို လောလောလတ်လတ် ကုသမှုပေးနိုင်အောင်၊ ရှေးဦးသူနာပြုလုပ်ငန်းတွေကို အရေးကြီးရင်ကြီးသလို ပထမဆုံး ကူညီမှုပေးနိုင်အောင်၊ အရေးကြီးလူနာတွေကို သက်ဆိုင်ရာ ဆေးရုံဆေးခန်းတွေကို အချိန်မီ ညွှန်ပို့မှု ပေးနိုင်အောင်ဆိုပြီး ဒီသင်တန်းကို ဖွင့်လှစ်ပေးနေတာ ဖြစ်ပါတယ်။

သင်တန်းပြီးသွားရင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ သင်တန်းပြီးသွားရင် သူတို့တွေကို လစဉ်သော်လည်းကောင်း၊ သုံးလခြားသော်လည်းကောင်း ကျွန်တော်တို့ ဆီကနေ ဆေးဝါးတွေကအစ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနက ကျန်းမာရေးဝန်ထမ်းတွေက ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့အခါမှာလည်း သူတို့တစ်တွေရဲ့အကူအညီကိုယူပြီး လက်တွဲဆောင်ရွက် သွားပါမယ်။ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဒီသင်တန်း ပြီးသွားရင်လည်း အရန်သားဖွားသင်တန်း ဖွင့်လှစ်သွားဖို့ ရှိပါတယ်။

**ဦးတင်နိုင် (မြို့နယ်ကျန်းမာရေးမှူး အဆင့်-၁၊ ဘူးသီးတောင်မြို့နယ်ကျန်းမာရေးဦးစီးဌာန)**

အခုသင်တန်းက လူထုကျန်းမာရေးလုပ်သား သင်တန်း ဖြစ်ပါတယ်။ ဒီသင်တန်းမှာ ကျွန်တော်အပါအဝင် မြို့နယ်မှာရှိတဲ့ ကျန်းမာရေးဝန်ထမ်း သင်တန်းဆရာ ခုနစ်ယောက်နဲ့ စုစည်းပြီး သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် သင်ပြပေးရတဲ့ အပိုင်းက ကျန်းမာရေးလုပ်သား တစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေ၊ တာဝန်ဝတ္တရားတွေ၊ ကျေးရွာတွေ ရောက်သွားရင် သူတို့လုပ်ကိုင်ရမယ့် တာဝန်တွေကို သင်ပါတယ်။ ရပ်ရွာတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတွေအကြောင်း၊ နာတာရှည်၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ ကင်ဆာတို့လို ရောဂါတွေကို ပညာပေးလို့ရအောင် သူတို့ကို သင်ကြားပေးပါတယ်။ နောက်တစ်ခုက သူတို့တစ်တွေ ရွာကို ရောက်ရင် ပြည်သူတွေကို ဘယ်လို ဆက်သွယ်ပြီး ဘယ်လိုကျန်းမာရေး အသိပညာပေး ရမယ်ဆိုတာတွေ သင်ကြားပေးပါတယ်။ သင်တန်းသားခေါ်ယူတာကတော့ ဩဂုတ် ၂၅ ရက်နောက်ပိုင်းမှာ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်ရဲ့ ကျန်းမာရေး လွှမ်းခြုံမှုမရှိတဲ့ ကျေးရွာတွေက လူမျိုးပေါင်းစုံပါဝင်တဲ့ သူတွေကို ခေါ်ယူသင်ကြားပေးတာ ဖြစ်ပါတယ်။

**အေးသိန်းမောင်( ရခိုင်၊ ငမြင်းဘော်ရွာသစ်)**

ကျွန်တော်က ဆေးပညာကို ဝါသနာလည်းပါပြီး ဒီပညာရပ်တွေကို သိရှိသင်ကြားနိုင်ဖို့နဲ့ ကျွန်တော်တို့လို ဝေးလံခေါင်းပါးတဲ့ ဒေသတွေက ကျန်းမာရေး မကောင်းသူတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့ ရည်ရွယ်ပြီး သင်တန်းလာတက်တာပါ။ သင်တန်းက ကျွန်တော်တို့ကို စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ စီစဉ်ပေးပါတယ်။ ဒီသင်တန်းမှာ ရခိုင်၊ ဟိန္ဒူဘာသာဝင်၊ မူဆလင်ဘာသာဝင်၊ ဒိုင်းနက်၊ မြို လူမျိုးတွေပါ ပါတယ်။ ကျွန်တော်တို့ သင်တန်းသား အချင်းချင်းကတော့ ချစ်ကြည်ရင်းနှီးမှု ရှိပါတယ်။

**ဘီဂျမ်း(ဟိန္ဒူဘာသာဝင်၊ တောင်ဘဇာကျေးရွာ)**

ကျွန်တော့်အသက်က ၂၀ နှစ်ဖြစ်ပါတယ်။ ပညာရေးက ၁၀ တန်း တက်နေပါတယ်။ ရွာက ကျောင်းကတော့ အကြမ်းဖက်မှု ဖြစ်စဉ်နောက်ပိုင်း မဖွင့်သေးပါဘူး။ ကျွန်တော်က ဒီသင်တန်းကို ကျွန်တော်တို့ရွာက မြို့ပေါ်မှာ တာဝန်ကျနေတဲ့ ဆရာဝန်က ပြောလို့ လာတက်ဖြစ်တာပါ။ သင်တန်းပြီးသွားရင်လည်း ကျွန်တော်တို့ရွာမှာ သင်တန်းကရတဲ့ အသိပညာ၊ အတတ်ပညာနဲ့ ရွာကလူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာ ဖြစ်ပါတယ်။

**ဟာဘဲလ်ဆာမတ်( အစ္စလာမ်ဘာသာဝင်၊ ယင်းမရွာ)**

ကျွန်တော် ဒီသင်တန်းကို မြို့နယ်ကျန်းမာရေးဌာနက သင်တန်းတက်ချင်တဲ့ သူရှိရင် လာတက်လို့ရတယ် ပြောလို့ လာတက်ဖြစ်တာပါ။ သင်တန်းကာလအတွင်းမှာ ကျန်းမာရေး ဌာနက ကျွန်တော်တို့ နေဖို့၊ ထိုင်ဖို့ စီစဉ်ပေးထားတာတွေ ရှိပါတယ်။ ကျွန်တော်ကတော့ အမျိုးအိမ်မှာပဲနေပါတယ်။ ဌာနကတော့ စားဖို့၊ သောက်ဖို့ စရိတ်တွေ ထုတ်ပေးပါတယ်။ ဒီသင်တန်းမှာ တက်ရောက်နေကြတဲ့ လူမျိုးပေါင်းစုံနဲ့ ခင်မင်ရင်းနှီးမှု ရှိပါတယ်၊ ချစ်ကြည်ရင်းနှီးမှုရှိပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခင်ခင်မင်မင် နေထိုင်ကြပါတယ်။ သင်တန်းပြီး သွားရင် ကိုယ့်ရွာက ကျန်းမာရေး မကောင်းတဲ့၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်ဖို့ လိုအပ်နေတဲ့သူတွေကို ကိုယ်တတ်ထားတဲ့ ကျန်းမာရေးအတတ်ပညာနဲ့ တတ်နိုင်သလောက် ကူညီပေးမယ်လို့ စိတ်ကူးထားပါတယ်။

**မညို (မြိုလူမျိုး၊ ဘိုကလေးရွာသစ်)**

ကျွန်မတို့ရွာက ဘူးသီးတောင်မြို့ကိုလာမယ်ဆိုရင် တစ်ညအိပ် နှစ်ရက်ခရီး လာရပါတယ်။ သွားရေးလာရေး ခက်ခဲပါတယ်။ သင်တန်းတက်ဖြစ်တာက ကျွန်မတို့ ရွာမှာ ကျန်းမာရေး ဆေးပေးခန်း မရှိပါဘူး။ မြို့နဲ့ဝေးတော့ ရွာနေပြည်သူတွေ မကျန်းမမာဖြစ်ရင် ကူညီလို့ရအောင်လို့ပါ။ ကျွန်မတို့ ရွာမှာ အိမ်ခြေ ၄၀ ကျော်ရှိတယ်။ လူဦးရေက ၂၀၀ ကျော်ရှိပါတယ်။ အနီးအနားမှာက တိုင်းရင်းသား လူမျိုးတွေ၊ အစ္စလာမ်ရွာတွေလည်း ရှိပါတယ်။ သင်တန်းပြီးသွားရင် ကျွန်မတို့ရွာမှာ ကျန်းမာရေး အသိပညာ နည်းတဲ့သူတွေကို ကိုယ်သင်ထားတဲ့ ကျန်းမာရေး အသိပညာတွေကို တစ်ဆင့်မျှဝေ ပေးသွားမှာပါ။

**မသန်းသန်းအေး( ဒိုင်းနက်လူမျိုး၊ ပန်းကုံးမရွာ)**

ကျွန်မတို့ရွာမှာ အိမ်ခြေ ၁၇၀ နီးပါးရှိပါတယ်။ လူဦးရေက ၆၀၀ ဝန်းကျင်ရှိပါတယ်။ ကျွန်မတို့ရွာမှာ ကျန်းမာရေးဆေးခန်း မရှိပါဘူး။ ကျွန်မတို့ရွာက ဘူးသီးတောင်မြို့ကို လာမယ်ဆို နှစ်ရက်၊ သုံးရက် လောက်လာရပါတယ်။ မြို့ပေါ်ကို လာမယ်ဆိုရင် တစ်ယောက်တည်းမလာရဲကြပါဘူး။ လူလေးငါးယောက်စုပြီး




မသန်းသန်းအေး
( ဒိုင်းနက်လူမျိုး၊
ပန်းကုံးမရွာ)

လာရပါတယ်။ ဒီသင်တန်းကို လာတက်တာက ကျွန်မတို့ ရွာသူ၊ ရွာသားတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးချင်လို့ သူတို့ ကိုယ်စား လာတက်တာဖြစ်ပါတယ်။ သင်တန်းပြီးလို့ ပြန်ရင်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ သင်တန်းတက်ဖို့က မြို့နယ်ဆရာဝန်က တစ်ဆင့် ဖုန်းနဲ့ ဆက်သွယ်လိုက်လို့ လာတက်ဖြစ်တာပါ။ သင်တန်းမှာ လူမျိုးမတူကြပေမယ့် ခင်ခင်မင်မင် ရှိပါတယ်။ အဆင်ပြေပါတယ်။

**သတင်းအဖွဲ့**

**ဓာတ်ပုံ- ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

---

## စစ်တွေမြို့နယ်အတွင်း သွားလာရန်ခက်ခဲသော ကျေးရွာများတွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံပေး

စစ်တွေ နိုဝင်ဘာ ၂၇

**ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ သွားလာရန်ခက်ခဲသော ကျေးရွာများတွင် ဂျပန် ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းမှစတင်ကာ ထိုးနှံပြီးဖြစ်၍ အသက် ကိုးလမှ ၁၅ နှစ်အထိ ကလေးငယ်များကို ထိုးနှံလျက်ရှိကြောင်း သိရသည်။**




စစ်တွေမြို့နယ်အတွင်း သွားလာရန် ခက်ခဲသော ဘင်္ဂါလီကျေးရွာ ၄၈ ရွာ၊ Camp ၁၄ ခု၊ ရပ်ကွက် တစ်ရပ်ကွက်နှင့် ဒေသခံတိုင်းရင်းသား ကျေးရွာ နှစ်ရွာရှိ အသက် ကိုးလမှ ၁၅ နှစ်အထိ ကလေးငယ် ငါးသောင်းကျော်ကို ယနေ့ နံနက်ပိုင်းက စတင်၍ ဆေးထိုးအဖွဲ့ ၁၃ ဖွဲ့ဖြင့် ထိုးနှံပေးလျက်ရှိသည်။ အဆိုပါ ဆေးထိုးရာ နေရာများသို့ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကြည်လွင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ကြည်ကြည်သာနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ ထို့အပြင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ပေးခဲ့ကြသည်။

**စစ်တွေမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးနေမှုကို တွေ့ရစဉ်။**

ရခိုင်ပြည်နယ်အတွင်းရှိ သွားလာရန် ခက်ခဲသော ဝေးလံခေါင်းပါးဒေသများနှင့် နယ်စပ်ဒေသရှိကျေးရွာ ၇၃၁ ရွာရှိ လူဦးရေ နှစ်သိန်းကျော်ကို ဆေးအဖွဲ့ ၂၈၅ ဖွဲ့မှ ဒီဇင်ဘာ ၃ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံးမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကြည်လွင်က ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

---

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ပေးလျက်ရှိ

**မောင်တော နိုဝင်ဘာ ၂၇**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဗောဓိကုန်း (တိုင်းရင်းသား)ကျေးရွာ၊ ငွေတောင် (တိုင်းရင်းသား)ကျေးရွာ၊ ရွာသာယာ(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာ၊ မင်္ဂလာညွှန့် (တိုင်းရင်းသား)ကျေးရွာ၊ ကြိမ်ချောင်း (ရောနှော)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရ စခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင် (တိုင်းရင်းသား)ကျေးရွာ၊ ရေမျက်တောင် (တိုင်းရင်းသား)ကျေးရွာ၊ လောင်းဒို (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားလေးကောင်နှင့် ဆိတ်ခုနစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်းနွား ၃၀၃ ကောင်နှင့် ဆိတ် ၆၆၅ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ အထက်ဖော်ပြပါ စခန်းပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့နွားနှင့် ဆိတ်များ မတွေ့ဘဲ စခန်းအနီး ပတ်ဝန်းကျင်ကျေးရွာများတွင် တွေ့ရှိသော ပိုင်ရှင်ရှိ နွား၊ ဆိတ်များအား ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တောဆင်ရိုင်းလေးကောင် ဝင်ရောက်ဖျက်ဆီးမှုကြောင့် အရုံစေတီသုံးဆူနှင့် ရုပ်ပွားတစ်ဆူ ပျက်စီး

**ဟုမ္မလင်း နိုဝင်ဘာ ၂၇**

ချင်းတွင်းမြစ်အနောက်ဘက် ဟုမ္မလင်းမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု အင်ကြင်းမော်ကျေးရွာရှိ ရွှေမင်းဝံတောင်ပေါ် ဘုန်းကြီးကျောင်း ပရိဝုဏ်အတွင်းသို့ နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းက တောဆင်ရိုင်းလေးကောင် ဝင်ရောက်ဖျက်ဆီးမှုကြောင့် တည်ထားသောစေတီမှ အရုံစေတီသုံးဆူနှင့် ရုပ်ပွားတစ်ဆူပျက်စီးသွားကြောင်း သိရသည်။

တောဆင်ရိုင်းလေးကောင် ဝင်ရောက်ဖျက်ဆီးမှုကြောင့် အရုံစေတီရှစ်ဆူအနက် တစ်ဆူမှာ အခြေမှပြိုလဲကာ နှစ်ဆူမှာ ထီးတော်ကျိုးကျ ပြီး အနီးရှိ ရုပ်ပွားတော်တစ်ဆူပျက်စီးခဲ့ကြောင်း ဟုမ္မလင်းမြို့ မြို့မရဲစခန်းတာဝန်ရှိသူထံမှ သိရသည်။

ရွှေမင်းဝံ ဘုန်းကြီးကျောင်းသည် အင်ကြင်းမော်ကျေးရွာနှင့် တစ်မိုင်ခန့် သောင်သွပ် - အင်ကြင်းမော်သွား ကားလမ်း၏အနောက်ဘက် လေးဖာလုံခန့် အကွာတွင် တည်ရှိပြီး အဆိုပါ ဘုန်းကြီးကျောင်းတွင် လွန်ခဲ့သည့်လေးနှစ်ခန့်ကစ၍ ဆရာတော် တစ်ပါးတည်း သီတင်းသုံးလျက်ရှိကြောင်း သိရသည်။ ဒါယကာ ဒါယိကာမများက နိုဝင်ဘာ ၂၅ ရက်က အနီးရှိတောအတွင်း တောဆင်ရိုင်းများ ဝင်ရောက်နေကြောင်း လျှောက်ထားမှုအရ အင်ကြင်းမော်ကျေးရွာ ဘုန်းကြီးကျောင်းတွင် သွားရောက် သီတင်းသုံးနေသဖြင့် တောဆင်ရိုင်းများ ဘုန်းကြီးကျောင်းဝင်စဉ် ဆရာတော်မှာ ကျောင်းဝင်းအတွင်း ရှိမနေခဲ့ကြောင်း သိရသည်။

တောဆင်ရိုင်းများသည် လေးကောင်ခန့်ရှိပြီး အင်ကြင်းမော်ကျေးရွာနှင့် ငါးမိုင်ခန့်ဝေးသော ထိုးကျတောင်တန်း တောအတွင်း ရောက်ရှိနေသည်ကို စုံစမ်းသိရသောကြောင့် ထပ်မံဝင်ရောက်ဖျက်ဆီးမှု မရှိစေရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက မီးတုတ်များ ပြောက်အိုးများ ဖောက်၍ စုပေါင်းခြောက်လှန့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ကျောက်မီးသွေးတွင်းထဲသို့ ပို့လွှတ်သည် လေပိုက်ပေါက်မှုဖြစ်ပွား

**မင်းဘူး နိုဝင်ဘာ ၂၇**

မင်းဘူးမြို့နယ် ရွှေစက်တော်အနီး ဆပ်ပြာချောင်း(ငဖဲမြို့နယ်အရှေ့ဘက်) ဟန်ထက် ကုမ္ပဏီမှ တူးဖော်လျက်ရှိသည့် ကျောက်တစ်လုံးမှော် ကျောက်မီးသွေး တွင်း၌ ယနေ့ မွန်းလွဲ ၃ နာရီခန့်က ကျောက်မီးသွေးတွင်း အနက်ပေ ၂၀၀ မှ ပေ ၂၅၀ ကြားရှိတွင်းထဲသို့ ပို့လွှတ်ပေးသည့် လေပိုက်ပေါက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် တရုတ်နိုင်ငံသား ချန်သောက်လွင်(၄၃နှစ်)၊ ကျန်ခွန်ရှိန်(၅၉နှစ်)၊မင်းဘူးမြို့နယ် တောကျောင်းကုန်းရွာမှ ကျောက်မီးသွေးတွင်းလုပ်သား ကိုမျိုး(၂၄နှစ်)နှင့် မမီမီဇင် (၂၂နှစ်) တို့သည် ငဖဲမြို့နယ် ပြည်သူ့ဆေးရုံသို့ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ စိုးရိမ်ရသည့်အခြေအနေ မရှိကြောင်းနှင့် ကျောက်မီးသွေးတွင်းထဲ၌ ပိတ်မိသူ ခုနစ်ဦးခန့် ကျန်ရှိနေသေးကြောင်း ကနဦးသတင်းရရှိသည်။



ကျောက်မီးသွေးတွင်းထဲ၌ ပိတ်မိနေသူများအား ကူညီကယ်ဆယ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများ ကူညီပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သန်းနိုင်ဦး(ငဖဲ)**

## သာဂရ - ကိုးပင် ရိုးမဖြတ်ကျော်လမ်း၌ အမဲသားများတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ရေတာရှည် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်မှ အမဲသားများတင်ဆောင်၍ တောင်ငူမြို့သို့ ပို့ဆောင်နေကြောင်း သတင်းအရ မြို့နယ်တရားမဝင်တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီး ကာကွယ်ရေးအဖွဲ့မှ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက စိုင်းရသစ်တောကြိုးဝိုင်း ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်(၆/၃)အနီး၌ အမဲသားများ တင်ဆောင်လာသော ခြောက်ဘီးယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့နယ်ဌာနဆိုင်ရာများနှင့် ရဲတပ်ဖွဲ့ ဝင်တို့ပါဝင်သောအဖွဲ့က ဆင်ပေါင်ဝဲ မြို့နယ်အတွင်းမှ မောင်းနှင်လာသော ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် ခွင့်ပြုချက်မရှိဘဲ တင်ဆောင်လာသည့် အမဲသား ပိဿာ ၇၀၀ ကျော်၊ အမဲအဆီ ပိဿာ ၄၀၊ သားရေ ပိဿာ ၇၀၊ အူခြမ်း ၃၈ ပိဿာတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသည့် အမဲသားများအား စည်ပင်သာယာရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်ပိဿာလျှင် ၄၀၀၀ ကျပ် နှုန်းဖြင့် လေလံပစ်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ လူသုံးကုန်ပစ္စည်းနှင့် အဝတ်အထည်များ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်၌ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၅ စီး ၊ သွင်းကုန် ၁၄၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၁၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများ အား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်၌ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၀၈ ဒသမ ၅၃၀ ခန့် ၊ မရမ်းချောင် အမြဲတမ်းစစ်ဆေး ရေးစခန်းမှ တားဆီးမှု ၁၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၈၅၆ သန်းခန့် စုစုပေါင်း တားဆီးမှု ၂၅ မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၀ ဒသမ ၃၈၇ သန်းခန့်အား ဖမ်းဆီးရမိ ခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖြစ်စဉ်အနေဖြင့် နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေးမြို့သို့ သွားရောက် မည့် Nissan ၁၂ ဘီးယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီ စစ်ဆေးခဲ့ရာ တရားမဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြ နိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ စုစုပေါင်း ၂၁ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃ ဒသမ ၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မလွှဲတောင်စစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကလိန်အောင် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ မလွှဲတောင်စစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၄ နာရီကျော်က စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလိန်အောင်မြို့ မလွှဲတောင်စစ်ဆေးရေးဂိတ်၌ ရဲကင်းမှူး ရဲအုပ်မြစိုးနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ မော်တော်ယာဉ် ၊ လူအဝင် အထွက်များအား စစ်ဆေးနေစဉ် ရေးမြို့ဘက်မှ ယာဉ်မောင်း အောင်ကိုလတ် မောင်းနှင်လာသည့် နံပါတ်မပါ Honda Wave 100 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီအတွင်း၌ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၊ အလေးအချိန် ၁၃၀ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀ ခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ အား လက်ဝယ်ထားရှိ သယ်ဆောင်လာသော မောင်အောင်ကိုလတ်ကို ကလိန်အောင်မြို့ နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကလိန်အောင်(ပြန်/ဆက်)**

## ဆည်အတွင်း ရေဆင်းချိုးရာမှ သေဆုံးမှုဖြစ်ပွား

**နမ့်စန် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု နောင်ခါးကျေးရွာ၊ နောင်ခါးဆည်ရေစစ်ကန်တွင် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ဆည်အတွင်း ရေဆင်းချိုးရာမှ လူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ့်စန်မြို့ အမှတ် ၃ ရပ်ကွက်နေ မောင်ဝင်းပြည့်ချမ်းသာ (၁၆ နှစ်) နှင့် အမှတ် ၅ ရပ်ကွက်နေ မောင်ကျော်ဇင်ဦး (၁၃ နှစ်) တို့သည် နောင်ခါးဆည်သို့သွားရောက်၍ အတူရေဆင်းချိုးခဲ့ကြပြီး မောင်ကျော်ဇင်ဦးသည် ရေချိုးရာမှ ကုန်းပေါ်တက်၍ နားပြီး ပြန်ဆင်းလာချိန်တွင် မောင်ဝင်းပြည့်ချမ်းသာ အား မတွေ့၍ ဆည်အတွင်းလိုက်လံရှာဖွေခဲ့ရာ ဆည်အတွင်းရှိ ပိုက်အတွင်း ဦးခေါင်းဝင်၍ ရေနစ်သေဆုံးနေကြောင်း သိရသည်။

သို့ဖြစ်၍ မောင်ဝင်းပြည့်ချမ်းသာ သေဆုံးမှုနှင့်ပတ်သက်၍ နမ့်စန်မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## မလှိုင်မြို့နယ်၌ တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦး အအေးမိ၍ သေဆုံး

**မလှိုင် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦးသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၅ နာရီခန့်က အအေးမိသေဆုံးသွားကြောင်း မလှိုင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့ပြည်သူ့ဆေးရုံကြီးသို့ တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦး အအေးမိ၍ ရုတ်တရက်သေဆုံးသွားသဖြင့် ပို့ဆောင်ခဲ့ကြောင်းသတင်းအရ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်လှိုင်သွားရောက်ကြည့်ရှုစစ်ဆေးရာ မလှိုင်မြို့အမှတ် ၂ ရပ်ကွက် နယ်မြေ ၁၀ ရှိ ကိုယ်ပိုင်ဘာသာရပ်သင်တန်းကျောင်းတွင်တက်ရောက်ပြီး မလှိုင်မြို့ (အ.ထ.က)ခွဲ မြို့သစ်ကျောင်း တက္ကသိုလ်ဝင်တန်း၊ ဝိဇ္ဇာဘာသာတွဲတွင် ပညာသင်ကြားနေသော ထွန်းထွန်းအောင်(၁၆နှစ်) တောင်သာမြို့နယ် လက်သဲကျင်း ကျေးရွာနေထိုင်သူသည် ပြင်ပတွင် ဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရဘဲ အအေးမိ၍ ရုတ်တရက်သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မလှိုင်မြို့မရဲစခန်းမှ အမှုဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## အနောက်ပိုင်းတက္ကသိုလ် ကြို/ပို့ ယာဉ်တိုက်မှုကြောင့် တတိယနှစ်ကျောင်းသူ တစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ အနောက်ပိုင်းတက္ကသိုလ်တွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက စာမေးပွဲဖြေဆိုရန် ကျောင်းသို့ မောင်းနှင်လာသောယာဉ်နှင့် မျက်နှာချင်းဆိုင်မောင်းနှင်လာသည့် တက္ကစီယာဉ်တို့ ကျောင်းရှေ့တွင် ရှောင်တိမ်းစဉ် ယာဉ်တစ်စီးနှင့် ကျောင်းသူတစ်ဦးကိုတိုက်မိရာ ကျောင်းသူသေဆုံးခဲ့၍ ကျောင်းသား ရှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

စာမေးပွဲဖြေဆိုရန် အနောက်ပိုင်းတက္ကသိုလ်သို့ မောင်းနှင်လာသော 6N/---- လိုက်ထရပ် ကျောင်းကားမှာ ထန်းတပင်မြို့ဘက်မှ မောင်းနှင်လာသော 9H/---- တက္ကစီယာဉ်ကို ရှောင်တိမ်းစဉ် အရှိန်လွန်၍ ပရိဘောဂယာဉ်နှင့် တတိယနှစ်(မြန်မာစာ) ကျောင်းသူ မရတနာသန့်လွင့် နွယ်သာကီလမ်း ကျန်စစ်သားရပ်ကွက် တိုက်ကြီးမြို့နယ် နေသူအား တိုက်မိ၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ကြို/ပို့ ကျောင်းယာဉ်ပေါ်တွင် လိုက်ပါလာသော ကျောင်းသား နှစ်ဦး၊ ကျောင်းသူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသော ကျောင်းသား ကျောင်းသူများကို အင်းစိန်ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိပြီး ကျောင်းကားမောင်းနှင်သော ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိရာ ထန်းတပင် တက်သစ်ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**၁၆၄**


**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ၊ အထက၊ နဝမတန်းမှ မောင်ကျော်သက်အောင်၏ ဖခင်အမည်မှန်မှာ ဦးငွေးမောင် ၅/ပလန(နိုင်)၀၀၀၀၆၅ ဖြစ်ပါကြောင်း။ **ဦးငွေးမောင်**

**ကန့်ကွက်နိုင်ပါသည်**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ရတီလမ်းရှိ ဦးပိုင်မြေကွက်အမှတ်(ဒ/၃၂၅၉၈)၊ အကျယ်အဝန်း (၈၀×၈၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရေမီးအစုံနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးကျော်လင်းလှိုင် ၁၄/တကန(နိုင်)၀၀၄၇၅၃ထံမှ ပဲခူးမြို့တွင်နေထိုင်သူ ဦးဖြေ ၇/ပခန(နိုင်)၁၆၉၈၆၈က ဝယ်ယူရန် သဘောတူသဖြင့်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ရာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု ယူဆသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)**
**အမှတ် (၈/၈၂)၊ စံပယ်လမ်း**
**ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့**

The Global New Light of Myanmar
**သတင်းစာတိုက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၇/၂၀၁၇)**

၁။ The Global New Light of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းများအား ဆိပ်ကမ်းအရောက် အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ကုန်ကြမ်းအမည် | ဝယ်ယူမည့်ပမာဏ | ကုန်ကြမ်းသတ်မှတ်ချက်များ |
|---|---|---|---|
| (က) | ၆၄ လက်မစက္ကူ (1626 mm) | (၁၆၅၀) တန် | (Standard newsprint Paper) 45 gsm, Core 76 mm, Diameter 1016 mm. |
| (ခ) | ၃၂ လက်မစက္ကူ (813 mm) | (၃၅၀) တန် | (Standard newsprint Paper) 45 gsm, Core 76 mm, Diameter 1016 mm. |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၁-၂၀၁၇ရက်မှ ၁၉-၁၂-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၂-၂၀၁၇ ရက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်မည့် အစီအစဉ်အား ထပ်မံအသိပေးပါမည်။

**တင်ဒါတင်သွင်းရန်လိပ်စာ**
**The Global New Light of Myanmar သတင်းစာတိုက်**
**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၈၆၀၄၅၃၀၊ ၀၉-၇၇၀၆၇၇၅၁၃**

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် B.O.T စနစ်ဖြင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး လမ်း/တံတား လုပ်ငန်းများတွင် ၂၀၁၇ ခုနှစ်အတွက် စွမ်းဆောင်ရည်အကောင်းဆုံးရရှိခဲ့ကြသော

| | |
|---|---|
| **Oriental Highway Co.,Ltd** | စွမ်းဆောင်ရည်ဆု အဆင့် (၁) |
| **ရွှေသံလွင်ကုမ္ပဏီလီမိတက်** | စွမ်းဆောင်ရည်ဆု အဆင့် (၂) |
| **ရွှေတောင်ကုမ္ပဏီလီမိတက်** | နှစ်သိမ့်ဆု |
| **မြတ်နိုးသူကုမ္ပဏီလီမိတက်** | နှစ်သိမ့်ဆု |

များအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူ့အတွက် လမ်း/တံတား လုပ်ငန်းများ ယခုထက်မက ချောမွေ့ကောင်းမွန်ရေး ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊
တိုင်း/ပြည်နယ် ညွှန်ကြားရေးမှူးများနှင့်
B.O.T Task Force အဖွဲ့
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

## တိုက်ခန်းငှားမည်

လသာမြို့နယ်၊ ၁၇ လမ်း၊ မြေညီထပ် ၁၂ပေ×ပေ၅၀ အခန်း(၁)ခန်းပါ

**ဖုန်း-၀၉-၇၃၀၄၆၄၃၃**
**၀၉-၇၉၅၃၃၆၃၃၂**

## ပျောက်ဆုံးခြင်း

ကျွန်တော်တို့၏ AUNG KHANT HEIN PRECIOUS JADE COMPANY LIMITED.၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မှုရင်း-၄၆၆/၂၀၀၃-၂၀၀၄ (၁၃-၁၀-၂၀၀၃)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၂၀၅၀၂၈၈**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၁၆/က)၊ မြေကွက်တည်နေရာအမှတ်(၇၁၆/က)၊ ပတ္တမြားလမ်း၊ (၅)ရပ်ကွက်၊ ဒေါ်စန်းနွဲ့ ၁၂/ဥကမ(နိုင်)၀၅၄၃၆၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်စန်းနွဲ့သည် ၂၃-၃-၂၀၀၂ရက်တွင်လည်းကောင်း၊ ဖခင်ဦးဝင်းစိန်သည် ၁၆-၇-၂၀၀၀ရက်တွင်လည်းကောင်း၊ ကွယ်လွန်ကြောင်းနှင့် တစ်ဦးတည်းသော သားတော်စပ်ကြောင်း၊ ပုဇွန်တောင်မြို့နယ် တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူမှ လက်မှတ်ရေးထိုးသော ကျမ်းကျိန်လွှာ (၅-၆၆၀/၂၀၁၇) ၁၁-၅-၁၇ သေစာရင်း၊ ဒေါ်စန်းနွဲ့ အမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ဦးမိုးမြင့် ၁၂/ဥကမ(နိုင်)၀၅၄၅၀၇မှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၂)ထပ်ပျဉ်ထောင်သွပ်မိုး (၁)လုံးရှိ၍ နေထိုင်မှုမရှိခြင်းအတွက် လျှောက်ထားသူမှ ဝန်ခံကတိပြုချက် တင်ပြလာသောကြောင့် ဦးမိုးမြင့်၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့တော်နေ ပြည်သူများသို့ အသိပေးပန်ကြားချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆက်သွယ်ရေးကွန်ရက်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရကုမ္ပဏီအချို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း Fiber Optic Cable နှင့် ဆက်စပ်ဆက်သွယ်ရေးကိရိယာများ၊ WiFi ချိတ်ဆက်မှုကိရိယာများ တပ်ဆင်ချိတ်ဆွဲခြင်းနှင့် ဆက်သွယ်ရေးတိုင်များ စိုက်ထူခြင်းတို့ကို တရားဝင်ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

**ဆက်သွယ်ရေး ဥပဒေအခန်း(၁၃)၊ ပုဒ်မ(၄၁)အရ “သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင်(သို့မဟုတ်)ယင်းမြေနှင့် အဆောက်အအုံ Right of Way ကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက်ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်နေရာတွင် ဆောင်ရွက်နိုင်သည်”**ဟု ပါရှိသည်နှင့်အညီသာ ဆောင်ရွက်ရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားပြီးဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားဝင် ခွင့်ပြုချက်ရယူထားသော အဖွဲ့အစည်းမှာ MPT နှင့် Eager Communication Group နှစ်ခုသာရှိပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းတွင် တရားဝင်ခွင့်ပြုချက် ရယူထားခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ထားသော ကုမ္ပဏီများအနေဖြင့် (၃၁-၁၂-၂၀၁၇)ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တရားဝင်ခွင့်ပြုမိန့် လာရောက်လျှောက်ထားကြပါရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိသော ကုမ္ပဏီများမှ ဆောင်ရွက်ထားသည့် Fiber Optic Cable များ၊ ဆက်သွယ်ရေးတိုင်များနှင့် ဆက်စပ်ဆက်သွယ်ရေးကိရိယာများ၊ WiFi ချိတ်ဆက်မှုကိရိယာများအား ဖြုတ်သိမ်းသွားမည့်အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရန်ကုန်မြို့တော်နေပြည်သူများအနေဖြင့်လည်း တရားဝင်ခွင့်ပြုချက် ရယူထားခြင်းမရှိသော ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း မပြုကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မိတ္ထီလာမြို့နေ
(ဦးသောင်းစိန်)-ဒေါ်သိန်းမို
တို့၏ သားငယ်

**ဗိုလ်ကြီးမြင့်သိန်း M.B., B.S(DSMA)**
**2nd Year, M.Med.Sc(Radiology)**

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးဝင်းကျော်ဦး(ငြိမ်း)၊ [အထွေထွေမန်နေဂျာ၊ အမှတ်(၁)အလုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း]-ဒေါ်ဖြူဖြူနွယ်(အလယ်တန်းပြ)(ငြိမ်း)
တို့၏ သမီးကြီး

**မမေမျက်သွယ် B.E(Mechanical)**
**Diploma in Business Management**

တို့၏ ၂၆-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် Gandamar Grand Ballroom ၌ ကျင်းပပြုလုပ်သောမင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်သန်းဆွေ(ငြိမ်း)ဦးဆောင်ညွှန်ကြားရေးမှူး(မြန်မာစီးပွားရေးကော်ပိုရေးရှင်း)နှင့်ဇနီး ဒေါ်ခင်ခင်လှ၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်သီရိပျံ့ချိ စိုးလွင်(ငြိမ်း) သံအမတ်ကြီး(ငြိမ်း)နှင့် ဇနီး ဒေါ်ယဉ်ယဉ်နု၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးခဲ့သော စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၏ဇနီး ဒေါ်စန်းစန်းအေးနှင့် စစ်ဘက်/နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများ၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ခဲ့ကြသူများ၊ မင်္ဂလာအခမ်းအနားမှူး ဦးဇော်မင်းအောင်(ဆည်မြောင်း)၊ မင်္ဂလာပန်းခြင်းကိုင် သမီးလေးမေစံပယ်ကို၊ မင်္ဂလာပန်းကြဲပေးပါသော မယွန်းငယ်ထွန်း၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးပါသော မခြူးကေသီနှင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဝေယံထက်၊ ဗိုလ်ကြီးကောင်းထက်မှူး၊ မင်္ဂလာသတို့သမီးအရံ မမိုင်နွယ်နီဦး၊ မအေးမြင့်မြတ်၊ Gandamar မှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမြင့်သိန်း-မမေမျက်သွယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂-D)၊ မြေကွက်အမှတ် (၁၆)၊ ဧရိယာ ၀ဒသမ၃၂၄ဧကနှစ်(၆၀) မြေငှားစာချုပ်အမည်ပေါက်မှာ TAN GON CHAN(ခ) ဦးအောင်အောင်(ခ)ဦးမျိုးလွင်၊ ဒေါ်မွေး(ခ)လူစွမ်းအင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၃၇၁၅/၂၀၁၇) ရက်စွဲ ၂၂-၁၁-၂၀၁၇တင်ပြ၍ ဦးအောင်ထွန်း ၁၂/ပဘတ(နိုင်)၀၂၇၆၄၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ရွှေဥက္ကလာရေသန့်စက်ရုံမှ အလိုရှိသည်

**ဝန်ထမ်း ကျား (၅)ဦး - မ (၄)ဦး - ညစောင့် ကျား (၁)ဦး**

နေရန် စားရန် စီစဉ်ပေးမည်။ နယ်ဝန်ထမ်းဦးစားပေးမည်။
အမှတ်(၁၉)၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊
(ည-၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်
**ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(ခွဲ) ကတိုက်ကလေး၊ အဋ္ဌမတန်းမှ မောင်တိမ်ယံထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင်ဦး ၁၀/သထန(နိုင်)၁၃၈၈၈၈ ဖြစ်ပါကြောင်း။ **ဦးအောင်ခိုင်ဦး**

# သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးရန် အိန္ဒိယပြည်နယ်အစိုးရအတည်ပြု

**နယူးဒေလီ နိုဝင်ဘာ ၂၇**

သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးရန် အိန္ဒိယနိုင်ငံ အလယ်ပိုင်း မတရာပရာဒေ့ရှ်ပြည်နယ် အစိုးရက ယမန်နေ့က အတည်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသက် ၁၂ နှစ်အောက် ကလေးငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သူများကို သေဒဏ် ပြစ်ဒဏ်ချမှတ်ရန် ယမန်နေ့က အတည်ပြုခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရ အဖွဲ့ဝင် အရာရှိတစ်ဦးက ပြောသည်။

အစိုးရအဖွဲ့အစည်းအဝေးကို ပြည်နယ်ဝန်ကြီးချုပ် ရှီဗ်ရာ့ချ် ဆင်းဂ်ချိုဟန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ကလေးငယ်များအပေါ် ကျူးလွန်သော မုဒိမ်းမှုအပေါ် သေဒဏ်ပေးခြင်းကြောင့် ပြည်နယ်အတွင်း အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် မုဒိမ်းမှုကျူးလွန်မှုများ လျော့နည်းသွားမည်ဟု ပြည်နယ်အစိုးရက ယုံကြည်လျက်ရှိသည်။

ထို့အပြင် လူငယ်များ အုပ်စုဖွဲ့ဝိုင်းအဓမ္မကျူးလွန်မှုများလည်း သေဒဏ်ပြစ်ဒဏ်ချမှတ်မှုတွင် ပါဝင်မည်ဖြစ်ကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဂျေရန့်မလီယာက ပြောကြားခဲ့သည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် နယူးဒေလီမြို့ရှိ ဆေးတက္ကသိုလ်ကျောင်းသူတစ်ဦးကို အုပ်စုဖွဲ့မုဒိမ်းကျင့်မှုတစ်ခုဖြစ်ပွားခဲ့ရာ ယင်းမှာ အိန္ဒိယနိုင်ငံ၌ အမျိုးသမီးများအပေါ် ရာဇဝတ်မှုကျူးလွန်နေသည့် ကိစ္စရပ်ကို မီးမောင်းထိုးပြစရာတစ်ခုဖြစ်လာခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုင်ငံအတွင်း ဆန္ဒပြပွဲများအကြီးအကျယ်ဖြစ်ပွားခဲ့ကာ မုဒိမ်းမှုဥပဒေများပေါ်ထွက်လာခဲ့သော်လည်း အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများအပေါ်လူမဆန်သည့် အဓမ္မမှုများမှာ လျော့နည်းပျောက်ကွယ်သွားသည်ဟူ၍မရှိဘဲ ဆက်လက်ကျူးလွန်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




# အင်ဒိုနီးရှားနိုင်ငံ အာဂန်းမီးတောင်ပေါက်ကွဲမှုကို အမြင့်ဆုံးအဆင့်သတ်မှတ်

**ဂျကာတာ နိုဝင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ အာဂန်းမီးတောင်ပေါက်ကွဲနေမှုအပေါ် အမြင့်ဆုံးအဆင့် ၄ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သတင်းရင်းမြစ်များတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီကျွန်းပေါ်ရှိ အဓိကလေဆိပ်ကို အာဏာပိုင်များက ပိတ်ထားလိုက်ရပြီဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆုတိုပို ပါဝူးနူဂရိုဟိုက ပြောကြားခဲ့သည်။

မီးတောင်မှာ အမြင့်ဆုံးပေါက်ကွဲနိုင်သည့် အခြေအနေရှိသောကြောင့် မီးတောင်အနီးဝန်းကျင်ဒေသများရှိ ဒေသခံများကိုလည်း ချက်ချင်းပြောင်းရွှေ့မှုများပြုလုပ်ရန် ဆော်ဩထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲနိုင်သည့် သတိပေးချက်များနှင့် မီးတောင်မှမှုတ်ထုတ်သော ပြာပူများကြောင့် ဘာလီလေဆိပ်ကိုလည်း အရေးပေါ်ပိတ်ခဲ့ရကာ




**မီးတောင်မှ ချော်ရည်ပူများမှုတ်ထုတ်နေသည်ကို အဝေးမှ တွေ့ရစဉ်။**

လေယာဉ်ခရီးစဉ် ၄၄၅ ခုနှင့် ခရီးသည် ပေါင်း ၅၉၀၀၀ဦး ထိခိုက်နစ်နာမှုများရှိကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုမှ ချော်ရည်ပူများစီးဆင်းမှုကြောင့် ယင်းလမ်းကြောင်း တစ်လျှောက်ရှိ အိုးအိမ်များ၊ တံတားများ၊ လမ်းများထိခိုက်ပျက်စီးနိုင်ကြောင်း သိရသည်။

၁၉၆၃ ခုနှစ်ကလည်း အာဂွန် မီးတောင် ပေါက်ကွဲခဲ့ရာ လူပေါင်း ၁၀၀၀ ထက်မနည်း သေဆုံးခဲ့ပြီး ရွာပေါင်းများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးတောင်မှာ ယမန်နေ့များကတည်းက စောင့်ကြည့်အနေအထားဖြင့် စောင့်ကြည့်နေရပြီးနောက် ယခုနောက်ပိုင်းတွင် အမြင့်ဆုံးအဆင့် သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ရခြင်းဖြစ်သည်။ **ရိုက်တာ၊ ဆင်ဟွာ**

# မိုက်ခရိုဆော့ဖ်တွဲဖက်တည်ထောင်သူ ဘီလ်ဂိတ်ကို တော်ဝင်ပညာရှင်တစ်ဦးအဖြစ် စီအေအီးက ရွေးချယ်ဖော်ပြ

**ပေကျင်း နိုဝင်ဘာ ၂၇**

မိုက်ခရိုဆော့ဖ်ကို တွဲဖက်တည်ထောင်သူလည်းဖြစ် တာရာပါဝါဥက္ကဋ္ဌလည်းဖြစ်သူ ဘီလ်ဂိတ်ကို တရုတ်နိုင်ငံ၏ထိပ်တန်းသိပ္ပံပညာဆိုင်ရာ ညာဏ်ကြီးရှင်အဖွဲ့ Chinese Academy of Engineering (CAE) တွင် နိုင်ငံခြားတော်ဝင်ပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ရွေးချယ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

စီအေအီးအတွက် ၎င်းသည် ၁၈ ဦးမြောက် ရွေးချယ်ခံရသည့် နိုင်ငံခြားတော်ဝင်ပညာရှင်ဖြစ်ကြောင်း စီအေအီးက ကြေညာခဲ့သည်။ ဘီလ်ဂိတ်သည် နျူကလီးယားဆန်းသစ်မှုနည်းပညာကုမ္ပဏီတာရာပါဝါ၏ ဥက္ကဋ္ဌလည်းဖြစ် တည်ထောင်သူလည်းဖြစ်ကြောင်း သိရသည်။ စီအေအီးနှင့် တရုတ်သိပ္ပံအကယ်ဒမီနှစ်ခုသည် တရုတ်နိုင်ငံ၏ ညာဏ်ကြီးရှင် အဖွဲ့နှစ်ဖွဲ့ဖြစ်ကာ အစိုးရနှင့် စက်မှုလုပ်ငန်းများကို အရေးပါသော သိပ္ပံအကြံဉာဏ်များပေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဇင်ဘာဘွေသမ္မတဟောင်း မူဂါဘီ၏မွေးနေ့ကို အများပြည်သူ ရုံးပိတ်ရက်အဖြစ် ကြေညာ

**ဟာရာရီ နိုဝင်ဘာ ၂၇**

ဇင်ဘာဘွေနိုင်ငံတွင် သမ္မတဟောင်း ရောဘတ်မူဂါဘီ၏မွေးနေ့ ဖြစ်သည့် ဖေဖော်ဝါရီ ၂၁ရက်ကို အများပြည်သူ ရုံးပိတ်ရက်အဖြစ်ကြေညာလိုက်ကြောင်း နိုင်ငံကထိန်းချုပ်ထားသည့် ဟီရယ်လ် သတင်းစာက တနင်္လာနေ့တွင်သတင်းဖော်ပြခဲ့သည်။

အာဏာရ ZANU-PF Youth League ၏ အပြင်းအထန်မဲဆွယ်မှုများအပြီး ဩဂုတ်လတွင် အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ပြီးနောက် အဆိုပါနေ့ကို အများပြည်သူရုံးပိတ်ရက်အဖြစ်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အပစ်ရပ်စဲရေး သဘောတူညီချက်ကို အကြိမ်ကြိမ် မချိုးဖောက်ရန် တောင်ကိုရီးယားက မြောက်ကိုရီးယားကို သတိပေး

**ဆိုးလ် နိုဝင်ဘာ ၂၇**

မြောက်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦးသည် မြောက်ကိုရီးယားစစ်တပ်၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး နယ်စပ်ကိုဖြတ်ကျော်ကာ တောင်ကိုရီးယားဘက်သို့ ကူးပြောင်းရောက်ရှိလာခဲ့သည်ဖြစ်ရာ ယင်းဖြစ်ရပ်အရ မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့် သဘောတူညီထားခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို ယခုလအတွင်းချိုးဖောက်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ချိုးဖောက်မှုမျိုး နောက်ထပ်တစ်ကြိမ် မပြုလုပ်ရန် သတိပေးခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးက တနင်္လာနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

တောင်ဘက်သို့ကူးပြောင်းလာခဲ့ပြီး မိသားစုအမည် အိုဟုဖော်ပြခဲ့သည့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်သည် သေစေလောက်သည့် ပြင်းထန်ဒဏ်ရာများရရှိခဲ့သော်လည်း တောင်ကိုရီးယားဆေးရုံတွင် ပြန်လည်သက်သာကောင်းမွန်လာခဲ့ပြီဖြစ်သည်။

မြောက်ကိုရီးယား၏နျူကလီးယားဖွံ့ဖြိုးရေးဆောင်ရွက်မှုများကြောင့် နိုင်ငံတကာအဖွဲ့အစည်းနှင့်မြောက်ကိုရီးယားနိုင်ငံတင်းမာမှုမြင့်တက်လာနေချိန်တွင် ယင်းကိစ္စပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဆောင်ယောင်းမိုသည် ပူးတွဲလုံခြုံရေးဧရိယာ (JSA)တွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား ညွှန်ကြားမှုပြုလုပ်သည့် နယ်စပ်သို့သွားရောက်လည်ပတ်နေစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံအား သတိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်မှတောင်သို့ကူးပြောင်းလာသူတစ်ဦးအား တောင်ဘက်သို့ သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းသည် နှစ်နိုင်ငံအပစ်ရပ်စဲရေးသဘောတူညီမှုကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်ကြောင်း ဆောင်က ပြောကြားခဲ့သည်။

**ရိုက်တာ**



## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံအရှေ့ပိုင်း၌ အကြီးစားပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း နိုဝင်ဘာ ၂၇**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ်တွင် တနင်္ဂနွေနေ့နံနက်ပိုင်းက အင်အားပြင်းပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အဆောက်အအုံများကို ပြိုလဲစေခဲ့ပြီး လူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများစွာရှိကြောင်း ဒေသမီဒီယာကဖော်ပြထားသည်။ ပေါက်ကွဲမှုသည် ရှန်ဟိုင်းမြို့တောင်ပိုင်းမှ ၁၀၀ကီလိုမီတာ( ၆၂မိုင်)အကွာခန့်ရှိ ကမ်းခြေမြို့တော်ဖြစ်သည့် နင်ဘိုရှိ စက်ရုံတစ်ရုံတွင် နံနက်၉ နာရီအချိန်လောက်က ဖြစ်ပွားခဲ့သည်ဟု ဒေသဆိုင်ရာအာဏာပိုင်များ၊ မျက်မြင်သက်သေများနှင့် နင်ဘိုမြို့မီးသတ်ဌာနတို့က ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုအရှိန်ကြောင့် ပြတင်းပေါက်မှန်များ ကွဲကြေသွားခဲ့ပြီး အပေါက်ကြီးများဖြစ်သွားစေခဲ့သည်။ လူနှစ်ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများ အနက် အချို့မှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းအရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

### အိန္ဒိယနိုင်ငံအလယ်ပိုင်း၌ ဘတ်စ်ကားတိမ်းမှောက်မှုကြောင့် လူသုံးဦး သေဆုံး၊ ၃၀ ကျော် ထိခိုက်ဒဏ်ရာရ

**နယူးဒေလီ နိုဝင်ဘာ ၂၇**

အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ Chhattis-garh တွင် တနင်္ဂနွေနေ့က ယာဉ်မတော်တဆတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီးလူ ၃၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

ပုဂ္ဂလိကယာဉ်လိုင်းပိုင် ဘတ်စ်ကားတစ်စီးသည် လူ ၃၅ ဦးကိုတင်ဆောင်မောင်းနှင်လာရာ ပန်ဒရာခရိုင်တွင် တိမ်းမှောက်သွားခဲ့သည်ဟု အကြီးတန်းရဲတပ်ဖွဲ့အာဏာပိုင်က ပြောကြားခဲ့သည်။ ကားမှောက်မှုအတွင်း လူသုံးဦးမှာ အခင်းဖြစ်ပွားရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

ဒဏ်ရာရရှိသူများအား ဒေသဆေးရုံသို့အလျင်အမြန်ပို့ဆောင်ခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူအချို့မှာ စိုးရိမ်ရကြောင်း ၎င်းက ပြောခဲ့သည်။ ဘတ်စ်ကားသည် အရှိန်ပြင်းစွာမောင်းနှင်လာခဲ့ပြီးနောက် ကားမောင်းသူက အရှိန်မထိန်းနိုင်တော့သည့်အတွက် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဘတ်စ်ကားတိမ်းမှောက်ရခြင်းအကြောင်းကို အတည်ပြုနိုင်ရန် အာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**ဆင်ဟွာ**

# စုပေါင်းညီညာအောင်ကြောင်းဖြာ အမြစ်ပြတ်နှိမ်နင်း အကြမ်းဖက်ခြင်း

*တင်လင်းအောင်*



အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်လုံးတိုက်ခိုက်ခံရပြီးလူ ၂၃၅ ဦး ထက်မနည်းသေဆုံးခဲ့တဲ့ သတင်းဟာ တောမီးပမာ ပျံ့နှံ့သွားခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေကိုသာ နှစ်ပေါင်းများစွာ ကြာအောင် တိုက်ခိုက်ခဲ့တဲ့ အိုင်အက်စ်စစ်သွေးကြွတွေအတွက်အခုလို ဝတ်ပြုဆုတောင်းမှုပြုနေတဲ့ ဗလီတစ်လုံးကို တိုက်ခိုက်ခဲ့တာဟာ တုန်လှုပ်ချောက်ချားစရာကောင်းလှပါတယ်။ အခုလို ဖြစ်ရပ်ကိုကြည့်လိုက်ရင် အိုင်အက်စ်စစ်သွေးကြွနဲ့ ၎င်းရဲ့ သစ္စာခံတွေရဲ့ နည်းဗျူဟာတွေဟာ အဘက်ဘက်မှ နိုင်ငံတကာ အသိုင်းအဝိုင်းက ဝိုင်းဝန်းနှိမ်နင်း နေသော်လည်း ပျောက်ကွယ်မသွားဘဲ ဆက်လက်ရှိနေဆဲဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတွေနဲ့ ၎င်းရဲ့ သစ္စာခံတွေကြောင့် အစုလိုက်အပြုံလိုက်လူတွေသေဆုံးမှုနဲ့ ၎င်းတို့ရဲ့ မထီလေးစားမှုတွေဟာ လူသားဆန်မှုကို ဘာမှန်းမသိတဲ့ ၎င်းတို့အတွက် ဘာမှမဟုတ်ပေမယ့် ကမ္ဘာ့တစ်ဝန်းထိတ်လန့်ကြောက်မက်ဖွယ်ရာအဖြစ် ရုတ်ချည်း ဂယက်ရိုက်သွားခဲ့ပါတယ်။

မျက်မြင်တွေရဲ့ အဆိုအရ သေနတ်သမားတွေဟာ သောကြာနေ့ ဝတ်ပြုဆုတောင်းသူတွေပြည့်နေတဲ့ ဗလီဝတ်ကျောင်းကို ဗုံးခွဲခဲ့ပြီး ထွက်ပြေးဖို့ ကြံစည်သူတွေကို သေနတ်တွေနဲ့ ပစ်ခတ်ရှင်းလင်းခဲ့တယ်လို့ သိရပါတယ်။ ဒီလောက်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ဗလီဝတ်ကျောင်းဆီသွားတဲ့ လမ်းတွေပိတ်ဆို့အောင် လည်းရပ်ထားတဲ့ ကားတွေကို သေနတ်တွေနဲ့ အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ပါတယ်။

တိုက်ခိုက်မှုဟာ အာရစ်မြို့မှ ၄၀ ကီလိုမီတာ ကွာဝေးသော ရောဒါကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာမှာ လူနာတင်ယာဉ်အစီးရေ ၅၀ ရောက်ရှိလာခဲ့ပြီး ဒဏ်ရာရရှိသူတွေကို အာရစ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပါတယ်။

အီဂျစ်သမ္မတ အက်ဒယ်ဖာတာ့ဟ် အယ်လ်စီစီကလည်း ဆေးရုံအတွင်း ဆေးကုသမှုခံယူနေတဲ့ ဒဏ်ရာရရှိနေသူတွေကို နှစ်သိမ့်အားပေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အခုလို တိုက်ခိုက်မှုမဖြစ်ပွားခင် အာရစ်မြို့ပြင်အနီးရှိ ဘာသာရေးအဆောက်အအုံတစ်လုံးရဲ့ အပြင်ဘက်မှာလည်း ဗုံးတစ်လုံးဖောက်ခွဲခဲ့သေးတယ်လို့ လုံခြုံရေးအရာရှိတစ်ဦးက မကြာသေးမီတွင် ပြောခဲ့ပါတယ်။

တိုက်ခိုက်မှုတွေ ဖြစ်ပွားပြီးနောက် အီဂျစ်သမ္မတဟာ အရေးပေါ်လုံခြုံရေးအစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့တယ်လို့ သိရပါတယ်။ အဲဒီအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအကြီးအကဲနဲ့ စစ်ထောက်လှမ်းရေးအရာရှိတွေတက်ရောက်ခဲ့လို့ သိရပါတယ်။ အဲဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး အီဂျစ်သမ္မတကနိုင်ငံ တစ်ဝန်းလုံးအား သုံးရက်တာဝမ်းနည်းမှု အထိမ်းအမှတ်နေ့အဖြစ် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

နိုင်ငံအရပ်ရပ်က ခေါင်းဆောင်တွေဟာ အခုလိုတိုက်ခိုက်မှုမျိုးကို ရှုတ်ချပြီး မကြာသေးမီက ဖော်ပြခဲ့ပါတယ်။

အီဂျစ်နိုင်ငံမှာ လက်နက်ကိုင်စစ်သွေးကြွတွေက အရပ်သားအမြောက်အမြားသေဆုံးစေခဲ့တဲ့ အခုဖြစ်ပွားမှုဟာ အဆိုးရွားဆုံး တိုက်ခိုက်မှုတစ်ခုလို့ဆိုရင်လည်း မှားမယ်မထင်ပါဘူး။ အမြစ်တွယ်နေတဲ့ သောင်းကျန်းမှုတွေကို နှိမ်နင်းဖို့ ခေတ်အဆက်ဆက်အစိုးရတွေကို အခုလို သွေးစွန်းတဲ့နေ့ရက်တွေက သတိပေးလိုက်သလိုပါပဲ။

ဆိုင်းနိုင်းကျွန်းဆွယ်တောင်ပိုင်းမှာ လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အယ်လ်စီစီရဲ့နောင်တော် မူဘာရက် အစိုးရဟာ လူ ၃၀၀၀ နီးပါးလောက် ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးခဲ့တဲ့သူတွေကို စစ်ဆေးမေးမြန်းမှုတွေ ပြုလုပ်ခဲ့ပြီး သံသယမကင်းဖြစ်ခဲ့တဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေကိုလည်း ခေါ်ဆောင်သွားခဲ့ပါတယ်။

ထိန်းသိမ်းမယ်၊ ဖမ်းဆီးမယ်၊ ထောင်ချမယ်။ အဲဒီလိုပုံစံတွေဟာ ယခင်က ဆိုင်းနိုင်းကျွန်းဆွယ်မှာ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမြဲလိုလိုထပ်တလဲလဲ ကျင့်သုံးနေတဲ့ နည်းလမ်းတွေပဲ ဖြစ်ပါတယ်။ မြောက်ပိုင်းဆိုင်းနိုင်းကျွန်းဆွယ်ဟာ မီဒီယာသတင်းအမှောင်ချမှုနဲ့ နှစ်ပေါင်းများစွာကြာအောင် ရင်ဆိုင်နေရပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလကတည်းက အရေးပေါ် အခြေအနေတစ်ရပ်ကြေညာခဲ့ရပါတယ်။

သမ္မတ အယ်လ်စီစီဟာ အရင် ၎င်းရဲ့ နောင်တော်တွေနဲ့ မတူဘဲ အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်အရေးကိစ္စကို ပိုပြီး အာရုံစိုက်ရတော့မှာ ဖြစ်ပါတယ်။ ဆိုင်းနိုင်းကျွန်းဆွယ်မှာ အခုလို မဖြစ်ပွားဖို့အတွက် လုံခြုံရေးအစီအမံတွေ ချမှတ်လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ဇူလိုင်လကတည်းက ဆိုင်းနိုင်းကျွန်းဆွယ်တစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် အခုဆိုရင် လုံခြုံရေးတပ်ဖွဲ့ဝင် အယောက် ၁၀၀၀ ထက်မနည်းသေဆုံးခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းမူဝါဒရေးရာ တာရာအင်စတီကျူအရ ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းတွင် ၂၀၁၇ခုနှစ် ပထမသုံးလပတ်ကာလအတွင်း တိုက်ခိုက်ရေးသမားပေါင်း ၁၃၀ ထက်မနည်းရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်ကြီးအဖြစ် အီဂျစ်တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ကို ဦးဆောင်ဦးရွက် ပြုနေသူသာမက ကာကွယ်ရေးဝန်ကြီးလည်း ဖြစ်ခဲ့တဲ့ သမ္မတ အယ်လ်စီစီဟာ လုံခြုံရေးဆိုင်ရာ ၎င်းရဲ့အတွေ့အကြုံနဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို အခြေခံပြီး အခုလိုအကြမ်းဖက်မှုတွေ ထပ်မဖြစ်အောင် မကြာမီမှာ လုပ်ဆောင်ရတော့မှာပါ။ သမ္မတက အခုလိုအစုလိုက် အပြုံလိုက်လူသတ်မှုရဲ့ နောက်ကွယ်က အကြောင်းအရာတွေကို စစ်ရေးအရ ဆောင်ရွက်ရတော့မယ်ဆိုတဲ့ အချက်ကို သတိပေးလိုက်သလိုပါပဲလို့ ပြောခဲ့ပါ တယ်။

ဒီလိုလုပ်ဆောင်ခြင်းဟာ ရှေ့နောင်တော် အီဂျစ်သမ္မတတွေရဲ့ လမ်းစဉ်ပဲဖြစ်ပါတယ်။ ၁၉၉၃ အစောပိုင်းနှစ်မှာ လက်နက်ကိုင်စစ်သွေးကြွတွေဟာ မူဘာရက်အစိုးရကို ရာထူးမှဖြုတ်ချရေး အခုလို သွေးလွှမ်းမိုးသော တိုက်ခိုက်မှုတွေကို ဝန်ကြီးတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေ၊ ပြည်သူတွေနှင့် နိုင်ငံခြားခရီးသွားတွေကို ဦးတည်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလိုနည်းလမ်းကိုအသုံးပြုပြီးမူဘာရက်ကို ဖြုတ်ချဖို့ ကြိုးစားခဲ့ပါတယ်။ အခုလည်း ဒီလိုဖြုတ်ချဖို့ လက်နက်ကိုင်အကြမ်းဖက်သမားတွေက ကြံစည်နေသလားဆိုတာ မသိပါ။ အကယ်၍ တွေးထင်တဲ့အတိုင်းမှန်မယ်ဆိုပါက သမ္မတစီစီအတွက်တော့ ရတက် မအေးစရာပါ။

အစိုးရရဲ့မူဝါဒတွေဟာ ရက်စက်တဲ့ စစ်သွေးကြွတွေအတွက် ထိရောက်စွာနှိမ်နင်းမှုတွေပါဝင်သင့်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ စစ်သွေးကြွတွေကို တိုက်ခိုက်နှိမ်နင်းတဲ့နေရာမှာ လယ်သမားတွေနဲ့ အပြစ်မဲ့ ပြည်သူတွေအတွက် ထိခိုက်စေနိုင်တဲ့ အပြုအမူမျိုးတွေဆို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

အစိုးရပိုင်းအနေနဲ့ အကြမ်းဖက်နှိမ်နင်းတဲ့အခါမှာ ဆုပေးတဲ့စနစ်ကို ပိုမိုပြုလုပ်ပြီး ဒဏ်ပေးတဲ့စနစ်ကို လျှော့နည်းစေဖို့အတွက် ပြုလုပ်သင့်တယ်လို့ လေ့လာဆန်းစစ်သူတွေက တိုက်တွန်းခဲ့ပါတယ်။ ပြီးတော့ အစိုးရသတိမေ့နေတဲ့ အီဂျစ်နိုင်ငံ အထက်ပိုင်းဒေသတွေနဲ့ ဆိုင်းနိုင်းလိုမျိုး ဒေသတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး အကြမ်းဖက်သမားတွေရဲ့ လူသစ်စုဆောင်းမှု ရန်မှ ကာကွယ်ရမှာ ဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေအနေနဲ့ အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ လူသစ်စုဆောင်းလို့ မရဘူးဆိုရင် ဒါဟာသူတို့ရဲ့လက်တံတွေကို ဖြတ်တောက်လိုက်တာပဲ ဖြစ်ပြီး အကြမ်းဖက်မှုတွေ မဖြစ်ပွားဖို့အရေး ထိန်းသိမ်းရာလည်း ရောက်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေဟာလည်း ဆယ်စုနှစ်ပေါင်းအတော်ကြာအကောင်အထည်ဖော်ဖို့နှောင့်နှေးနေဆဲရှိပါသေးတယ်။ ဒါကြောင့် ဒေသခံတွေဟာ စိတ်အလိုမကျမှုတွေ မချိတင်ကဲဖြစ်မှုတွေနဲ့ နေ့စဉ်လိုလို ရင်ဆိုင်နေရပါတယ်။

ဆိုင်းနိုင်း ကျွန်းဆွယ်လိုမျိုး အကြမ်းဖက်မှုတွေ အီဂျစ်မြေမှာ ပပျောက်ဖို့ဆိုရင်တော့ ဒီလိုတိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ဦးစားပေးအနေနဲ့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ယခင်နောင်တော် သမ္မတတွေဖြစ်ခဲ့တဲ့ မူဘာရက်နဲ့ မော်စီတို့ရဲ့ မေ့နေတဲ့အချက်ဖြစ်တဲ့ ဆိုင်းနိုင်းကျွန်းဆွယ်ဟာ အီဂျစ်ဖွံ့ဖြိုးဖို့အတွက် အရေးပါတဲ့ အခန်းကဏ္ဍကကူညီနိုင်တယ်ဆိုတဲ့အချက်ကို ယနေ့သမ္မတစီစီလက်ထက်မှာ အကောင်အထည်ဖော်မယ်ဆိုရင် အကြမ်းဖက်သမားတွေအတွက် အခုလို ကမ္ဘာကြီးတစ်ခုလုံးဝမ်းနည်းစရာကောင်းအောင် လူမဆန်တဲ့ အကြမ်းဖက်သတ်ဖြတ်မှုတွေ လုပ်နိုင်မှာမဟုတ်ပါဘူး။

တစ်နည်းဆိုရသော် ဆိုင်းနိုင်းကျွန်းဆွယ်မှာရှိတဲ့ ဘေဒိုအင်လူမျိုးစုရဲ့ အကူအညီကို ပိုလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလူမျိုးစုတွေဟာ လုံခြုံရေးတပ်ဖွဲ့တွေထက်စာရင် သူတို့ရေမြေသဘာဝတွေကိုပိုသိပြီး အိုင်အက်စ်လိုမျိုးအကြမ်းဖက်သမားတွေရဲ့ နည်းဗျူဟာကို ခုခံဖို့အတွက် ဘယ်သူ့ရဲ့လွှမ်းမိုးမှုဟာ ပိုမိုအရေးပါတယ်ဆိုတာ သူတို့ကသိနေလို့ပဲဖြစ်ပါတယ်။

ဒါကြောင့် ဆိုင်းနိုင်း မှာ အခုလို ဘာသာရေးအဆောက်အအုံ တိုက်ခိုက်ခံရပြီးလူပေါင်း မြောက်မြားစွာသေဆုံးခဲ့တဲ့ ဖြစ်ရပ်မျိုးနောက်ထပ်မဖြစ်ဖို့ဆိုရင် အစိုးရအနေနဲ့ လူမျိုးစုရဲ့ ပူးပေါင်းအကူအညီကို ယူရမှာဖြစ်ပါတယ်။ အီဂျစ်တစ်ခွင် ငြိမ်းချမ်းဖို့ဆိုရင် စုပေါင်းညီညာမှုကို အခြေခံထားရမှာဖြစ်သလို ထိရောက်တဲ့မဟာဗျူဟာတွေကိုလည်း အကောင်အထည်ဖော်ရမှာဖြစ်ပါကြောင်း။ ။

**"မူဘာရက်နဲ့ မော်စီတို့ရဲ့ မေ့နေတဲ့အချက်ဖြစ်တဲ့ ဆိုင်းနိုင်းကျွန်းဆွယ်ဟာ အီဂျစ်ဖွံ့ဖြိုးဖို့အတွက် အရေးပါတဲ့ အခန်းကဏ္ဍက ကူညီနိုင်တယ်ဆိုတဲ့အချက်ကို ယနေ့သမ္မတ စီစီလက်ထက်မှာ အကောင်အထည်ဖော်မယ်ဆိုရင် အကြမ်းဖက်သမားတွေအတွက် အခုလို ကမ္ဘာကြီးတစ်ခုလုံး ဝမ်းနည်းစရာကောင်းအောင် လူမဆန်တဲ့ အကြမ်းဖက်သတ်ဖြတ်မှုတွေ လုပ်နိုင်မှာမဟုတ်"**

# အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ဖွင့်ရန် MOGE ရုံးကို ပြင်ဆင်မှုများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၇**
အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ရန်ကုန်မြို့လယ်ကောင်၌ ဖွင့်လှစ်နိုင်ရန်အတွက် ယခင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံး အဆောက်အအုံကို အကြီးစား ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းမကြီးပေါ်ရှိ အဆိုပါ အဆောက်အအုံကို ၂၀၁၇ ခုနှစ် ဇူလိုင်လခန့်က စတင်၍ အကြီးစား ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အထပ်ပေါင်း လေးထပ်ပါဝင်သော ယင်းအဆောက်အအုံကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဗိသုကာပညာရှင်အသင်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီထွေးက "အရင် MOGE ရုံးဟာ ရုံးဌာနတစ်ခု ဖြစ်ပါတယ်၊ ရုံးခန်းလေးတွေက အထဲမှာ ကန့်ထားတယ်၊ ကန့်ထားတာက အတော်များများ ကန့်ထားတယ်၊ ကျွန်မတို့စာကြည့်တိုက်နဲ့တော့ ဒါဟာ ကိုက်ညီမှု မရှိပါဘူး၊ အဲဒါတွေကို ကျွန်မတို့ ပြန်လည်ပြင်ဆင်ရတာတွေ၊ အခန်းသစ် ပြန်ဖွဲ့ရတာတွေ ရှိပါတယ်၊ နောက်တစ်ခုက လွန်ခဲ့တဲ့နှစ် ၁၀၀ ကျော်က ဆောက်လုပ်ထားခဲ့တဲ့ အဆောက်အအုံဖြစ်တဲ့အတွက်ကြောင့် Yangon Heritage Trust ကလည်း ဒါကို စဉ်ဆက်မပြတ် ကြည့်ရှုပြီး မူရင်းပုံစံမပျက်အောင် ဆောင်ရွက်ပေးနေတာတွေလည်း ရှိပါတယ်" ဟု လက်ရှိပြင်ဆင်နေမှုများနှင့် ပတ်သက်၍ ရှင်းပြသည်။

စာကြည့်တိုက်အတွက် ထည့်သွင်းပြင်ဆင်မှုများနှင့်ပတ်သက်၍ "ပထမထပ်ကတော့ ပြည်သူတွေ အလွယ်တကူဝင်ထွက်နိုင်တဲ့ နေရာဖြစ်ရမှာ ပြည်သူတွေ လိုအပ်တဲ့ အချက်အလက်တွေ မေးမြန်းဖို့ Information Desk ရှိမယ်၊ နောက်တစ်ခုက Touch Screen ကွန်ပျူတာတွေနဲ့ လိုအပ်တဲ့ အချက်အလက်တွေကို Information Desk ကနေပဲ တစ်ခါတည်းရှာလို့ရအောင် လုပ်နေပါတယ်၊ စာကြည့်တိုက်ရဲ့ IT စနစ်ကြီးတစ်ခုလုံးကို ထိန်းချုပ်မယ့် Data Center၊ Data Center ဒီမြေညီထပ်မှာပဲ ရှိနေမှာပေါ့၊ နောက်တစ်ခါ ပြပွဲကျင်းပမယ့်နေရာတွေ ရှိမယ်၊ စာအုပ်ဆိုင်တွေကို လောလောဆယ် ဒီမြေညီထပ်မှာပဲ ရည်ရွယ်ထားပါတယ်၊ အဆောက်အအုံက နှစ်တော်တော်လေး ကြာတဲ့အခါကျတော့ စာအုပ်တွေ အများကြီးကို အပေါ်ထပ်မှာတင်လို့ မရပါဘူး၊ အဲဒီတော့ ဒီမြေညီထပ်မှာပဲ ထားဖို့ ဆောင်ရွက်နေပါတယ်၊ ပထမထပ်မှာတော့ Digital Library ရှိမယ်၊ Children Library ရှိမယ်၊ အပေါ်ဆုံးထပ်မှာတော့ အစည်းအဝေးခန်းရှိပါတယ်၊ အဲဒါတွေ အကုန်လုံးရအောင် ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။



၁၈၈၃ ခုနှစ်တွင် အောက်မြန်မာပြည် ဝန်ရှင်တော်မင်းကြီး ဆာချားလ်အပ်ဒွပ် ဘားနတ်က ဘားနတ်အခလွတ်စာကြည့်တိုက်ကို စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော်စာကြည့်တိုက်ဟု ရန်ကုန်မြို့ ဂျူဗလီဟော၌ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့အတွင်း နေရာအမျိုးမျိုး ပြောင်းလဲဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်မှ ယနေ့အထိ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ် အမှတ် ၈၅-က တွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**



# ဖီမော်ကျေးရွာအုပ်စုမှ ချီဖွေတောင်သုံးလုံးလမ်းကို လန်းယန်ကျေးရွာအုပ်စုအထိ စတင်ပြုပြင်

**ချီဖွေ နိုဝင်ဘာ ၂၇**
ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ဆန်းလင်းကုမ္ပဏီက ဖီမော်ကျေးရွာအုပ်စုမှ ချီဖွေတောင်သုံးလုံးလမ်းကို လန်းယန်ကျေးရွာအုပ်စုအထိ စတင်ပြုပြင်နေကြောင်း သိရသည်။

ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် အဆိုပါလမ်းကို မြေသယ်ယာဉ်နှစ်စီး၊ ဘက်ဟိုးနှစ်စီး၊ လိုတာတစ်စီးဖြင့် စတင်ပြုပြင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းလင်းကုမ္ပဏီ ဖီမော် တာဝန်ခံ ဦးဇယ်ဒေါင်က "ကျွန်တော်တို့ဒေသက လမ်းတွေဟာ တခြားဒေသလမ်းတွေလို မဟုတ်ဘူး၊ တောင်တက်၊ တောင်ဆင်းတွေ များတယ်၊ လမ်းမကောင်းရင် ဒေသခံတွေရော ခရီးသည်တွေပါ အခက်အခဲဖြစ်ပေါ်လာနိုင်တယ်၊ ဒါကြောင့် အများပြည်သူတွေ သွားလာရေးအဆင်ပြေစေဖို့ ကုမ္ပဏီက အကုန်အကျခံဆောင်ရွက်ပေးနေတာပါ"ဟု ပြောသည်။

အဆိုပါလမ်းသည် တောင်တက်၊ တောင်ဆင်းများပြီး အကွေ့အကောက်များသဖြင့် ကားသမားများ သတိထားမောင်းနှင်သွားလာနေရသော လမ်းဖြစ်ကြောင်း သိရသည်။

"အခုလို သွားလာရေးအဆင်ပြေအောင် အကုန်အကျခံပြီး လမ်းပြင်ပေးနေတဲ့အတွက် ကုမ္ပဏီကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ဒီလမ်းက အလွန်အန္တရာယ်များတယ်၊ တောင်တက်၊ တောင်ဆင်းနဲ့ အကွေ့အကောက်တွေများလို့ အမြဲတမ်းသတိထား ကားမောင်းနေရတာ၊ အခုလို ကုမ္ပဏီက လမ်းပြင်ပေးနေတာ တွေ့ရတော့ အတိုင်းမသိဝမ်းသာပါတယ်"ဟု မြစ်ကြီးနား-ဖီမော်လမ်းပြေးဆွဲနေသော ကားဆရာတစ်ဦးက ပြောသည်။

ဖီမော်ကျေးရွာအုပ်စုမှ လန်းယန်ကျေးရွာအုပ်စုအထိ မိုင်ပေါင်း ၃၀ ကျော်လမ်းကို ပြုပြင်ရာတွင် နှစ်လ၊ သုံးလခန့်ကြာမြင့်ပြီဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ တရုတ်ယွမ်သိန်းပေါင်း ၂၅ သိန်းခန့် ကုန်ကျမည်ဟု အဆိုပါ ကုမ္ပဏီက ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

**မင်းမင်းဦး**

# ခရီးသွားများလာရောက်လည်ပတ်မည့် ခါကာဘိုရာဇီ သဘာဝနေရာများ လုံခြုံမှုရှိရေးဆောင်ရွက်

**ပူတာအို နိုဝင်ဘာ ၂၇**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် WCS တို့ပူးပေါင်းမှုဖြင့် ခါကာဘိုရာဇီဒေသ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပရာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီက အမှာစကားပြောကြားပြီး သားငှက်ထိန်းသိမ်းရေး အဖွဲ့ WCS (မြန်မာနိုင်ငံအစီအစဉ်) မှ ဒေါ်မြင့်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲအကြောင်း ရှင်းလင်းခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ခါကာဘိုရာဇီဒေသ သဘာဝနယ်မြေများပြင်ပတွင် ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မည့်အလားအလာများ၊ ခရီးသွားများလာရောက်လည်ပတ်မည့် နေရာများတွင် လုံခြုံစိတ်ချမှုရှိရန်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုများကို စီမံချက်ရေးဆွဲခြင်း (မြေယာစီမံခန့်ခွဲခြင်း)၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် သယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကို လျှော့ချရန် ဆောင်ရွက်မည့် စီမံခန့်ခွဲမှုအဆင့်များ သတ်မှတ်ခြင်း၊ ခရီးသွားလာရေးလမ်းကြောင်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရန်ပုံငွေလည်ပတ်မှု ယန္တရားများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများကို စီမံခန့်ခွဲခြင်းတို့ကို ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ဟိုတယ်တာဝန် ရှိသူများက နှစ်ရက်ကြာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မွေးစကလေးငယ်များအားစွန့်ပစ်ခြင်းမှ တားဆီးရေး ပြခန်းဖွင့်ရန် ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၇**
ရန်ကုန်တက္ကသိုလ်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ မွေးကင်းစကလေးငယ်များအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းဆိုင်ရာ ပြခန်းခင်းကျင်းပြသရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ခန်းမ၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

မွေးကင်းစကလေးငယ်များအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ ယခုနှစ် ဩဂုတ်လအတွင်းက နေပြည်တော်၌ နည်းပြသင်တန်းကို သုံးရက်ကြာအောင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ အဆိုပါသင်တန်းနှင့်ပတ်သက်သည့် ဟောပြောပွဲများကိုလည်း ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မွေးကင်းစကလေးငယ်များအား စွန့်ပစ်ခြင်းမှ တားဆီးရေးနှင့်ပတ်သက်၍ ဟောပြောပွဲပြုလုပ်ရန်၊ ပြပွဲခင်းကျင်းပြသရန်နှင့် ဉာဏ်စမ်းမေးခွန်းများ မေးမြန်း/ဖြေဆိုနိုင်ရေးအတွက် တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းဆိုင်ရာ ပြခန်းများ၊ ပြဇာတ်များအပြင် Role Play များ တက်ဆက်နိုင်ရေးနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပြခန်းကျင်းပရေး ဆပ်ကော်မတီနှင့် ဟောပြောပွဲကျင်းပရေး ဆပ်ကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်းကျေးရွာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကန်ကြီးထောင့် နိုဝင်ဘာ ၂၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်စီမံကိန်း လုပ်ရှားမှုအနေဖြင့် ကျွန်းချောင်းကျေးရွာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၅ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကျေးရွာနေပြည်သူများအနေဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်သည့် အလေ့အထကောင်း ရှိလာစေရေးနှင့် ကျေးရွာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ကျွန်းချောင်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုန်ကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ ကျေးရွာအတွင်းရှိ လမ်းဘေးဝဲယာတစ်လျှောက်တွင် အမှိုက် ကောက်ခြင်း၊ အမှိုက်လှဲခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**နန်းထိုက် (ပြန်/ဆက်)**



# မော်တင်စွန်းစေတီတော် ထီးတော်ချပွဲ အခမ်းအနား ကျင်းပ

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီးရှိ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ချပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က စေတီတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ သရနတောင်တော်ပေါ်ရှိ ရင်ပြင်တော်၌ ကျင်းပခဲ့သည်။

ထီးတော်ချပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတီတော်ဂေါပကအဖွဲ့၊ ဗြဟ္မစိုရ်လူမှုကူညီရေး အသင်းဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့ကြပြီး မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့ကို အဆင့်ဆင့် စနစ်တကျ အောက်သို့ ချကာ ခေတ္တအပူဇော်ခံခဲ့ပြီး ထီးတော်နှင့် စိန်ဖူးတော်ပါဌာပနာ ပစ္စည်းများကို မော်တင်ကျောင်းတိုက် ဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့တို့က ဒေသခံများ၏ရှေ့မှောက်တွင် စနစ်တကျရေတွက်၍ စာရင်းပြုစုကာ၊ မှတ်တမ်းများရိုက်ကူးခဲ့သည်။ ထီးတော်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို ဂေါပကအဖွဲ့ရုံးတွင် လုံခြုံရေး အစောင့်အရှောက်ဖြင့် ယာယီထိန်းသိမ်းထားရှိပြီး ထီးတော်အသစ်ကို မော်တင်စွန်းဘုရားပွဲ မကျင်းပမီ ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေက လှူဒါန်းဆက်ကပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုပြန်ချသော ထီးတော်မှ ဌာပနာများကိုလည်း ပြန်လည် ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ကြေးခေတ်ယဉ်ကျေးမှုနှင့် စမုံမြစ်ဝှမ်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့ ရှေးဟောင်းသုတေသနနယ်ပယ်တွင် စမုံမြစ်ဝှမ်းသည် မြန်မာ့ကြေးခေတ်နှင့် သံခေတ်ဦးယဉ်ကျေးမှု ထွန်းကားခဲ့သည့်ဒေသဟု ထင်ရှားကာ ပျူယဉ်ကျေးမှုများသည် စမုံမြစ်ဝှမ်း သံခေတ်လူ့အဖွဲ့အစည်းမှတစ်ဆင့် ဖြစ်ထွန်းခဲ့ကြောင်း ယူဆကြသည်။ မြန်မာနိုင်ငံ၏ ကြေးခေတ်အထောက်အထား သချိုင်းဟောင်းများသည် စမုံမြစ်ဝှမ်းအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး တည်ရှိနေကြသည်။ ရှေးဟောင်း သုတေသနပညာရှင်များ၊ ပြင်ပပညာရှင် တမ္ပဝတီ ဦးဝင်းမောင်နှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ဒေါက်တာ Bob Hudson၊ အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ချ်တက္ကသိုလ်မှ Dr.J Stargart နှင့် Dr. Elizabeth Moore တို့က စမုံမြစ်ဝှမ်းသည် ပျူယဉ်ကျေးမှု အခြေခံခဲ့သည့် သံခေတ်ဒေသများဖြစ်ကြောင်း အဆိုပြုခဲ့ကြသည်။

သမိုင်းမတင်မီအချိန်တွင် ရှေးဦးလူသားများသည် ကျေးရွာအဖွဲ့အစည်း ငယ်များဖြင့် နေထိုင်ခဲ့ကြပြီး အကြို မြို့ပြယဉ်ကျေးမှုအဆင့်သို့ ကူးပြောင်းမှုကို စမုံမြစ်ဝှမ်းလွင်ပြင်မှ အစပြုခဲ့ဟန်ရှိခဲ့ကာ ယင်းဒေသမှ အုပ်စုသုံးခု ဖြာထွက်၍ ပျူမြို့ပြများဖြစ်လာမည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သို့ အသီးသီးရောက်ရှိသွားခဲ့ကြသည်ဟု သုံးသပ်ယူဆခဲ့ကြသည်။

**စမုံမြစ်ဝှမ်း**

မြန်မာနိုင်ငံအထက်ပိုင်းတွင် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည့် မြစ်သာမြစ်နှင့် ပန်းလောင်မြစ်အတွင်းသို့စီးဝင်သည့် စမုံမြစ်တို့သည် တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းနေသည့် မြစ်နှစ်စင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဘူမိအနေအထားအရ နိုင်ငံအတွင်းရှိ မြစ်ကြီးများသည် မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိကြသည်။ သို့သော် မြစ်သာမြစ်နှင့် စမုံမြစ်တို့သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သန်းက ဧရာဝတီမြစ် နှစ်ပိုင်းပြတ်ရွေ့ခဲ့ပြီးနောက် တောင်မှ မြောက်သို့ ပြောင်းပြန်စီးဆင်းခဲ့ကြသည်။ ထိုမြစ်နှစ်စင်းအနက် မြစ်သာမြစ်သည် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိခဲ့သည့် ပုံတောင်ပုံညာဒေသ၌ရှိပြီး စမုံမြစ်သည် စမုံမြစ်ဝှမ်း၌ တည်ရှိနေကာ ယင်းမြစ်နှစ်စင်းသည် မြန်မာလူမျိုးများ၏ အစကို ဖွင့်ဆိုပေးမည့် မြစ်များဖြစ်ကြောင်း မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင် ဒေါက်တာမျိုးသန့်တင်က သုံးသပ်ခဲ့သည်။



စမုံမြစ်ဝှမ်းမှ ရရှိခဲ့သည့် ပုတီးစေ့များ

မြစ်သာမြစ်သည် ထီးလင်းမြို့၏တောင်ဘက်ရှိ မောချောင်းတွင်မြစ်ဖျားခံကာ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးမြို့နယ်နှင့် ကလေးဝမြို့နယ်တို့ကို ဖြတ်သန်း၍ တောင်မှမြောက်သို့ စီးဆင်းလာပြီး မင်းကင်းမြို့အနောက်ဘက် နတ်ချောင်းရွာအနီးတွင် မဏိပူရမြစ်နှင့်ပေါင်းဆုံကာ ချင်းတွင်းမြစ်သို့ စီးဝင်သွားသည်။ မြစ်သာမြစ်၏အထက်ရှိ ထီးလင်း၊ ဂန့်ဂေါလွင်ပြင်သည် နှစ်သန်း ၄၀ သက်တမ်းရှိသည့် ပရိုင်းမိတ်များတွေ့ရှိခဲ့သော ပုံတောင်ပုံညာဒေသနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသည်။

ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် စမုံမြစ်သည် လက်ရှိ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် မြစ်ဖျားခံကာ ရှမ်းရိုးမတောင်ခြေ အနောက်ဘက်လွင်ပြင်အတိုင်း ပျော်ဘွယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းလာပြီး တံတားဦးမြို့နယ် အစပ် ကြောင်ပန်းကုံးရွာအနီးတွင် ပန်းလောင်မြစ် အတွင်းသို့ စီးဝင်သွားသည်။စမုံမြစ်သည် မြစ်ဖျားခံသည့်နေရာမှ ဧရာဝတီမြစ်အထိ မိုင် ၁၂၀ ကျော်ရှည်လျားခဲ့ကာ စမုံမြစ် ဖြတ်သန်းစီးဆင်းခဲ့သည့် နေရာဒေသများကို စမုံမြစ်ဝှမ်းဟု ယေဘုယျအားဖြင့် ခေါ်ဆိုသည်။

လွန်ခဲ့သည့် နှစ် တစ်သောင်းက ပုပ္ပားတောင် မပေါ်ထွန်းမီအချိန်တွင် စမုံမြစ်နှင့် စစ်တောင်းမြစ်တို့သည် ဧရာဝတီ မြစ်ကြောင်းဟောင်းဖြစ်ခဲ့သည်။ ပုပ္ပားမီးတောင် ပေါက်ကွဲမှုကြောင့် ယခု ရမည်းသင်းဒေသ တစ်ဝိုက်တွင် မြေသားများမြင့်တက်လာခဲ့ပြီးနောက် ဧရာဝတီမြစ်အောက်ပိုင်းသည် စစ်တောင်းမြစ်ဖြစ်လာခဲ့ပြီး ဧရာဝတီမြစ်အလယ်ပိုင်းသည် စမုံမြစ်အဖြစ် မြေနိမ့်သည့် မြောက်ဘက်သို့ စီးဆင်းသွားခဲ့သည်။ မူလ ဧရာဝတီမြစ်မကြီးသည် ယခု စစ်ကိုင်းမြို့အနီးတွင် အနောက်ဘက်သို့ ကွေ့သွားခဲ့ကာ ချင်းတွင်းမြစ်နှင့် ပေါင်းဆုံမိပြီးနောက် လက်ရှိ မြစ်ကြောင်းအတိုင်း ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဆင်းလျက်ရှိနေသည်။

သုတေသနပြုချက်များအရ စမုံမြစ်ဝှမ်း၊ ပန်းလောင်မြစ်အရှေ့ဘက်တွင်ရှိသည့် ပြဒါးလင်းဂူတွင် ရှေးဦးလူသားများသည် ကျောက်ကြမ်းခေတ်မှကျောက်ချောခေတ် အထိနေထိုင်ခဲ့ကြပြီး စမုံမြစ်ဝှမ်းဒေသတွင် ကျောက်ကြမ်း၊ကျောက်လယ်၊ ကျောက်ချောခေတ် ယဉ်ကျေးမှုများထွန်းကားခဲ့ပြီးနောက် ကျောက်ချောခေတ်နောက်ပိုင်း၌ ကြေးခေတ်၊ သံခေတ်နှင့်အကြို မြို့ပြယဉ်ကျေးမှုများရှိခဲ့ကြောင်း ယူဆကြသည်။

စမုံမြစ်အတွင်းသို့ မြို့လှချောင်း၊ လယ်ဖြူချောင်း၊ ရွှေခေးချောင်း၊ ညောင်အုပ်ချောင်း၊ အောင်သာချောင်းနှင့်ကဘိုချောင်းတို့သည် အနောက်ဘက်မှ စီးဝင်နေကြသည်။ ယင်းချောင်းများ၏ ဘေးတွင် မြို့လှ၊ ရွာထင်ကုန်း၊ ကုက္ကိုခါးလှ၊ မြင်းဦးလှည့် စသည့် ကြေးခေတ် သုတေသနနယ်မြေကျေးရွာများ တည်ရှိသည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာ တူးဖော်သုတေသနပြုမှုများကို ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း နေရာဒေသ ၁၆ ခုတွင်ပြုလုပ်ခဲ့ရာ စမုံမြစ်ဝှမ်းအတွင်း မြို့နယ် ခုနစ်မြို့နယ်မှ နေရာ ၁၄ ခု ပါဝင်ခဲ့သည်။ ရှေးဟောင်းသုတေသနတူးဖော်မှုများကို ၁၉၉၉ ခုနှစ်တွင် အင်းတဲ၊ မြင်းဦးလှည့်၊ ၂၀၀၀ ပြည့်နှစ်တွင် ကုက္ကိုခါးလှ၊၂၀၀၁ ခုနှစ်တွင် နျောကန်၊၂၀၀၂ ခုနှစ်တွင် ရွာထင်ကုန်း၊ ၂၀၀၃ ခုနှစ်တွင် မြို့လှ၊၂၀၀၅ ခုနှစ်တွင် ဥမှင်၊၂၀၀၆ ခုနှစ်တွင် ထန်းတပင်၊၂၀၀၇ ခုနှစ်တွင်ညောင်ကုန်း၊၂၀၀၈ ခုနှစ်တွင် ထုံးဘို၊ ကန်သစ်ကုန်းနှင့် မြာရဝေ၊ ၂၀၀၉ ခုနှစ်တွင် ရွာကုန်းကြီးနှင့် မြောက်လှည်တို့တွင် ဆောင်ရွက်ခဲ့သည်။

**အင်းတဲ**

အင်းတဲကျေးရွာသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင်တည်ရှိသည်။ အင်းတဲ ကြေးခေတ်ယဉ်ကျေးမှုဒေသ တူးဖော်မှုကို အင်းတဲရွာမှ တောင်ဘက် သုံးဖာလုံအကွာရှိ ဆင်တဲဝချောင်းနံဘေးတွင် ပြုလုပ်ခဲ့ရာ လူကြီးနှင့် ကလေး ရုပ်ကြွင်း အရိုးစု ၁၉ ခု၊ကြေးလက်နက် နှစ်ခု၊ ကြေးလက်ကောက် တစ်ခု၊ ကျောက်လက်နက် ရှစ်ခု၊မြေအိုးများနှင့်ပုတီးစေ့များကို ရရှိခဲ့သည်။

အင်းတဲသည် ဘုတလင်မြို့နယ်ရှိ ညောင်ကန်ကြေးခေတ်ထက် ကာလ ပိုစောကာ ကျောက်ခေတ်သစ်မှ ကြေးခေတ်သို့ ကူးပြောင်းခဲ့သည့် ကာလ ဖြစ်ဖွယ်ရှိကြောင်း မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုသုတေသနခရီး စာအုပ်တွင်သုံးသပ်ထားပေသည်။

**မြင်းဦးလှည့်၊ နျောကန်နှင့်မြောက်လှည်**

မြင်းဦးလှည့်၊ နျောကန်နှင့်မြောက်လှည်တို့သည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းတည်ရှိကြသည်။ မြင်းဦးလှည့်မှ လူရုပ်ကြွင်း ၃၈ ခု၊ရောင်စုံကျောက်ပုတီးစေ့များနှင့် အရိုးပုတီးစေ့များ၊ သဲကျောက်ဖြင့်ပြုလုပ်ထားသည့် လက်နက် ပုံစံခွက် အကောင်း လေးခုနှင့် ထက်ပိုင်းကျိုး ရှစ်ခု၊ကြေးလက်နက် ၆၄ ခု၊ သေဆုံးသူ၏ အသက်ကို မှတ်သားခြင်းဖြစ်ဖွယ်ရှိသည့် ကြေးနန်း စည်းထုပ် ၁၅ ထုပ်၊ သံခေးသွားကိုးခု၊ သံတူရွင်း ခြောက်ခုတို့ကို ရရှိခဲ့သည်။

နျောကန်တူးဖော်မှုကို မြန်မာနိုင်ငံမှ ရှေးဟောင်းသုတေသနအဖွဲ့နှင့်အတူ ပြင်သစ်နိုင်ငံမှ ပညာရှင် လေးဦးပါဝင်တူးဖော်ခဲ့ ရာ လူအရိုးစုရုပ်ကြွင်း ၇၂ ခု၊ ကြေးစည်း တစ်ထုပ်၊ သံလက်နက် လေးခု၊ မြေထည်ပစ္စည်း ၉၀၊ ကျောက်ပစ္စည်း တစ်ခုနှင့် ပုတီးစေ့ အလုံး ၂၂၀ ရရှိခဲ့သည်။

မြောက်လှည်တူးဖော်မှုမှ လူအရိုးစုရုပ်ကြွင်း ၂၂ ခု၊ ကြေးပစ္စည်း ၄၄ ခု၊ သံထည်ပစ္စည်း လေးခု၊ ရောင်စုံပုတီးစေ့ ၁၅၃ လုံး၊ မြေအိုးနှင့်မြေခွက်များကို ရရှိခဲ့သည်။

မြင်းဦးလှည့်၊နျောကန်နှင့်မြောက်လှည်တို့တွင် ကြေးခေတ်နှင့် သံခေတ် ထွန်းကားခဲ့ကာ ကြေးလက်နက်ပစ္စည်းများကို ကောင်းစွာ ပြုလုပ်နိုင်ခဲ့ပြီး သံကို စတင်အသုံးပြုခဲ့ကြသည်။ယင်းဒေသများမှ တူးဖော်ရရှိခဲ့သည့် ကြေးနှင့်သံပစ္စည်းများသည် သံခေတ်ဦး ထွန်းကားခဲ့သည့် အထောက်အထားများဖြစ်ကြောင်း ခန့်မှန်းရပေသည်။

**ကုက္ကိုခါးလှနှင့် မြို့လှ**

ကုက္ကိုခါးလှသည် မလှိုင်မြို့၏ အရှေ့ဘက်၊ ဝမ်းတွင်းမြို့၏အနောက်ဘက်၊ နွားထိုးကြီးမြို့၏ တောင်ဘက်နှင့်မိတ္ထီလာမြို့၏ မြောက်ဘက်တွင်တည်ရှိသည်။ ကုက္ကိုခါးလှရှေးဟောင်းသချိုင်းတူးဖော်မှုမှ ပြည့်စုံသော လူရုပ်ကြွင်း ၂၀၊ ကျိုးပဲ့နေသည့် ရုပ်ကြွင်း ၆၅ ခု၊ မြေအိုးအကောင်း နှစ်ခုနှင့် အကျိုးအကွဲ ၆၃ ခု၊ ကျောက်ရောင်စုံပုတီးစေ့၊ အရိုးပုတီးစေ့နှင့် ကမာပုတီးစေ့ အလုံး ၃၅၀ကျော်၊ လှံ၊ ခလောက်၊ ဆည်းလည်း၊ ပုဆိန် အစရှိသည့်ကြေးပစ္စည်း အသုံးအဆောင်များ၊ ကြေးနန်းစည်းများကို ရရှိခဲ့သည်။

ကုက္ကိုခါးလှ တူးဖော်မှုကုန်းအမှတ်(၁)တွင် သမိုင်းမတင်မီခေတ် သချိုင်းကျောက်တိုင်ကို တွေ့ရှိခဲ့သည်။ သက်တမ်းရင့် အနယ်ကျကျောက်ဖြင့် ပြုလုပ်ထားသည့် ယင်းကျောက်တိုင်သည် ၂ ပေ ၁၀ လက်မကျယ်၍ ၉ လက်မထူကာ ၇ ပေ ၁၀ လက်မ မြင့်သည်။ယင်းကျောက်တိုင်အနီး တူးဖော်မှု ကျင်းကွက် ၂၁ ကွက်တွင် တူးဖော်သုတေသနပြုခဲ့သည်။

ရမည်းသင်းမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်တွင်တည်ရှိသည့် မြို့လှတွင် ကုန်းသုံးကုန်းကို တူးဖော်ခဲ့ရာ အရိုးစု ရုပ်ကြွင်း ၂၂ ခု၊ ကြေးခွက်တစ်ခု၊ မြေအိုးအလုံး ၃၀၊ မြေပန်းကန်ပြားခြောက်ချပ်၊ သံထည်ပစ္စည်းများနှင့်ရောင်စုံပုတီးစေ့ ၁၄၅ လုံးကို ရရှိခဲ့သည်။ မြို့လှတူးဖော်မှုတွင် သံလက်နက်များကို အများဆုံးတွေ့ရှိခဲ့ပြီး မြို့လှကျေးရွာ၏အနောက်တောင်ဘက် ငါးဖာလုံတွင် သံချက်ဖိုဟောင်းတစ်ခုကို တွေ့ရှိခဲ့ခြင်းသည် သံခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့် အထောက်အထားတစ်ရပ်ဖြစ်ပေသည်။

**ရွာထင်ကုန်း၊ ဥမှင်၊ ထန်းတပင်နှင့်ထုံးဘို**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ရွာထင်ကုန်း၊ ဥမှင်၊ ထန်းတပင်၊ ထုံးဘိုတို့သည်လည်း ကြေးခေတ်နှောင်းကာလမှ သံခေတ်သို့ ကူးပြောင်းသည့် ကာလတွင် ယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာများ ဖြစ်ကြသည်။

ပျော်ဘွယ်မြို့မှ အနောက်မြောက်ဘက်သို့ ၁၄ မိုင်ကွာဝေးသည့် ရွာထင်ကို ပထမအကြိမ်တူးဖော်ခဲ့ချိန်တွင် ရုပ်ကြွင်း ၂၇ ခုရရှိခဲ့သော်လည်း ပြည့်စုံမှု မရှိချေ။ မြေထည်ပစ္စည်း ၁၆ မျိုး၊ ကြေးပစ္စည်း သုံးမျိုး၊သံထည်ပစ္စည်း ၁၁ ခု၊ကျောက်လက်နက်ခြောက်ခုနှင့် ပုတီးစေ့ ၁၆၉ လုံးကို ရွာထင်ကုန်းမှ ရရှိခဲ့သည်။ ဒုတိယအကြိမ်တူးဖော်မှုတွင် ရုပ်ကြွင်း၂၇ ခုနှင့် ကြေးနန်းစည်းထုပ် ငါးထုပ်ကို တွေ့ရှိခဲ့သည်။

ပျော်ဘွယ်မြို့မှ အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိပြီး စမုံမြစ်မှ အနောက်သို့ နှစ်မိုင်ကွာဝေးသည့် ဥမှင် တူးဖော်မှု ကုန်းသုံးခုမှ လူရုပ်ကြွင်း ၁၀ ခု၊ မြေထည်ပစ္စည်းများ၊ ကျောက်ကွင်းတစ်ခု၊မြေမီးဖုတ်အုတ်များကိုတွေ့ရှိခဲ့သည်။ သို့သော် အုတ်ဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံ၊ အထောက်အထားများကို မတွေ့ခဲ့ရချေ။

ထန်းတပင်သည် ပျော်ဘွယ်မြို့မှ အနောက်သို့ လေးမိုင်ကွာဝေးသည်။ ထန်းတပင်တူးဖော်မှုကို ပြင်သစ်ပညာရှင် Dr. Jean Pierre Pautreau ဦးဆောင်သော အဖွဲ့နှင့် ပူးပေါင်း၍ ၁၇ ရက်ကြာတူးဖော်ခဲ့ရာ လူရုပ်ကြွင်း ၁၉ ခု၊ပုတီးစေ့ ၂၄၇ လုံး၊ မြေထည် ပစ္စည်း ၅၁ ခုနှင့် ဖန်လက်ကောက် နှစ်ကွင်းရရှိခဲ့သည်။ ယင်းဖန်လက်ကောက်ကွင်းများသည် ကျောက်ခေတ်နှောင်းဒေသများတွင် တွေ့ရှိရလေ့ရှိသည့် ကျောက်ကွင်း(Stone Ring)များနှင့် အရွယ်ရော ပုံသဏ္ဌာန်ပါ တူညီပြီး စိမ်းပြာရောင်ရှိသည်။ ကြေးခေတ်ယဉ်ကျေးမှု ရှေးဟောင်းသုတေသနတူးဖော်မှုများ ဆောင်ရွက်ရာတွင် ဖန်လက်ကောက်များကို ထန်းတပင်တစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့သည်။



ပျူပုတီးစေ့ရှည်

မြန်မာပြင်သစ် ပူးပေါင်းတူးဖော်ရေးအဖွဲ့သည် ထုံးဘိုကို တူးဖော်သုတေသနပြုခဲ့ရာ ရုပ်ကြွင်း ၂၁ ခု၊ ပုတီးစေ့ အလုံး ၁၄၀၊ သံလက်နက် နှစ်ခုနှင့် မြေထည်ပစ္စည်း ၃၅ ခု ရရှိခဲ့သည်။

**ကန်သစ်ကုန်းနှင့် ရွာကုန်းကြီး**

သာစည်မြို့နယ် သာစည်-သပြေဝ ကားလမ်းပေါ်ရှိ ချောက်ခွဲကျေးရွာနှင့်စမုံဆည်အကြားရှိ ကန်သစ်ကုန်းကို မတူးဖော်မီ စမုံဆည်လမ်းဖောက်စဉ် ၁၉၈၉ ခုနှစ်က လူအရိုးအပိုင်းအစများ၊ မြေထည်ပစ္စည်းများကို တွေ့ရှိခဲ့သဖြင့် ဒေသခံများက ပျူသချိုင်းဟောင်းရှိခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် ကန်သစ်ကုန်းကို တူးဖော်သောအခါ လူရုပ်ကြွင်း ၃၈ ခု၊ကြေးထည် ပစ္စည်း ၅၈ ခု၊သံထည်ပစ္စည်း ခုနစ်ခုနှင့် ပုတီးစေ့ ၃၁၆ လုံး တွေ့ရှိခဲ့သည်။

ရွာကုန်းကြီးသည် ကန်သစ်ကုန်းရွာမှ တစ်မိုင်သာ ကွာဝေးသည်။ ရွာကုန်းကြီးကို မြန်မာနှင့် ပြင်သစ်ပညာရှင်များပူးပေါင်း တူးဖော်ခဲ့ရာ ကြေးခေတ်နှင့် သံခေတ် အထောက်အထားများအဖြစ် အရိုးစု ၄၄ခု၊ ကြေးစည်းထုပ် နှစ်ထုပ်၊ သံထည်ပစ္စည်း နှစ်ခု၊ ရောင်စုံကျောက်ပုတီးစေ့ ၁၄ စေ့၊ကျောက်ချော လက်နက်တစ်ခုနှင့် မြေမီးဖုတ်လွန်းဆံ နှစ်ခုကို ရရှိခဲ့သည်။ ကျောက်ခေတ်နှောင်းပိုင်းတွင် အသုံးပြုလေ့ရှိခဲ့သည့် ကျောက်လက်နက်နှစ်ခုနှင့် အခြယ်အလှယ် ဒီဇိုင်းများပါရှိသည့် အိုးကွဲစများကို သံခေတ်ယဉ်ကျေးမှုအထောက်အထားများနှင့်အတူ တွေ့ရှိခဲ့သည်။

ပြင်သစ်ပညာရှင် Dr. Jean Pierre Pautreau က ယင်းဒေသများတွင် ကျောက်ခေတ်နှောင်းယဉ်ကျေးမှု(Late Neolithic)ထွန်းကားခဲ့ပြီးနောက် သံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်းသုံးသပ်ခဲ့သည်။

**မြာရဝေနှင့် မြောက်လှည်**

မြာရဝေသည် မိတ္ထီလာမြို့နယ်တွင်တည်ရှိ၍ မြောက်လှည်က မလှိုင်မြို့နယ်အတွင်းတည်ရှိသည်။ မြာရဝေမှ အရိုးစု ၃၁ ခု၊ ရွှေပုတီးစေ့ တစ်လုံး၊ ရောင်စုံပုတီးစေ့ ၇၂၃ စေ့၊မြေထည်ပစ္စည်း ၂၅ ခုနှင့် သံလက်နက် လေးခု ရရှိခဲ့ကာ မြောက်လှည်မှ ရုပ်ကြွင်း ၂၂ ခု၊ ကြေးပစ္စည်း ၄၄ ခု၊ သံပစ္စည်း လေးခုနှင့် ရောင်စုံပုတီး ၁၅၃ စေ့ကို တွေ့ရှိခဲ့သည်။

ကြေးခေတ်ယဉ်ကျေးမှုနယ်မြေ ၁၄ ခု တူးဖော်တွေ့ရှိချက်များအရ စမုံမြစ်ဝှမ်းသည် ကြေးခေတ်ယဉ်ကျေးမှုနှင့် သံခေတ်ဦး ယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ရေဒီယို ကာဗွန်သက်တမ်းတွက်ချက်မှုအဖြေများအရ စမုံမြစ်ဝှမ်းကြေးခေတ် အထောက်အထားများသည် ခရစ်တော်မပေါ်မီ နှစ် ၇၀၀ မှ ၁၀၀ အတွင်းဖြစ်ကြောင်းသိရှိရပေသည်။ စမုံမြစ်ဝှမ်းတွင်တွေ့ရှိရသည့် သံခေတ်ယဉ်ကျေးမှု အထောက်အထားများသည် ပျူဒေသများဖြစ်ခဲ့သည့်ဗိဿနိုး၊ ဟန်လင်း၊ ပင်လယ်တို့တွင် တွေ့ရှိရသည့် အထောက်အထားများနှင့်ဆက်နွှယ်နေပေသည်။

စမုံမြစ်ဝှမ်းတွင် ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအထောက်အထားများအဖြစ် ကြေးခေတ်နှောင်း ပစ္စည်းများကို တူးဖော်ရရှိခဲ့ရာတွင် လိမ္မော်ရောင်ကျားရုပ်၊ အပြာရောင် ဖန်လက်ကောက်၊ ကြေးနန်းထုပ်တို့သည် အခြားကြေးခေတ်ယဉ်ကျေးမှုဒေသများမှ ရရှိခဲ့သည့် ပစ္စည်းများထက် ထူးခြားနေပေသည်။ ယင်းတို့သည် စမုံမြစ်ဝှမ်းယဉ်ကျေးမှု၏ ကိုယ်ပိုင်ဟန်ဖြင့် ဆန်းသစ်တီထွင်မှုများဟု ယူဆရဖွယ်ရှိပေသည်။

မြန်မာတို့သည် သမိုင်းမတင်မီ ကျောက်ခေတ်ဦးကာလမှစ၍ မြို့ပြယဉ်ကျေးမှုများအဆင့်ဆင့် ထွန်းကားခဲ့ပြီး ပျူခေတ်၊ ပုဂံခေတ်များကို ကျော်ဖြတ်ကာ ယနေ့ခေတ်တိုင် မြန်မာနိုင်ငံ နယ်မြေဒေသများတွင်သာ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြပေသည်။ ခိုင်မာသော မြန်မာ့ယဉ်ကျေးမှုအစဉ်ကို ဖော်ထုတ်ကြရာတွင် စမုံမြစ်ဝှမ်းသုတေသနလုပ်ငန်းများသည် ကြေးခေတ်နှင့် သံခေတ်အထောက်အထားများကို ဖော်ညွှန်းနိုင်ခဲ့ပေရာ မြန်မာ့ယဉ်ကျေးမှုဖြစ်စဉ် ပိုမိုပီပြင်ထင်ရှားလာစေရန် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ။

**ကိုးကား**

(၁) မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု သုတေသနခရီး
(ဦးစန်းဝင်း၊ရှေးဟောင်းသုတေသန)
(၂) စမုံမြစ်ဝှမ်းယဉ်ကျေးမှု စာတမ်း(တမ္ပဝတီ ဦးဝင်းမောင်)
(၃) မြန်မာအစကိုပြဆိုသည့်ခလေ့ စာတမ်း(ဒေါက်တာမျိုးသန့်တင်)

# စက်မှုလယ်ယာဦးစီးဌာနများနှင့်ချိတ်ဆက်၍ ခေတ်မီထွန်ယက်ရေးကိရိယာများကို အတိုးမဲ့အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်

**ရေတာရှည် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသနေသူများဖြစ်ကြပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးသူများဖြစ်ကြရာ အဆိုပါတောင်သူလယ်သမားများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လယ်ယာကဏ္ဍအထောက်အကူပြု စီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လယ်ယာလုပ်ငန်းခွင်များ၌ လက်ရှိ ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုဖြစ်သော လုပ်သားရှားပါးမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရောင်းချသည့် ကုမ္ပဏီများ ဆွေးနွေးညှိနှိုင်း၍ တောင်သူများအတွက် လယ်ယာသုံး စက်ကိရိယာများကို အဖိုးနှုန်းသက်သာစွာဖြင့် အရစ်ကျ အတိုးမဲ့ ရောင်းချပေးမည့် အစီအစဉ်များလည်း အကောင်အထည်ပေါ်နေခဲ့ပြီဖြစ်သည်။

"အရင်ကဆိုရင် ကျပ်သိန်း ၃၀၀ တန်တဲ့ ထွန်စက်တစ်စီးကို ဝယ်ယူမယ်ဆိုရင် လက်ထဲမှာ သိန်း ၁၀၀ ကျော်ရှိမှ ဝယ်ယူနိုင်မှာဖြစ်ပါတယ်၊ ကျွန်တော်တို့ လယ်ယာသုံးစက်ကိရိယာတွေ ရောင်းချတဲ့ ကုမ္ပဏီတွေနဲ့ ပြည်ထောင်စုဝန်ကြီးတို့ ဆွေးနွေးညှိနှိုင်းတဲ့အခါမှာ တောင်သူတွေ စက်ကိရိယာကို ဝယ်ယူနိုင်အောင် ဘယ်လိုဆောင်ရွက်ကြရင်ကောင်းမလဲဆိုတဲ့အခါကျတော့ ၁၀ ရာခိုင်နှုန်း ကနဦးအတိုးမဲ့ ကျပ်သိန်း ၃၀ ပေးသွင်းတာနဲ့ ထွန်စက်တစ်စီးကို ပိုင်ဆိုင်ခွင့်ရရှိနိုင်အောင် သဘောတူညီခဲ့ကြပါတယ်၊ တောင်သူအတော်များများလည်း ထွန်စက်တွေ ပိုင်ဆိုင်ကြပြီးဖြစ်ပါတယ်၊ နောက်တစ်ခုက ကိုယ်စိုက်ပျိုးမယ့်သီးနှံ၊ မြေအနေအထားအပေါ် မူတည်ပြီး တွဲဖက်သုံးနိုင်မယ့် ကောက်ရိုးထုံးကိရိယာ၊ ရိုးပြတ်ကို မြေမွပစ်မယ့် ကိရိယာ၊ သိပ္ပံထယ်၊ ၁၈ ဇွန်းထယ်၊ ခုနစ်ဇွန်းထယ်၊ ဒါတွေကို ကျွန်တော်တို့က တောင်သူတွေ သဘောပေါက်နားလည်အောင် လာရောက်ပြသခြင်းဖြစ်ပါတယ်"ဟု လယ်ယာသုံးစက်ကိရိယာ တင်သွင်းရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သော Farmers Choice Trader ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးနိုင်ဦးက ပြောကြားသည်။



အဆိုပါကုမ္ပဏီအနေဖြင့် နိုဝင်ဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဘိုးတော်ကုန်းကျေးရွာအုပ်စု၌ ADSP အစီအစဉ်ဖြင့် ပြုလုပ်သော မြေပြုပြင်ခြင်း သရုပ်ပြပွဲတွင် ပါဝင်ပြသခဲ့ပြီး အိန္ဒိယနိုင်ငံထုတ် ဆိုနာလီကာ ထွန်စက်ကြီးများ အပါအဝင် ခေတ်မီ လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုးကို လက်တွေ့မောင်းနှင် သရုပ်ပြသမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဒေသအတွင်းမှ တောင်သူ ၂၅၀ ခန့်လည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

# တွံတေးမြို့နယ်၌ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**တွံတေး နိုဝင်ဘာ ၂၇**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တွံတေးမြို့နယ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားလာစေရန်အတွက် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တက္ကသိုလ်ဝင်တန်းသင် ဆရာ/ဆရာမများ စွမ်းရည်ပြည့်ဝလာစေရန် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က ကျောင်းများ၌ ကျောင်းသားများအား အောင်ချက်မြင့်မားရေး သင်ကြားပို့ချရာတွင် ကျောင်းများ၏ ကျောင်းသားကျောင်းသူများ သင်ကြားမှု နာရီပိုင်းသာရရှိ၍ ယခုနှစ်တွင် တွံတေးမြို့နယ်ရှိ အထကနှင့် အထက(ခွဲ)ကျောင်း ၁၉ ကျောင်းမှ တက္ကသိုလ်ဝင်တန်းသင် ဆရာ ဆရာမ ၁၀၀ အား ခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အောင်ချက်မြင့်မားရေးအတွက် အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ကြားပို့ချနိုင်ရေးကို ဆရာ၊ ဆရာမအချင်းချင်း ဆွေးနွေးပြီး အားသာချက်၊ အားနည်းချက်များကို ပြုပြင်သွားနိုင်ရန်နှင့် သင်ကြားမှုစနစ်ကို အားဖြည့်ပေးရန်အတွက်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။



ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်က အလုပ်ရုံဆွေးနွေးပွဲတွင် ဘာသာရပ်အလိုက် အခန်းများခွဲ၍ ဆွေးနွေးကြမည်ဖြစ်သလို ဆရာ၊ ဆရာမများအား ဝါရင့် (အငြိမ်းစား) ဆရာကြီး ဆရာမကြီးများနှင့် ထူးချွန်သော ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးပေးမည်ဖြစ်ကြောင်း၊ ကလေးများ အောင်မြင်အောင်၊ ကျောင်းအောင်ချက်ကောင်းအောင် စတင်ကြိုးပမ်းသည့် ပထမဦးဆုံးခြေလှမ်း ဖြစ်ပါကြောင်း၊ တစ်လတစ်ကြိမ် နံနက် ၈ နာရီမှ ၁၂ နာရီအထိ ယခုလို ဘာသာရပ်အလိုက် အလုပ်ရုံဆွေးနွေးပွဲများကို သုံးကြိမ်ပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီ မှစပြီး ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါရုပ်သံလိုင်းများ ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုအဖြစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၈ မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာ အစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၁၀ နာရီမှ နံနက် ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ 'ဝ'ဘာသာ အစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်ဟူ၍ အချိန်များ ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံရှေးဦးပြုစုခြင်းသင်တန်း ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပို့ချ

**သုံးခွ နိုဝင်ဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စစ်ပင်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၃/၂၀၁၇)ကို နိုဝင်ဘာ ၂၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်ကြားပို့ချနေကြောင်း သိရသည်။

စစ်ပင်ကန်(အမက)ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာအတွင်းရှိ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံ ရှေးဦးပြုစုခြင်းနှင့် ကြက်ခြေနီဘာသာရပ်များ တတ်မြောက်စေရေးနှင့် ပြန့်ပွားအောင် ဆောင်ရွက်နိုင်စေရေး၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ရုတ်တရက်ကျရောက်သော ဘေးအန္တရာယ်များတွင် မြို့နယ်ကြက်ခြေနီအသင်းနှင့် ပူးပေါင်းပါဝင် ကူညီနိုင်စေရေး၊ ကျေးရွာနေ ကျောင်းသားကျောင်းသူလူငယ်ထုအတွင်း ကျန်းမာရေးအလေ့အထ၊ အခြေခံကောင်းများ၊ ကြက်ခြေနီစိတ်ဓာတ်များ ပြန့်ပွားစေရေးတို့ကို ရည်ရွယ်၍ ငါးရက်သင်တန်း ဖွင့်လှစ်ခြင်းဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်းတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အိဖြိုးသူက ပြောသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ကျောင်းသား၊ ကျောင်းသူ ၅၅ ဦး တက်ရောက်ပြီး ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ ရှေးဦးပြုစုခြင်း သဘောတရား၊ လူနာစစ်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ အခြေခံ အသက်ကယ် အထောက်အကူပြုနည်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ အရိုးကျိုးခြင်း အဆစ်လွဲခြင်း ကြွက်သားနှင့် ရိုးဆက်ကြောများဒဏ်ရာ၊ ကြပ်အသုံးပြုပုံ၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများတုပ်ခြင်း၊ ကိုက်ခြင်း၊ အခြေခံ အထွေထွေအရေးပေါ် အခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု၊ ဦးခေါင်းနှင့် ကျောရိုးတန်းမကြီးဒဏ်ရာ၊ သတိလစ်ခြင်း၊ မူးမေ့ခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သင်တန်းတာဝန်ခံ တပ်စုမှူး ဦးလင်းနိုင်ထွန်းထံမှ သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**



မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း၏ ကြီးကြပ်မှုဖြင့် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သိန်းဦး၊ နယ်မြေခံစခန်းမှူး ရဲအုပ်တင်အောင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်က သိမ်ဇရပ်ဈေးအရှေ့တွင် မူခင်းအသိပညာပေးယာဉ်ဖြင့် ပြည်သူများအား ပြသစဉ်။

၁၃၈

# အပြည်ပြည်ဆိုင်ရာကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား လောင်းလုံးမြို့နယ်၌ ကျင်းပ



**လောင်းလုံး နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သာယာကုန်းကျေးရွာ၌ World Vision မြို့နယ်တာဝန်ခံကကြီးမှူး၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်(၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက ကလေးသူငယ်များလိုက်နာရမည့် ကျင့်ဝတ်များနှင့်ပတ်သက်၍လည်းကောင်း၊ ကလေးသူငယ်များအား လူကုန်ကူးနေမှုကို တားဆီးနိုင်ရေးကိုလည်းကောင်း ပညာပေးဟောပြောပြီး ကလေးသူငယ်တစ်ဦးက World Vision ဌာနေကိုယ်စားလှယ်၏ နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားသည်။ အခမ်းအနားသို့ ကျေးရွာ ၃၅ ရွာမှအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကလေးမိဘများနှင့် ကလေးများ တက်ရောက်ခဲ့ကြသည်။

**စိုးထွန်း(ပြန်/ဆက်)**

# မော်လူး ရှေးဟောင်းအမွေအနှစ် စောင့်ရှောက်ရေးအသင်းသို့ စစ်လက်ကျန် ဂျပန်ရိုင်ဖယ် ပေးအပ်လှူဒါန်း

**အင်းတော် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ခိုင်ရတီကျော်ကုမ္ပဏီ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဒုတိယကမ္ဘာစစ် စစ်လက်ကျန် ဂျပန်ရိုင်ဖယ်တစ်လက်ကို မော်လူးရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းသို့ နိုဝင်ဘာလ တတိယပတ်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဂျပန်ရိုင်ဖယ်သည် အင်းတော်မြို့ ဝန်ထမ်းအိမ်ရာအနီး ရေမြောင်းတူးဖော်ရာမှ တွေ့ရှိခဲ့သဖြင့် မော်လူးရှိ ခြင်းဒစ်အထိမ်းအမှတ်ပြခန်းတွင် ပြသထားရှိနိုင်ရန် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ပထမအကြိမ် ဓနုအမျိုးသားညီလာခံ ပင်းတယမြို့၌ ကျင်းပ

**ပင်းတယ နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဓနုဒေသ ဦးစီးခန်းမ၌ ပထမအကြိမ် ဓနုအမျိုးသားညီလာခံကို နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့သည်။

ဓနုအမျိုးသားညီလာခံ ဖွင့်ပွဲတွင် ညီလာခံသို့ တက်ရောက်ကြမည့် မြို့နယ် ရှစ်မြို့နယ်မှ ကိုယ်စားလှယ်များက ပင်းတယမြို့နယ် ဓမ္မာရုံကြီး၌ ဆရာတော်များထံမှ သြဝါဒခံယူကြပြီး ဒေသဦးစီးခန်းမဆောင်ရှေ့၌ ညီလာခံဖွင့်ပွဲကို ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မမလေး၊ ဓနုဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ဓနုအမျိုးသားညီလာခံဖြစ်မြောက်ရေးကော်မတီမှ ဦးဝင်းဝဏ္ဏဝင်းတို့က ညီလာခံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ဓနုဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဓနုဒေသ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေးကလည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်နာယကအမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ကလောမြို့နယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ကလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဓနုဒေသ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ကလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဓနုဒေသ ဦးစီးအဖွဲ့ဝင် အလုပ်အမှုဆောင်(၁)ဦးအေးမင်းစိုးကလည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ညီလာခံကျင်းပခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြား ခဲ့သည်။

အဆိုပါ ညီလာခံသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပင်းတယ၊ ရွာငံ၊ တောင်ကြီး၊ ရန်ကုန်၊ ကလော၊ နောင်ချို၊ ကျောက်မဲနှင့် ရပ်စောက်မြို့နယ်များမှ ဓနုတိုင်းရင်းသားကိုယ်စားလှယ် ၄၄၀၊ အခြားကိုယ်စားလှယ် ၁၀၀ နှင့် လေ့လာသူ ၂၀၀ တို့ အပါအဝင် ဓနုတိုင်းရင်းသား စုစုပေါင်း အင်အား ၁၅၀၀ ခန့် တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုန့်လုပ်ဆောင်းကုန်းရပ်ကွက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်းရပ်ကွက်လုံးဆိုင်ရာ (၈၃) ကြိမ်မြောက် ကိုးနဝင်းကပ်ကျော်ရန်အောင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ စတင်ကျင်းပနေပြီး ဒီဇင်ဘာ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။ ပွဲတော်ကာလအတွင်း မြန်မာ့ခြင်းလုံးအလှခတ်ပြပွဲ၊ အစားအသောက် လူသုံးကုန်အမျိုးမျိုးရောင်းချမည့် ဈေးဆိုင်ခန်းများလည်း ပါဝင်မည်ဖြစ် ကြောင်း သိရသည်။ ပွဲတော်လုံခြုံရေးအတွက်လည်း ရဲတပ်ဖွဲ့နှင့်အတူ မီးသတ်၊ ပွဲတော်ကျင်းပရေး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ယခင်နှစ်များထက် လုံခြုံရေးကို ပိုမိုဆောင်ရွက်ထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**




**Korea Saemoul Undong Training Center(KSMU)နှင့် သမဝါယမ တက္ကသိုလ် (သန်လျင်)တို့ ပူးပေါင်းဆောင်ရွက်သော ကျေးရွာသစ်လှုပ်ရှားမှု ခေါင်းဆောင်များ၏ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်က သန်လျင်မြို့နယ်ရှိ Excel River View ဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်း မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၂၇**

ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros ကုမ္ပဏီနှင့် Myanmar Voyages International Tourism ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် ပဥ္စမအကြိမ်မြောက် နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်း ၁၀ ကီလိုမီတာပြိုင်ပွဲ၊ မာရသွန်နှင့် မီနီမာရသွန်ပြိုင်ပွဲ(Bagan Temple Marathon)ကို ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ထီးလိုမင်းလိုဘုရား အရှေ့ဘက် မုခ်ကွင်းပြင်၌ နိုဝင်ဘာ ၂၅ ရက် နံနက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အလံအချက်ပြ၍ တာလွှတ် ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတကာ အားကစားသမားများက အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ၁၀ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် Mr. James Foreman(အင်္ဂလန်)က ပထမ၊ Mr. Reid Moorsmith(အမေရိကန်)က ဒုတိယ၊ Mr. Ryan Michael Fiene (အမေရိကန်)က တတိယဆုများ ရရှိပြီး ၁၀ ကီလိုမီတာ အမျိုးသမီးပြိုင်ပွဲတွင် Mrs. Georgia Gabriel(သြစတြေးလျ)က ပထမ၊ Mrs. Lynsey Ross (အင်္ဂလန်)က ဒုတိယ၊ Mrs. Christine Clear(အိုင်ယာလန်)က တတိယဆုများ ရရှိကြသည်။

မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ Mr. Straume Fogliani Renato(အင်္ဂလန်)က ပထမ၊ ကြည်စိုး (မြန်မာ)က ဒုတိယ၊ နိုင်လင်းထွန်း (မြန်မာ)က တတိယရရှိကြပြီး အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် Mrs. Brittany Louise Kirksey(အမေရိကန်)က ပထမ၊ Mrs. Simone Frei (အမေရိကန်)က ဒုတိယနှင့် Mrs. Eloise Welfare (အင်္ဂလန်)က တတိယရရှိကြသည်။

မာရသွန်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ Mr. Nicolai Eitzen(နော်ဝေ)က ပထမ၊ Mr.Lars Erik Svanholm (နော်ဝေ)က ဒုတိယနှင့် Mr.Otmar Eisner(သြစတြေးလျ)က တတိယဆုများရရှိပြီး အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် Mrs. Anni Vedel(ဒိန်းမတ်)က ပထမ၊ Mrs. Emily Louise Cambridge (နယူးဇီလန်)က ဒုတိယ၊ Mrs. Liesbeth Kanis(နယ်သာလန်)က တတိယဆုများ အသီးသီးရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများတွင် ဒိန်းမတ်၊ အမေရိကန်၊ အင်္ဂလန် စသည့် ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများနှင့် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ အားကစားသမား ၃၉၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros ကုမ္ပဏီနှင့် Myanmar Voyages International Tourism ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**ရဲသူရအောင်(ညောင်ဦး)**

## စက်ဘီးအစီး ၃၅၀ ကျော်ဖြင့် ပထမအကြိမ် မုံရွာလူထုစုပေါင်းစက်ဘီးစီးပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မုံရွာမြို့စက်ဘီးစီးအဖွဲ့တို့ ပူးပေါင်း၍ စက်ဘီးအစီး ၃၅၀ ကျော်ဖြင့် ပထမအကြိမ် မုံရွာလူထု စုပေါင်းစက်ဘီးစီးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ပြည်သူလူထုတစ်ရပ်လုံးက အားကစားကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်နှင့် စက်သုံးဆီမလိုသည့် စက်ဘီးများကို အသုံးပြုလာခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ လူထုစုပေါင်းအားကစားအသွင် ဆောင်ရွက်ခြင်းနှင့်အတူ လူငယ်လူရွယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများ ပပျောက်လာစေရန် ရည်ရွယ်၍လည်းကောင်း ကျင်းပခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေက ပြောကြားသည်။

မုံရွာမြို့၌ လူထုစုပေါင်းစက်ဘီးစီးပွဲကို ယခု နိုဝင်ဘာလအတွင်း ပထမအကြိမ်ကျင်းပသည့်အပြင် ဒီဇင်ဘာ၊ ၂၀၁၈ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများထဲတွင်လည်း လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့ နံနက်တိုင်းတွင် ကျင်းပကာ စုပေါင်းစက်ဘီးစီးနင်းကြမည်ဖြစ်ကြောင်း သိရသည်။

"လူထုစုပေါင်းစက်ဘီးစီးမယ့် လမ်းကြောင်းကို သတ်မှတ်ရာမှာ မိုင်အနေနဲ့ ၆ မိုင်ကျော် ရှိပါတယ်။ မုံရွာပြည်သူ့အားကစားကွင်း အရှေ့ဘက်ပေါက်ကနေ မြောက်ဘက်ကိုဗိုလ်ချုပ်လမ်းအတိုင်းအောင်ချမ်းသာရပ်ရွှေတောင်ဆီဆိုင်ရှေ့အထိ၊ အဲဒီကမှ အနောက်ဘက်ချိုးတဲ့လမ်းအတိုင်း တည့်တည့်သွားမှာပါ၊ ကမ်းနားလမ်းအထိ စီးရမှာဖြစ်ပြီး ကမ်းနားလမ်းအတိုင်း တောင်ဘက်ကို တောက်လျှောက်စီးလာပြီး မုံရွာတောင်မြို့ပတ်လမ်းကနေ ဗိုလ်ချုပ်လမ်းပေါ်ပြန်တက်ပြီး မုံရွာပြည်သူ့အားကစားကွင်းကြီးရှေ့မှာ ပန်းဝင်နေရာအဖြစ် သတ်မှတ်ထားတာဖြစ်ပါတယ်"ဟု မုံရွာ စက်ဘီးစီးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

လူထုစုပေါင်းစက်ဘီးစီးပွဲနှင့် ပတ်သက်၍ မုံရွာတွင်နေထိုင်ပြီး ကျန်းမာရေးအတွက် အမြဲစက်ဘီးစီးနေသူ ကိုမျိုးသန့်က "ကလေးတွေက အတော်စိတ်ဝင်စားပြီး တက်ကြွတာတွေ့ရတော့ စိတ်ထဲမှာ ကျေနပ်ပါတယ်၊ သူတို့တွေနဲ့စီးရတာ အတော်လိုက်ယူရတယ်၊ စိတ်ကလည်း ဦးဆောင်နေတော့ လူငယ်တွေအများကြီးပါလာတဲ့ အောင်ပွဲလို့တောင် ပြောရင်ရပါတယ်"ဟု ဆိုသည်။

ပြိုင်ပွဲမဟုတ်သော အဆိုပါ လူထုစက်ဘီးစီးနင်းပွဲတွင် ပါဝင်စီးနင်းကြသူများအား ရေသန့်၊ အချိုရည်၊ မုန့်နှင့် လက်ဆောင်များ ဝေငှပေးနေကြသည်ကိုလည်း တွေ့ရပြီး နောက်လများတွင် ဆက်လက်ကျင်းပမည့် လူထုစုပေါင်းစက်ဘီးစီးပွဲများတွင် ပါဝင်စီးနင်းလိုသူများအနေဖြင့် အသက်အရွယ်မရွေး မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ပါဝင်စီးနင်းခွင့်ရှိကြောင်းလည်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဥယျာဉ်ချောင်းရေကျော်ကို ပြည်သူများ ယာယီသွားလာနိုင်ရေး ပြုပြင်ပေးနေ

**ငါ့သရောက် နိုဝင်ဘာ ၂၇**

ပြီးခဲ့သောလများအတွင်းက မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ငါ့သရောက်မြို့အဝင်အနီးရှိ ဥယျာဉ်ချောင်းရေကျော် ကွန်ကရစ်လမ်းတွင် ငါ့သရောက်မြို့ပေါ်ရှိ ဒေသခံပြည်သူများ ယာယီသွားလာမှုအဆင်ပြေစေရန် ရည်ရွယ်၍ ညောင်ဦးမြို့နယ် ကျေးလက်လမ်းဦးစီးဌာနက မြို့နယ်သဘာဝဘေးအန္တရာယ် ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဥယျာဉ်ချောင်း ရေကျော်ကွန်ကရစ်လမ်း မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့အတွက် ဒေသခံပြည်သူတွေ သွားလာရေး အဆင်မပြေမှုတွေနဲ့ ကြုံတွေ့နေရတာကို သိရလို့ ယာယီသွားလာလို့ရအောင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့နယ် ကျေးလက်လမ်းဦးစီးဌာနက ယခုလ ၁ ရက်နေ့က စတင်ပြီး လာရောက်ပြုပြင်ပေးနေတာပါ၊ လမ်းပြုပြင်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်ကိုတော့ လတ်တလော အဆင်ပြေအောင် ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ် ရန်ပုံငွေထဲကပဲ ကျပ် ၁၅ ဒသမ ၆၆ သန်းကို ခေတ္တစိုက်ထုတ်ပြီး သုံးစွဲခဲ့ပါတယ်။ အဲဒီငွေကိုလည်း ကျွန်တော်တို့ ညောင်ဦးမြို့နယ် ကျေးလက်လမ်းဦးစီးဌာနအနေနဲ့ ဌာနခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားပြီး ဌာနမှ ခွင့်ပြုငွေချပေးတာနဲ့ သဘာဝဘေးအန္တရာယ်ရန်ပုံငွေကို ပြန်လည်ပေးသွင်းသွားမှာပါ"ဟု မြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှူး ဦးတင်မျိုးထွန်းက ပြောသည်။



လမ်းပြုပြင်မှုများအနေဖြင့် ပျက်စီးသွားသည့် ရေကျော်ကွန်ကရစ်လမ်းအရှည် အလျား ပေ ၁၇၀၊ အနံ ၁၄ ပေခန့်တွင် မြောင်းနက်တူးဖော်ပြီး ကျောက်ရိုးစီခြင်း၊ ကျောက်ဖြည့်တင်ခြင်းနှင့် ဂျင်းမြေသားဖြည့်တင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ လက်ရှိအချိန်တွင် ၇၅ ရာခိုင်နှုန်းခန့် ပြုပြင်ပြီးစီးနေပြီဖြစ်၍ မကြာမီ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ငါ့သရောက်မှ ညောင်ဦးသို့ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ မြို့နယ် ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် တောင်းခံထားတဲ့ ခွင့်ပြု ရန်ပုံငွေ ရရှိသည့်အခါတွင်လည်း ယခု ယာယီပြုပြင်နေသည့် ဥယျာဉ်ချောင်းရေ ကျော်လမ်းကို သံကူကွန်ကရစ် ရေကျော်လမ်းအဖြစ် အခိုင်အမာ ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရခိုင်-မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၏ ရာပြည့်မွေးနေ့အထိမ်းအမှတ်ပွဲများ ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၇**

ရခိုင်လူမျိုးများ၏ စာပေယဉ်ကျေးမှုနှင့် နိုင်ငံရေးသမိုင်းတွင် ထင်ရှားကျော်ကြားသော ရခိုင်-မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၏ ရာပြည့် မွေးနေ့ အထိမ်းအမှတ်အခမ်းအနား များကို စစ်တွေ၊ မြောက်ဦးနှင့် ရန်ကုန် မြို့တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ နိုဝင်ဘာ ၂၃ ရက်က ၈၈ ရခိုင်မျိုးဆက်များ လူမှုဖွံ့ဖြိုးရေးအဖွဲ့က ကြီးမှူးကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများ၊ စာရေးဆရာများ၊ ရခိုင်ယဉ်ကျေးမှုကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဆရာကြီး၏ ဇာတိမြေမြောက်ဦးမြို့၌ ဆရာကြီး ဦးဦးသာထွန်း၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းပွဲတွင် ကျောင်းသား ကျောင်းသူများအတွက် ရခိုင်ယဉ်ကျေးမှုဗဟုသုတပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပပေးကြသည်။ ထို့အပြင် သမိုင်းပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲနှင့် ကဗျာရွတ်ပွဲများကိုပါ ကျင်းပကြရာ အထူးစည်ကားကြောင်း သိရသည်။




စစ်တွေမြို့၌ပြုလုပ်သော အခမ်းအနားတွင် ရခိုင်ယဉ်ကျေးမှုအကများဖြင့် တင်ဆက်ကပြစဉ်။

"ဆရာကြီးကတော့ ရခိုင်-မြန်မာ ပဏ္ဍိတ်တစ်ဦးဖြစ်သလို နိုင်ငံရေး သမားတစ်ဦးလည်း ဖြစ်ပါတယ်၊ ဆရာကြီးကို မြန်မာမှာသာမက ကမ္ဘာကပါ သိပါတယ်၊ ဆရာကြီးက ရခိုင် ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းဖော်ထုတ်ခဲ့သလို ရခိုင်တို့ရဲ့ အနာဂတ်ကိုလည်း ညွှန်ပြခဲ့ပါတယ်၊ ဆရာကြီးက ရခိုင့်အနာဂတ်ကို ညွှန်ပြခဲ့သလို အဲဒီအနာဂတ်ကို ကျွန်တော်တို့အနေနဲ့ လက်တွေ့အကောင်အထည်ဖော်ကြရပါမယ်၊ ဒါတွေကို ဆရာကြီးရဲ့ရာပြည့်မွေးနေ့ပွဲကို ရောက်လာသူတွေသာမက ရခိုင်လူထုတစ်ရပ်လုံးက သိနေဖို့လိုပါ တယ်" ဟု ၈၈ ရခိုင်မျိုးဆက်များ လူမှုဖွံ့ဖြိုးရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးခိုင်ဆန်းအောင်က ပြောသည်။ ဆရာကြီး ဦးဦးသာထွန်းကို ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ဖခင် ဦးကောင်းစံရွှီ၊ မိခင် ဒေါ်အောင်ကြွက်တို့က ၁၉၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် မွေးဖွားသည်။ ပညာထူးချွန်ပြီး ရခိုင်သမိုင်းကျမ်းများစွာကို လေ့လာသင်ယူခဲ့သည်။ နိုင်ငံရေး တရားဟောမှုကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ဖမ်းဆီးထောင်ချခံရပြီး ၁၉၉၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်တွင် စစ်တွေထောင်ထဲ၌ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ **ကိုကြီးစော**

## မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော် မြို့မဈေး တောင်ပေါ်စားသောက်ဆိုင်များ၌ မြို့နယ်လျှပ်စစ်ဌာန၊ မီးသတ်တပ်ဖွဲ့နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၆ ရက်က လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးခဲ့ရာတွင် နေပြည်တော်မြို့မဈေး အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်မှူး ဦးအောင်လင်းထက် ဦးဆောင်ကာ ဇဗ္ဗူသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက စားသောက်ဆိုင်များရှိ လျှပ်စစ်မီးဖိုများ၊ မီးခလုတ်များနှင့်မီးကြိုးများကို စစ်ဆေးကာ မီးသတ်ဆေးဘူးများ ထားရှိစေရေးအတွက် စားသောက်ဆိုင်ရှင်နှင့် ဝန်ထမ်းများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ဇော်(မင်္ဂလာ)**

## အချိန်အခါမဟုတ် မိုးရွာသွန်းသဖြင့် စပါးရိတ်သိမ်းရာ၌ အခက်တွေ့

**ဆော နိုဝင်ဘာလ ၂၇**

ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ နိုဝင်ဘာ ၂၃ ရက်က အချိန်အခါမဟုတ် မထင်မှတ်ဘဲ မိုးရွာသွန်းခဲ့ပြီး မိုးစပါးစိုက်တောင်သူများ ရိတ်သိမ်းရာ၌ အခက်အခဲ တွေ့နေရကြောင်း သိရသည်။

"မိုးစပါးရိတ်သိမ်းချိန်ဖြစ်တဲ့ နိုဝင်ဘာလမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဆောမြို့နယ်ရှိ လယ်တွေမှာ ရေတွေဝင်ရောက်တဲ့အတွက် ရိတ်သိမ်းပြီး စပါးပြန့်တွေကို မိုးလွတ်တဲ့နေရာကို သယ်ယူနေရပါတယ်၊ ရိတ်သိမ်းစရိတ်တွေသာမက သယ်ယူစရိတ်တွေပါ ထပ်ဆောင်းကုန်ကျမှုတွေ ရှိနေပါတယ်၊ ရိတ်လက်စ စပါးအချို့ကို မသယ်နိုင်တော့ဘူး၊ ဒီအတိုင်းပဲ မိုးရွာထဲမှာ ပစ်ထားရပါတယ်၊ အဲဒါကြောင့် ဒီမိုးဟာ တောင်သူ တွေအတွက် အခက်အခဲများစွာ တွေ့နေပါတယ်" ဟု တောင်သူဦးတင်ရွှေက ပြောသည်။

ဆောမြို့နယ်တွင် ယခုနှစ်၌ ဆင်းသုခစပါးမျိုးများကို မိုးစပါးအဖြစ် အများစုက စိုက်ပျိုးကြပြီး နိုဝင်ဘာလကုန်ပိုင်းတွင် မိုးစပါးကို အပြီးသတ် ရိတ်သိမ်းနိုင်ရန် ဆောင်ရွက်ထားကြကြောင်း၊ ၂၀၁၈ ခုနှစ် မတ်လပိုင်းကာလတွင် နွေစပါးများ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **၁၀၁**

## မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း နေ့ချင်းပြီး ဆောင်ရွက်ပေး

**လက်ပံတန်း နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်ဦးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁ ရက်မှစတင်၍ နေ့စဉ် မှတ်ပုံတင်ပြုလုပ်သူများနှင့် သန်းခေါင်စာရင်းပြုလုပ်သူများအား အထောက်အထားပြည့်စုံပါကနေ့ချင်းပြီး ဆောင်ရွက်ပေးရာ အောက်တိုဘာလအထိ မှတ်ပုံတင်ပြုလုပ်သူ ၈၉၉၉ ဦးနှင့် သန်းခေါင်စာရင်းပြုလုပ်သူ အိမ်ထောင်စုပေါင်း ၅၉၂ ဦးတို့အား ဆောင်ရွက်ပေးသည့်အပြင် အခြေခံပညာကျောင်းပေါင်း ကိုးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၁၇ ဦးတို့ကို မှတ်ပုံတင်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက် လုပ်ကိုင်လိုသူများကြောင့် သန်းခေါင်စာရင်းများ ပြုလုပ်သူ များပြားနေကြောင်း သိရသည်။ **၀၅၃**

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် (CF) သစ်တောတည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ပေးအပ်

**မိုးညှင်း နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးအစည်းအဝေး



ခန်းမဆောင်၌ နိုဝင်ဘာ ၂၅ ရက်က ဒေသခံပြည်သူအစုအဖွဲ့ပိုင်(CF)သစ်တောတည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည် ။

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ထွန်းက ဒေသခံပြည်သူများအား အစုအဖွဲ့လိုက် (CF) စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် KCWG တာဝန်ခံဦးဇော်ဘောက်တို့ က ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ FFI အဖွဲ့ သစ်တောပညာရှင် ဦးမြင့်စိုးဦးက ဒေသခံပြည်သူအစုအဖွဲ့ပိုင် (CF) သစ်တောတည်ထောင်ခွင့်ရရှိပြီး ဆက်လက်ပြုစုပျိုးထောင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဆောင်ရွက်ခွင့်ရရှိသောအဖွဲ့ ၁၁ ဖွဲ့ကို ဆောင်ရွက်ခွင့်ရလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **၀၆၇**

## မိုဘိုင်းဖုန်း စနစ်တကျ အသုံးချပြုပြင်နည်း သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန နေပြည်တော် YMCA၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (နေပြည်တော်) နှင့် ပျဉ်းမနားမြို့နယ် ဘာသာပေါင်းစုံ လူမှုရေးအဖွဲ့များ ကွန်ရက်အသင်းတို့ ပူးပေါင်းဖွင့်လှစ်သော မိုဘိုင်းဖုန်းစနစ်တကျ အသုံးချပြုပြင်နည်း သင်တန်းအမှတ်စဉ် (၁/ ၂၀၁၇) သင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး နေပြည်တော် YMCA ဒုတိယဥက္ကဋ္ဌ ဦးစောမြသွင်က အမှာစကားပြောကြားကာ သင်တန်းနည်းပြဆရာ ဦးချမ်းမြေ့ဇော်နှင့် တိုင်းဦးစီးမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ယခု သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

## YBS ယာဉ်လိုင်းအချို့ စစ်မှန်သော ကုမ္ပဏီအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသေးဟုဆို

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေးစနစ်ကို မထသ မှ YB S အဖြစ် ပြောင်းလဲလာခဲ့သည်မှာ မကြာမီကာလအတွင်း တစ်နှစ်နီးပါး ပြည့်မြောက်တော့မည်ဖြစ်သော်လည်း ယာဉ်လိုင်းအချို့မှာ ကုမ္ပဏီအစစ်အမှန်အဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသည့်အတွက် ကိုယ်ရကိုယ်ယူစနစ်များ ရှိနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု အာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"ကုမ္ပဏီ အစစ်အမှန်အဖြစ် မပြောင်းလဲနိုင်သေးတဲ့ ကုမ္ပဏီတွေ အများကြီး ရှိနေပါသေးတယ်၊ ကျွန်တော်တို့အနေနဲ့ လိုက်လံစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်၊ ဒီနှစ် အကုန်ပိုင်းမှာတော့ ကုမ္ပဏီအစစ်အမှန်တွေဖြစ်အောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်၊ မဖြစ်သေးဘူးဆိုတာက အရင် မထသကို အခြေခံ ပြီးဖွဲ့တဲ့သူတွေထဲက အမြင်မှာတော့ အများပိုင်ကုမ္ပဏီလို့ဆိုပေမယ့် တကယ်လုပ်တဲ့ အခါမှာ မဖြစ်သေးပါဘူး၊ အဲဒါတွေကို အခုပြန်စစ်နေတယ်၊ ပြီးရင် စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ အရေးယူမှုတွေ စတင်တော့မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

စစ်မှန်သောအများပိုင် ကုမ္ပဏီယာဉ်လိုင်းများအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသည့်အတွက် မှတ်တိုင်များတွင် ကြာရှည်စွာရပ်တန့်ခြင်း၊ ခရီးသည်များပြွတ်သိပ်တင်ဆောင်ခြင်းများရှိနေဆဲဖြစ်သည်။ ကုမ္ပဏီလေးခုလောက်သာ အစစ်အမှန် ပြောင်းလဲနိုင်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ယာဉ် လိုင်း ၉၂ လိုင်း၊ စီးရေ ၄၀၀၀ နီးပါးဖြင့် နေ့စဉ်ပြေးဆွဲ ပေးနေကြောင်း သိရသည်။ **မြင့်မောင်စိုး**

## အပန်းဖြေစခန်းအဖြစ် ထင်ရှားလာသည့် ရှားတောရေပူစမ်း



**လွိုင်ကော် နိုဝင်ဘာ ၂၇**

ကယားပြည်နယ် ရှားတောမြို့အနီးတွင် တည်ရှိသော ရှားတောရေပူစမ်းသည် ရှားတောမြို့နယ် ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ အပန်းဖြေနားနေစရာနေရာဒေသတစ်ခုအဖြစ် ထင်ရှားလာခဲ့ပြီး ဆောင်းရာသီကာလများ၌ အဆိုပါ ရေပူစမ်းသို့ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေနားနေလိုသူများ လာရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှားတောရေပူစမ်းသည် ရှားတောမြို့နှင့် သံလွင်မြစ်ကမ်းရှိ တာတမော့ကျေးရွာသို့ ကူးသန်းသွားလာရာ မော်တော်ကားလမ်းဘေးတွင် တည်ရှိပြီး ရှားတောမြို့နှင့် မိုင်ဝက်ခန့်ကွာဝေးသည်။ ရေပူစမ်းသည် ရှားတောမြို့တောင်ဘက်အနီး ရှားတော ရေထွက်ပေါက်မှ အစပြုပြီး စီးဆင်းလာသော စမ်းချောင်းနှင့် အခြားရေချောင်းငယ်များ ပေါင်းဆုံကာ စီးဆင်းသည့် ချောင်းငယ်တစ်ခုပေါ်တွင် ဖြစ်ပေါ်လျက်ရှိပြီး ရေပူစမ်းနေရာအရောက်တွင် ချောင်းငယ်အတွင်း ရေပူတစ်ခြမ်း၊ ရေအေးတစ်ခြမ်း ဖြစ်ပေါ်လျက် အောက်ဘက်သို့ ဆက်လက်စီးဆင်းသွား သည်။

ရှားတောမြို့သို့ သွားရောက်ကြသူများသည် ရှားတောမြို့၏ အထင်ကရ စူဠာမဏိ စေတီတော်၊ ဆုတောင်းပြည့်စေတီတော်၊ ဘီလူးမတောင်စေတီတော်၊ နှစ်ကျိပ်ရှစ်ဆူစေတီတော်တို့အား ဖူးမြော်ကြည်ညိုခြင်း၊ ဒက္ခိဏဝိဟာရ ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းလက်ရာ အုတ်တိုက် ဥပုသ်ဇရပ်ကြီး၏ အနုပညာလက်ရာများအား လေ့လာသည့်အပြင် ရှားတောရေတံခွန်တွင် အပန်းဖြေခြင်းတို့ပါ ပြုလုပ်နိုင်သည်။ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့က ရှားတောရေပူစမ်းအနီးတွင် ခရီးသည် များ အပန်းဖြေနားနေနိုင်ရန် နားနေဆောင် ဇရပ်ငယ်များ တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ပြည်သူအားလုံး ကူညီပေး

ဒေါက်တာ မွေးကု(နေပြည်တော်)



မြန်မာနိုင်ငံသည် သယံဇာတ(ရေ၊ မြေ၊ သဘာဝ ပေါက်ပင်) များ ကြွယ်ဝခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများနှင့် ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးဇုန် နယ်မြေအမျိုးမျိုးရှိခြင်း၊ ဆည်ရေသောက် ဧရိယာချဲ့ထွင်ရန် အလားအလာကောင်းများ ရှိခြင်း၊ လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ သစ်သီးဝလံ၊ အစေ့ထုတ်ပြောင်းများ ပိုလျှံခြင်းတို့အပြင် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများလည်း ပေါများသဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွေးမြူရေးနှင့် ရေလုပ်ငန်းအခန်းကဏ္ဍသည် တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃ ဒသမ ၄ ရာခိုင်နှုန်း ပါဝင်သည်။ တစ်မျိုးသားလုံး၏ မွေးမြူရေးထုတ်လုပ်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် ၉၈ ရာခိုင်နှုန်းရှိသည်။ ယင်းတွင် အဓိကအားဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ကိုင်ကြသူများမှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများဖြစ်ကြသည်။ သို့ဖြစ်၍ နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်မွေးမြူရေးကဏ္ဍတို့၏ အမှန်ထုတ်လုပ်နိုင်မှုကို သိရှိရန်နှင့် နိုင်ငံတော်၏ စီမံကိန်းများ ချမှတ်ရာတွင် မှန်ကန်တိကျသော ကိန်းဂဏန်းများရရှိရန် တိရစ္ဆာန်ကောင်ရေစာရင်းကို အမှန်သိရှိရန် အရေးကြီးသည်။

### အရေးကြီးသောအချက်

တိရစ္ဆာန်ကောင်ရေစာရင်းကို အတိအကျမသိရှိသဖြင့် တိရစ္ဆာန်ကျန်းမာရေးအတွက် ကာကွယ်ဆေး၊ ကုသဆေးများ ထုတ်လုပ်ခြင်း၊ ဖြည့်တင်းခြင်း၊ တိရစ္ဆာန်အစာအာဟာရအတွက် တိရစ္ဆာန်အစာလိုအပ်မှုဖြည့်တင်းခြင်း၊ တိရစ္ဆာန်များ မျိုးမြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် သွင်းအားစုများ ဖြည့်တင်းခြင်းတို့တွင် လိုအပ်သည်ထက် လျော့နည်းခြင်း၊ ပိုလျှံစွာဖြည့်တင်းခြင်းတို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆုံးရှုံးနစ်နာမှုရှိနိုင်သည်။ ထိုသို့ဆုံးရှုံးမှုများ မဖြစ်ရန် မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေစာရင်းကို တိတိကျကျကောက်ယူ၍ စာရင်းဇယားများ အတည်ပြုထုတ်ပြန်ရန်မှာ အရေးကြီးသော အချက်တစ်ရပ်ဖြစ်လာသည်။

သို့ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ ပူးပေါင်းကာ ၂၀၁၇-၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေ ကောက်ယူရေးလုပ်ငန်းကို စီမံချက်ရေးဆွဲပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုကဲ့သို့ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းအားဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ-

- မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အရေးပါသော တိရစ္ဆာန်များ၏ ကောင်ရေစာရင်းကို အတိကျရရှိနိုင်ခြင်း၊
- ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေစာရင်းများအပေါ် အခြေပြု၍ မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲလျက် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်ခြင်း၊
- ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေစာရင်းများအပေါ် အခြေခံ၍ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း၊
- နိုင်ငံတော်အစိုးရ၏ အစားအစာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ရာတွင် မှန်ကန်သောအချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်း၊

### ကိုက်ညီမှုမရှိ

မြန်မာနိုင်ငံတွင် တိရစ္ဆာန်သန်းခေါင်စာရင်း (သို့မဟုတ်) တိရစ္ဆာန်ကောင်ရေစာရင်း နောက်ခံသမိုင်းကြောင်းကို ပြန်ဆန်းစစ်ကြည့်လျှင် ၁၉၈၃-၁၉၈၄ ခုနှစ် မတိုင်မီက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဌာနမှ ကောက်ယူခဲ့ပြီး ၁၉၈၃-၁၉၈၄ ခုနှစ်မှ ၁၉၉၃-၁၉၉၄ ခုနှစ်အထိ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နှစ်စဉ်ကောက်ယူခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ယနေ့အထိ တိရစ္ဆာန်ကောင်ရေစာရင်းအား မြေပြင်ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ တိရစ္ဆာန်ဆေးကုဆရာဝန်များက တိရစ္ဆာန်ဆေးကုလုပ်ငန်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိရစ္ဆာန် ကောင်ရေ စာရင်းကိန်းဂဏန်းများကို စာရင်းအင်း တွက်ချက်နည်းဖြင့်သာ တွက်ချက်၍ ပြုစုမှတ်တမ်း တင်ခဲ့သည်မှာ ၂၃ နှစ်ခန့် ရှိလာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် မွေးမြူရေးကဏ္ဍ၏ တိရစ္ဆာန်ကောင်ရေ စာရင်းများသည် မြေပြင်အမှန်စာရင်းနှင့် ကွာဟလျက်ရှိသောကြောင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာလည်း ကိုက်ညီမှုမရှိဘဲ ကွာဟလျက်ရှိနိုင်သည်။

မြန်မာနိုင်ငံ၏ အသားတင်ထုတ်လုပ်မှုအတွက် ကာလရှည်/ကာလတို စီမံကိန်းများဖြင့် လျာထားတွက်ချက် ဆောင်ရွက်လျက်ရှိရာ ယခင်စီမံကိန်းလျာထားချက်များ တွက်ချက်ရာ၌ အချို့သောမြို့ပြများတွင် ( ဥပမာအားဖြင့် - ရန်ကုန်မြို့တော်၏ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ အင်းစိန် ကဲ့သို့သော မြို့နယ်များတွင် တိရစ္ဆာန်မွေးမြူခွင့်ရှိခဲ့သော်လည်း မြို့ကွက်ချဲ့ထွင်ခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်တွင် လူတို့၏ အစားအစာအလို့ငှာ တိရစ္ဆာန်မွေးမြူခွင့် မပြုသော မြို့နယ်များကို တိုးမြှင့်သတ်မှတ်ခဲ့ခြင်း) တိရစ္ဆာန်ကောင်ရေ စာရင်းများမှာ စီမံကိန်းလျာထားစာရင်းနှင့် လွဲချော်မှုများ ရှိနေသည်။

ယခု အစိုးရလက်ထက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနှင့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အခြေခံကိန်းဂဏန်းများသည် တိကျမှန်ကန်ရန် လိုအပ်လာသဖြင့် FAO LIFT Fund ၏ အကူအညီဖြင့် တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်မြို့နယ် လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ရေစကြိုမြို့နယ် နှစ်မြို့နယ် စုစုပေါင်း ခြောက်မြို့နယ်ရှိ ကျေးရွာပေါင်း ၃၀ တွင် ရှေ့ပြေးစီမံကိန်းအနေဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် မတ်လတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ် လေးမြို့နယ်၊ မိတ္ထီလာခရိုင်ရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ် သုံးမြို့နယ်နှင့် မြင်းခြံခရိုင်ရှိ ငါန်းဇွန်မြို့နယ် တစ်မြို့နယ် စုစုပေါင်း ရှစ်မြို့နယ်ရှိ ကျေးရွာများ၏ ၆၀ ရာခိုင်နှုန်းတို့အား တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းများ၏ရှေ့ပြေးအဖြစ် တစ်ရွာချင်းစီအလိုက် ကောင်ရေစာရင်းများ ကောက်ယူခဲ့ပြီးဖြစ်သည်။

### တိရစ္ဆာန်ကောင်ရေစာရင်း

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)တို့ ပူးပေါင်းဆောင်ရွက်သည့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ နည်းပညာအကူအညီပေးရေး ပညာရှင်အဖြစ် Dr. Murry Maclean ကို FAO က တာဝန်ပေးအပ်ထားပြီး ရှေ့ပြေး တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခဲ့သည့် လုပ်ငန်း၏ အားနည်းချက်၊ အားသာချက်၊ ရလဒ်များပေါ် မူတည်၍ တိရစ္ဆာန်ကောင်ရေ စာရင်းစနစ်တကျ ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းဆက်စပ်ဌာန/ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး လုပ်ငန်းစီမံချက်ကို ညှိနှိုင်းရေးဆွဲခဲ့သည်။

၂၀၁၇-၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးစီမံချက်အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခွင့်ကို နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နာယကအဖြစ်



ပါဝင်၍ ဆက်စပ်ဦးစီးဌာနများ ပါဝင်သော ဗဟိုကော်မတီအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဗဟိုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင် လုပ်ငန်းများကို လစ်ဟာမှုမရှိဘဲ ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ရှစ်ခုကို ဖွဲ့စည်းထားရှိသည်။

### သင်တန်းများပို့ချ

တိကျမှန်ကန်သော တိရစ္ဆာန်ကောင်ရေ စာရင်းများကို အခြေခံ၍ လက်ရှိတိရစ္ဆာန်ကောင်ရေဆိုင်ရာ ကိန်းဂဏန်းများနှင့် ချိန်ထိုးသုံးသပ်နိုင်ခြင်း၊ အသားကဏ္ဍဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အထောက်အကူဖြစ်စေခြင်း၊ စီမံကိန်းလုပ်ငန်းများထိရောက်မှု ရှိ/မရှိ ပြန်လည်သုံးသပ်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်ကောင်ရေ စာရင်းရေးသွင်းခြင်းစသည့် ဘာသာရပ်အလိုက် သင်တန်းပို့ချခြင်းအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် FAO တို့မှ ကျွမ်းကျင်နည်းပြများဖြင့် သင်တန်းများ ပို့ချပေးခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံအတွင်း မြို့နယ်တစ်ခုစီရှိ ကျေးရွာစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ကျပန်းစနစ်ဖြင့် ရွေးချယ်ပြီး ရရှိလာသော ကျေးရွာများရှိ အိမ်ထောင်စုအားလုံးမှ တိရစ္ဆာန်ကောင်ရေ စာရင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် လုပ်ငန်းဆက်စပ်ဌာန/ အဖွဲ့အစည်းများမှ အိမ်တိုင်ရာရောက် ကောက်ယူသည့်အခါ မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ရှိသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့ပေါ်/တောရွာနေ စီးပွားဖြစ်မွေးမြူသူ၊ တစ်ပိုင်တစ်နိုင် မွေးမြူသူပြည်သူလူထုများအနေဖြင့် စစ်တမ်းကောက်ယူမည့် သတ်မှတ်မေးခွန်းပုံစံများတွင် မှန်ကန်စွာရေးသားဖြည့်စွက်နိုင်ရေး ဝိုင်းဝန်းကူညီကြရန် လိုအပ်ပေမည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့်လည်း တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူ၍ ကြိုတင်အသိပေးဆောင်ရွက်သွားမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံတော်၏ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် အခြေခံတိရစ္ဆာန်ကောင်ရေစာရင်းကို နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဗဟိုနှင့်တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်စသည့် အဆင့်ဆင့်သော ကော်မတီများ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် စနစ်တကျစီမံဆောင်ရွက်မှုများနှင့် ပြည်သူလူထုအားလုံးကလည်း စာရင်းမှန်ရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်သည် ထူးထူးခြားခြား အောင်မြင်သော **"တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး နှစ်"** အဖြစ် မှတ်တမ်းတွင်ရစ်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ॥

---

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**ကျုံပျော် နိုဝင်ဘာ ၂၇** - ကျုံပျော်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ကျောင်းအခြေပြုထိုးနှံခြင်း လုပ်ငန်းအားဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်အထိ ၉၆ ဒသမ ၂ ရာခိုင်နှုန်း ထိုးနှံပြီးစီးပြီဖြစ်ပြီး အခက်အခဲတစ်စုံတစ်ရာမရှိဘဲ အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျောင်းအခြေပြုမှာ ဆေးထိုးစုရပ်ပေါင်း ၂၅၃ ခုနဲ့ ကျောင်းသားစုစုပေါင်း ၄၁၀၈၂ ဦး ထိုးနှံပေးရမှာ ဖြစ်ပါတယ်။ လက်ရှိ ၃၉၅၂၃ ဦး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၂ ရာခိုင်နှုန်းထိုးပြီးပါပြီ၊ ကလေးအချို့ အနည်းငယ် ခေါင်းမူးတာကလွဲလို့ ပြဿနာတစ်စုံတစ်ရာမရှိဘဲ အားလုံးအဆင်ပြေခဲ့ပါတယ်၊ ကျောင်းတွေမှာ ဆရာ၊ မိဘတွေကိုလည်း ဆေးထိုးတာနဲ့ ပတ်သက်တဲ့ အခြေအနေတွေကိုလည်း သိရှိအောင်ရှင်းလင်းပြောကြားမှုတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ထူးရည်ရွှေက ပြောကြားခဲ့ကြောင်း သိရသည်။

နေဝင်းမြင့် (မြန်/ဆက်)

# ပိုးသတ်ဆေးနှင့် ဓာတုဆေးအကြွင်းအကျန်ပါဝင်သော သီးနှံများ "သင်" စားသုံးမိနေပြီလား

ဒေါက်တာ ဝဏ္ဏာထွန်း (စိုက်ပျိုးရေး)

နေ့စဉ်စားသုံးနေတဲ့ အစားအသောက်တွေဟာ ဘေးကင်းတယ်ဆိုတာ သေချာပါရဲ့လား။ ဓာတ်မြေဩဇာတွေ အလွန်အကျွံသုံးစွဲ စိုက်ပျိုးထားပြီး ပိုးသတ်ဆေးနဲ့ ဓာတုဆေး အကြွင်းအကျန်တွေ ပါဝင်နေတဲ့ သီးနှံတွေကိုများ စားမိနေကြပြီလား။ ကျန်းမာစေဖို့ ခွန်အားဖြစ်စေဖို့ ဈေးကြီးပေး ဝယ်စားနေကြတဲ့ သီးနှံတွေ၊ အစားအစာတွေကရော အရည်အသွေးပြည့်ဝရဲ့လား၊ ဗီတာမင်တွေ၊ သတ္တုဓာတ်တွေအပါအဝင် အာဟာရဓာတ်တွေ အပြည့်အဝ ပါဝင်ရဲ့လား။ မိမိစားသောက်တဲ့ အစားအစာတွေ၊ ထုတ်လုပ်ပေးနေတဲ့ စိုက်ပျိုးရေးစနစ်တွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ စိုက်ပျိုးသူတွေ၊ လုပ်သားတွေကို ထိခိုက်၊ ညစ်ညမ်း၊ ပျက်စီးစေတာကိုရော သတိပြုမိကြပါသလား။

**ခြိမ်းခြောက်လျက်ရှိ**

အထက်ပါ အချက်တွေဟာ စားသုံးသူတွေ၊ စိုက်ပျိုးထုတ်လုပ်သူတွေနဲ့ အစားအစာ ဈေးကွက်ကို ခြိမ်းခြောက်လျက်ရှိပါတယ်။ အစားအစာတွေကြောင့် လူသားတွေမှာ ဘေးအန္တရာယ် ကျရောက်မှုတွေဟာ နိုင်ငံတကာမှာ ဖြစ်ပွားနေပါပြီ။ ပိုးသတ်ဆေးအပါအဝင် ဓာတုဆေးတွေ၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဏုဇီဝပိုးလေးတွေ၊ ငရုတ်သီး၊ မြေပဲနဲ့ ပြောင်းဖူးလို သီးနှံတွေမှာ ပါဝင်နေတတ်တဲ့ Aflatoxin လိုမျိုး မှိုဆိပ်တွေဟာ သီးနှံတွေမှာ ပါဝင်နေတာကြောင့် လူသားတွေကို ရောဂါအမျိုးမျိုး၊ ဘေးဒုက္ခအမျိုးမျိုး ကျရောက်စေပြီး ကျန်းမာရေးကို ထိခိုက်စေပါတယ်။ အော့အန်တာ၊ ဝမ်းဗိုက်ဝေဒနာ ခံစားရတာကစပြီး အသည်းရောဂါ၊ ကင်ဆာအပါအဝင် နာတာရှည် ရောဂါတွေအထိပါ ဖြစ်ပွားနိုင်ကာ နောက်ဆုံး အသက်ပေးလိုက်ရသည်အထိ အန္တရာယ်ကြီးမားလှပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး စတာတွေ အဆက်မပြတ် သုံးစွဲခဲ့တာကြောင့် ယင်းတို့အထဲမှာ ပါဝင်တဲ့ အာဆင်းနစ်၊ ခဲ၊ ပြဒါး၊ ကတ်မီယမ်အစရှိတဲ့ Heavy metal တွေဟာ စိုက်ပျိုးမြေ၊ ရေနဲ့ သီးနှံတွေကိုပါ ညစ်ညမ်းစေခဲ့ပါပြီ။ အဆိုပါ Heavy metal တွေပါဝင်တဲ့ အစားအစာတွေကို စားသုံးမိရင်တော့ လူသားတွေရဲ့အသက်အန္တရာယ်ကို ထိခိုက်စေမှာ အမှန်ပါပဲ။ အခုအချိန်အခါမှာတော့ ကျန်းမာရေးဗဟုသုတတွေ တိုးတက်လာတာနဲ့အမျှ စားသုံးသူတွေဟာ ဘေးကင်းတဲ့ အစားအစာတွေကို တောင်းဆိုလာကြသလို နိုင်ငံတကာဈေးကွက်မှာလည်း အဆိုပါအစားအစာတွေဟာ ရေပန်းစားနေပါပြီ။ စိုက်ပျိုးထုတ်လုပ်သူတွေအနေနဲ့လည်း အဆိုပါ ဘေးကင်း စိတ်ချရတဲ့ အစားအစာတွေ၊ သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်ဖို့ အချိန်ကျရောက်လာပြီဖြစ်ပါတယ်။

အစားအစာတွေနဲ့ သီးနှံထုတ်ကုန်တွေ၊ ဈေးကွက်မှာ Safe food လို့ခေါ်တဲ့ ဘေးကင်းပြီး ကျန်းမာစေတဲ့ အစားအသောက်တွေကို စားသုံးသူတွေ တောင်းဆိုလာကြတာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ လူနေမှုဘဝ၊ တိုးတက်လာတဲ့ ခေတ်ရေစီးကြောင်း၊ ကျန်းမာရေးကို ဂရုစိုက်လာမှု၊ အချိန်ရှားပါးလှတဲ့ နေ့စဉ်ဘဝတွေထဲမှာ စားသုံးသူတွေ လိုအပ်နေတာကတော့ ဘေးကင်းကြောင်း အာမခံထားတဲ့ အစားအစာတွေ၊ အသိအမှတ်ပြု ထောက်ခံချက်တွေ ပြသနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ တံဆိပ်တွေနဲ့ စိတ်ချယုံကြည်ရတဲ့ စိုက်ပျိုးရေးစနစ်တို့သာ ဖြစ်နေပါတော့တယ်။ ဒါ့ပြင် ခရီးသွားလုပ်ငန်းတွေ တိုးတက်လာတာနဲ့အမျှ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံလာကြရတဲ့အခါ မိမိတို့နိုင်ငံက အစားအစာတွေကို ဘေးကင်းစွာ ထုတ်လုပ်ဖို့ လိုအပ်လာသလို ဘေးကင်းကြောင်းကို ဈေးကွက်မှာ သက်သေပြဖို့လည်း လိုအပ်လာပါတယ်။ စိုက်ပျိုးရေး ထုတ်ကုန်တွေကို စူပါမားကတ်တွေမှာတင် ရောင်းချချင်တယ်၊ သို့မဟုတ် နိုင်ငံတကာအထိ တင်ပို့ချင်တဲ့ အခါမှာလည်း အဲဒီ ဘေးကင်းကြောင်း ထောက်ခံချက်တွေ၊ လက်မှတ်တွေဟာလည်း လွန်စွာ အရေးပါလာပါတယ်။ ပိုးသတ်ဆေး အကြွင်းအကျန်တွေ၊ အာဆင်းနစ်၊ ခဲ၊ ပြဒါးစတဲ့ Heavy metals တွေ မပါဝင်ဖို့၊ လူသားတို့ကျန်းမာရေးကို ထိခိုက်စေတဲ့ အဏုဇီဝပိုးတွေနဲ့ ယင်းတို့ရဲ့ အဆိပ်တွေ (e coli, Salmonella, အစရှိတဲ့ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နဲ့ ကပ်ပါးတွေ၊ Aflatoxin မှိုဆိပ်) အစရှိတဲ့ ညစ်ညမ်းမှုတွေ၊ ကူးစက်မှုတွေဟာ တင်ပို့မယ့် သီးနှံတွေ၊ အစားအစာတွေမှာ မပါဝင်လာစေဖို့ နိုင်ငံတကာဈေးကွက်မှာ တင်းကျပ်စွာ သတ်မှတ်တောင်းဆိုလာကြပါတယ်။ ဒါကြောင့်မို့ အခြားနိုင်ငံတွေက သီးနှံထွက်ကုန်တွေက ဘေးကင်းစွာ စိုက်ပျိုးထုတ်လုပ်ထားကြောင်း အာမခံနိုင်ချိန်မှာ၊ မိမိတို့ထုတ်ကုန် တွေကတော့ နိုင်ငံတကာဈေးကွက်မှာ မျက်နှာငယ်ပြီး ဈေးကောင်းရရှိနိုင်မှာ မဟုတ်ပါဘူး။ ဒါတွေကို ဖြေရှင်းပေးနိုင်တာကတော့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ GAP နဲ့ စိုက်ပျိုး ထုတ်လုပ် ရောင်းချဖို့ပဲ ဖြစ်ပါတယ်။

> "အစားအစာတွေကြောင့် လူသားတွေမှာ ဘေးအန္တရာယ် ကျရောက်မှုတွေဟာ နိုင်ငံတကာမှာ ဖြစ်ပွားနေပါပြီ၊ ပိုးသတ်ဆေးအပါအဝင် ဓာတုဆေးတွေ၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဏုဇီဝပိုးလေးတွေ၊ ငရုတ်သီး၊ မြေပဲနဲ့ ပြောင်းဖူးလို သီးနှံတွေမှာ ပါဝင်နေတတ်တဲ့ Aflatoxin လိုမျိုး မှိုဆိပ်တွေဟာ သီးနှံတွေမှာ ပါဝင်နေတာကြောင့် လူသားတွေကို ရောဂါအမျိုးမျိုး၊ ဘေးဒုက္ခအမျိုးမျိုး ကျရောက်စေပြီး ကျန်းမာရေးကို ထိခိုက်စေ"

**အလေ့အကျင့်ကောင်း**

GAP ဆိုတာကတော့ သီးနှံတွေ စတင်စိုက်ပျိုးဖို့ မြေစတင်ရွေးချယ်ချိန်ကစပြီး စားသုံးသူတွေ လက်ဝယ်ရောက်ရှိချိန်အထိ စိုက်ပျိုးထုတ်လုပ်မှု အဆင့်တိုင်းမှာ သီးနှံတွေမှာ ဓာတုဆေးတွေ၊ ညစ်ညမ်းမှုတွေ၊ ကူးစက်မှုတွေ စတဲ့ ဘေးအန္တရာယ်တွေ ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်တဲ့ အလေ့အကျင့်ကောင်းတွေကို ဆိုလိုပါတယ်။ စိုက်ပျိုးရေး သွင်းအားစုတွေအနေနဲ့လည်း စိတ်ချယုံကြည်ရပြီး မှတ်ပုံတင်ထားတဲ့ ဓာတုဆေးတွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေကို သဘာဝသွင်းအားစုတွေနဲ့ အတူ စနစ်တကျ သုံးစွဲနိုင်ပါတယ်။ ပတ်ဝန်းကျင်ကို မပျက်စီးစေဖို့၊ ထိန်းသိမ်းကာကွယ်ဖို့အတွက်တော့ အဆိုပါ ဓာတုဆေးတွေကို လိုအပ်မှသာ စည်းကမ်းတကျနဲ့ တာဝန်သိစွာ သုံးစွဲရမှာ ဖြစ်သလို ဓာတုစွန့်ပစ်ပစ္စည်းတွေကို စနစ်တကျ စီမံစွန့်ပစ်ရမှာ ဖြစ်ပါတယ်။

GAP ကို စတင်ဖော်ဆောင်ခဲ့တာကတော့ ဥရောပမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း Myan GAP ဆိုပြီး ကိုယ်ပိုင်စံချိန်စံညွှန်းနဲ့ မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

မြန်မာ GAP စိုက်ပျိုးရေး အလေ့အကျင့်ကောင်းတွေကို ကဏ္ဍကြီး လေးရပ်အပေါ် မူတည်ပြီး ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ အဲဒီကဏ္ဍကြီး လေးရပ်ကတော့

(၁) အစားအစာများ ဘေးအန္တရာယ် ကင်းရှင်းရေးကဏ္ဍ
(၂) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ
(၃) သီးနှံများ၏ အရည်အသွေးကဏ္ဍ
(၄) လုပ်သားများ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍ

စသည်တို့ ဖြစ်ကြပါတယ်။

**ဓာတ်အကြွင်းအကျန်**

ဒါကြောင့်မို့ GAP နဲ့ စိုက်ပျိုးထုတ်လုပ်မယ်ဆိုပါက မည်သည့်လုပ်ငန်းတွေ ဆောင်ရွက်ရမှာဖြစ်စေ အဆိုပါ ကဏ္ဍကြီး လေးရပ်ကို လိုက်နာရမှာ ဖြစ်ပါတယ်။ ဥပမာပေးရရင် မြေဩဇာတစ်ခုကို သုံးစွဲရာမှာ ၁။ သီးနှံတွေမှာ အဆိုပါ မြေဩဇာရဲ့ ဓာတ်အကြွင်းအကျန်တွေ ရှိနေပြီး စားသုံးသူတွေကို ထိခိုက်စေမှု မရှိစေရပါ။ ၂။ အဆိုပါ မြေဩဇာကြောင့် စိုက်ပျိုးမြေ၊ ရေ၊ ပတ်ဝန်းကျင်မထိခိုက်၊ မညစ်ညမ်းစေရပါ။ ၃။ ဘေးကင်းရုံသာမက အဆိုပါ မြေဩဇာဟာ သီးနှံအရည်အသွေး ကောင်းမွန်စေဖို့ ထောက်ပံ့ပေးနိုင်ရပါမယ်။ ၄။ အဆိုပါ မြေဩဇာကို ကိုင်တွယ်သုံးစွဲမှုကြောင့် လုပ်သားတွေကို ထိခိုက်စေမှု မဖြစ်စေရပါ။

ဒီနေ့အချိန်အခါမှာ မြန်မာ GAP (Myan GAP) စံချိန်စံညွှန်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲပြီး ဖြစ်ပါတယ်။ ဒါ့အပြင် GAP နဲ့ စိုက်ပျိုးထုတ်လုပ်ရာမှာ လိုက်နာကျင့်သုံးရမယ့် သီးနှံအလိုက် လမ်းညွှန်ချက်တွေကို ပညာရှင်တွေ၊ စိုက်ပျိုးသူတွေနဲ့ စနစ်တကျ အကြိမ်ကြိမ် ရေးဆွဲပြီး နိုဝင်ဘာ ၁၀ ရက်က အသိပေး ကြော်ငြာခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့အချိန်အထိ စပါး၊ ပဲမျိုးစုံ (ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွမ်း)၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ကော်ဖီ၊ သရက်၊ ကျွဲကော၊ ထောပတ်၊ ဖရဲ၊ သခွားမွှေး၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ စတဲ့ သီးနှံတွေအတွက် လမ်းညွှန်ချက်တွေကို ရေးဆွဲ ကြော်ငြာခဲ့ပြီး ဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှု မြင့်မားပြီး ဈေးကွက်အလားအလာရှိကာ ဘေးအန္တရာယ် ဖြစ်စေမှု မြင့်မားနိုင်သော တခြားသီးနှံတွေအတွက်လည်း လမ်းညွှန်ချက်တွေကို ဆက်လက် ရေးဆွဲ ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။

GAP နဲ့ စိုက်ပျိုးထုတ်လုပ်ပြီး လက်မှတ် (GAP Certificate) လျှောက်ထားရယူတဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးလည်း ပြင်ဆင်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ GAP လက်မှတ်ထုတ်ပေးရေး ကြီးကြပ်ရေးအဖွဲ့၊ လက်မှတ်ထုတ်ပေးရေးအဖွဲ့၊ ပညာပေးရေးအဖွဲ့၊ ဓာတ်ခွဲစမ်းသပ်ရေးအဖွဲ့၊ စစ်ဆေးရေး (Inspection) အဖွဲ့ စတဲ့အဖွဲ့တွေ စနစ်တကျ ဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်။ လုပ်ငန်းအောင်မြင်မှုတွေအနေနဲ့ ၂၀၁၆ ခုနှစ်မှာ သရက်ခြံ ၂၇ ခြံ၊ ၂၀၁၇ ခုနှစ်မှာ သရက်ခြံ ၂၅ ခြံ၊ ခရမ်းချဉ်တောင်သူ ငါးအုပ်စုကို မြန်မာ GAP အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

**ဆက်သွယ်မေးမြန်းနိုင်**

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ (၁) မြန်မာ GAP နည်းစနစ် လိုက်နာကျင့်သုံးဖို့ နည်းပညာပေးရေးနဲ့ (၂) မြန်မာ GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ GAP နဲ့ စိုက်ပျိုးထုတ်လုပ်ပြီး GAP Certificate လျှောက်ထားချင်တဲ့ စိုက်ပျိုးသူတွေကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးရှိ စိုက်ပျိုးရေးဦးစီးဌာနရုံးတွေနဲ့ ရုံးချုပ် (နေပြည်တော်) တို့မှာ လျှောက်လွှာတွေရယူပြီး အလွယ်တကူ လျှောက်ထားနိုင်ကြောင်း သတင်းကောင်း ပေးချင်ပါတယ်။ GAP နဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကိုလည်း ဆက်သွယ် မေးမြန်းနိုင်ပါတယ်။

စိုက်ပျိုးရေးဆိုတာ တစ်ပိုင်တစ်နိုင် အိမ်နောက်ဖေးမီးဖိုချောင် သီးနှံထုတ်လုပ်ရေးကနေ ဝင်ငွေများစွာ ရရှိစေနိုင်သော၊ ပြည်ပဝင်ငွေများစွာ ရှာပေးနိုင်သော လုပ်ငန်းကြီးတစ်ခု ဖြစ်နေပါပြီ။ သီးနှံထွက်ကုန်တွေမှာလည်း လူသားတွေအတွက် ကျန်းမာပြီး ခွန်အားတွေ ရရှိစေဖို့၊ အာဟာရဓာတ် ကြွယ်ဝစေရုံသာမက ဘေးကင်းစေဖို့ကိုပါ ဂရုထားလာကြပါပြီ။ နိုင်ငံတကာမှာလည်း သာမန်စိုက်ပျိုးရေးလုပ်ငန်းတွေကနေ အာမခံနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ကူးပြောင်းလျက်ရှိပါတယ်။

မိမိတို့ စားသုံးနေတဲ့ ဟင်းသီးဟင်းရွက် သစ်သီးဝလံတွေမှာ ဓာတ်မြေဩဇာတွေ အလွန်အကျွံ အသုံးပြုပြီး ပိုးသတ်ဆေးနဲ့ ဓာတုဆေး အကြွင်းအကျန်တွေ ပါဝင်နေတဲ့ အစားအသောက်တွေ မဖြစ်စေဖို့ စိုက်ပျိုး ထုတ်လုပ်သူတွေဘက်ကလည်း စည်းစနစ်တကျ လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် သီးနှံတွေမှာ စားသုံးသူတွေအတွက် ဘေးအန္တရာယ် ကင်းဝေးစေဖို့၊ ဈေးကွက်မှာ အာမခံနဲ့ ရောင်းချနိုင်ဖို့၊ နိုင်ငံတကာ ဈေးကွက်ထိ ခြေဆန့်နိုင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ GAP နဲ့ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုက်ရပါတယ်။ ။

## မြစ်ကြီးနားမြို့ဝင် ဘီးခွန်များကို သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်

**မြစ်ကြီးနား နိုဝင်ဘာ ၂၇**

မြစ်ကြီးနားမြို့ဝင် ဘီးခွန်ကောက်ခံရေးကို စည်ပင်သာယာရေးအဖွဲ့က လေလံစနစ်ဖြင့် ပေးထားပြီး သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံလာပါက တိုင်ကြားနိုင်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အခွန်ဌာနမှ သိရသည်။

